# သီတဂူဆရာတော်ဘုရား၏

# ငြိမ်းချမ်းရေးပြက္ခဒိန်

## တရားတော်

(မြို့ကြီးဂူသို့ဓမ္မခရီး)




မြင့်နိုးဆွေ
(မှတ်တမ်းတင်သည်)

# မြိုင်ကြီးငူသို့ဓမ္မခရီးစဉ်

နှင့်

# ငြိမ်းချမ်းရေးမြစ်နဒီ

## တရားတော်


**သီတဂူဆရာတော်**

**အရှင်ဉာဏိဿရ**


မြိုင်နန်းဆွေ မှတ်တမ်းတင်သည်။

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် ● (၇၇၃/၉၉) (၁၂)

အဖုံးခွင့်ပြုချက် ● (၆၅၆/၉၉) (၁၂)

အကြိမ် ● ပထမအကြိမ်
၂၀၀၀ခုနှစ်၊ဇန်နဝါရီလ

တန်ဖိုး ● ၂၁၀ ကျပ်

အုပ်ရေ ● ၁၀၀၀

ကွန်ပျူတာစာစီ ● ကိုတင်လှ၊
ကိုဝင်းချို၊ကိုသိန်းဝင်း

မျက်နှာဖုံးဒီဇိုင်းဖလင် ● ရွှေစိုးဟန်၊
လှထွန်းအောင်(A Group)

အတွင်းဖလင် ● ကိုကြည်စိုး

စာအုပ်ချုပ် ● စွယ်တော်

ထုတ်ဝေသူ ● မန်းဘညွှန့်ဖေ(ဉက္ကဋ္ဌ)
သစ်တောထိန်းသိမ်းရေး
မြိုင်ကြီးငူအထူးဒေသ၊

ပုံနှိပ်သူ ● ဒေါ်ရှုခင် (၀၅၄၄၉)
ဝင်းလိုက်မိတ်ပုံနှိပ်တိုက်
၃၅၂၊စရည်းပင်လမ်း၊သုဝဏ္ဏ
သင်္ဃန်းကျွန်းမြို့နယ်။

# မာတိကာ


၁။ မြိုင်ကြီးငူဆရာတော်၏ပန်ကြားစာ ၁

၂။ သီတဂူဆရာတော်၏ပန်ကြားစာ ၂

၃။ ငြိမ်းချမ်းရေးအခါတော်နေ့ ၄

၄။ မှတ်တမ်းတင်သူအမှာ ၁၆

၅။ ကြွလာစေချင်လွန်းလို့ ၁၈

၆။ ကြွမလာနိုင်ပြီကမင့် ၂၁

၇။ ကြွလာတော့မယ်ဆိုလို့ ၂၄

၈။ ဤသို့ကြိုဆိုပူဇော်သည် ၃၄

၉။ သီတဂူဆန်းလရောင်းဖျန်းလေပြီ ၅၅

၁၀။ တာလပေါ်ဖြင့်ကြိုနှင့်မယ် ၁၂၂

၁၁။ စကားကြွင်း ၁၂၈

၁၂။ ခန်းဆောင်အတွင်းမှအလင်းပုံရိပ်များ ၁၃၄

၁၃။ သီတဂူဆန်းလပမာ
ချမ်းမြမြသာစေသည်မှာ ၁၅၀

၁၄။ မေတ္တာဖြန်း၍လန်းရသည်မှာ ၁၆၀

၁၅။ ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏ဘုရား ၁၇၁

# သီတဂူဆရာတော်ဘုရားသို့

**ပန်ကြားအမှာစာလွှာပါဘုရား –**

သီတဂူဆရာတော်ဘုရား ဟောကြားချီးမြှင့်တော်မူသော **"ငြိမ်းချမ်းရေး မြစ်နဒီ"** တရားတော်သည် ဒီကေဘီအေများ၊ ပြည်တော်ဝင်များနှင့် သင့်လျော်၍ အံဝင်ခွင်ကျ မှတ်သားလိုက်နာ စံနမူနာ ယူသင့်သော တရားဖြစ်ပါသည်။

ထိုတရားတော်ကို စာအုပ် အဖြစ်ထုတ်ဝေဖြန့်ချိ၍ ကရင်ပြည်နယ်တစ်ဝန်းလုံး ဖြန့်ဝေသင့်ကြောင်း ပန်ကြား အမှာစာလွှာ လျှောက်ထားအပ်ပါသည်ဘုရား။

**ဦးသုဇန**
မြိုင်ကြီးငူဆရာတော်
(၈–၈–၉၉)

သို့
မြိုင်ကြီးငူဆရာတော်
မေတ္တာဖြင့် ပန်ကြားပါသည်-

"ငြိမ်းချမ်းရေး မြစ်နဒီ" တရားတော်ကို (၇)ရက်အတွင်း အပြီးအစီး တည်းဖြတ်၍ ပြန်ပို့ရန် ဟူသော တောင်းပန်စာကို ရသဖြင့် မြိုင်ကြီးငူဆရာ တပည့်များ၏ ဤတရားတော်အပေါ် နှစ်သက်ဆန္ဒ ပြင်းပြလှသည်ကို သိရသောကြောင့် ကျေနပ်ဝမ်းမြောက်ပါသည်။

တကယ်တော့ သီတဂူဆရာတော်၏ မြိုင်ကြီးငူ/မြိုင်ကလေးငူ သံလွင်မြစ်ဝှမ်း၊ ဂျိုင်းမြစ်ဝှမ်း၊ အတ္တရံမြစ်ဝှမ်း၊ သောင်ရင်းမြစ်ဝှမ်းဒေသများဆီက ညီအစ်ကိုမောင်နှမများဆီသို့ ဓမ္မခရီးဖြန့်ချီရန် စိတ်ဆန္ဒပြင်းပြင်းပြပြရှိနေသည်မှာ ကြာညောင်းလှသည် ဖြစ်ပေသည်။

သတ္တာ ဓမ္မဿ အဿဝနတာယ ပရိဟာယန္တိ=သတ္တဝါတို့သည် ဓမ္မကို မကြားရလို့ ဆုံးရှုံးနစ်နာနေကြကုန်၏။ ဆုတ်ယုတ်၍လည်းနေကြကုန်၏။ ဘဝိဿန္တိ ဓမ္မဿ အညာတာရော= ဓမ္မကိုကြားရလျှင် သိကြသူတို့၊ လက်ခံကြသူတို့၊ ကျင့်သုံးကြသူတို့ များစွာအကျိုးဖြစ်လိမ့်မည် ဆိုသည့် သဟာမ္ပတိ၏ တောင်းပန်ချက်ကို ကရင်ပြည်နယ်ရှိ ညီအစ်ကို မောင်နှမများ၏ တောင်းပန်ချက်အလား သဘောထားပါသည်။

လောကတ္ထစရိယ သာသနဟိတ အလုပ်တို့ဖြင့် ရှုပ်ယှက် ခတ်နေသော သီတဂူဆရာတော်မှာ ကြာမြင့်စွာသောကာလက အကြံအစည်ကို ယခုမှ အနည်းငယ်ကလေးမျှ သရုပ်ဖော်နိုင်ခဲ့သည်အတွက် အားမလိုအားမရ ဖြစ်ခဲ့ရပါသည်။ အနောတတ်အိုင်မှ ရေသည် ဘယ်တော့မှ

မပူမနွေး အစဉ်အေးလျက်ရှိသည်။ ဟိမဝန္တာတောင်တန်းကြီးများပေါ်က ဆီးနှင်းခဲကြီးများ ပျော်ကျစိမ့်ဝင်သောအခါ အနောတတ်ရေတို့ ဇမ္ဗူဒီပါ လောကဓာတ်သို့ အေးချမ်းစွာ စီးဆင်းပျံ့နှံ့ခဲ့ရသည်။

မြတ်ဗုဒ္ဓသည် အနောတတ်၊ မြတ်ဓမ္မသည် သီတာရေ၊ ဆီးနှင်းခဲတွေက ဓမ္မဒူတ၊ သို့သော် ဓမ္မဒူတတို့က ဓမ္မအနောတတ်ရေကို လောကဓာတ်အနှံ့ ထောင့်စေ့အောင် မဖြန့်ချိနိုင်ခဲ့သည်မှာ ဓမ္မဒူတတို့၏ အားနည်းချက်ပင် ဖြစ်ပါသည်။

သံလွင်သည်လည်း ဟိမဝန္တာကိုပင် မြစ်ဖျားခံပါသည်။ သံလွင်မြစ်ရေသည် အစဉ်အေးလျက် တသွင်သွင်စီးဆင်းနေသည်။ ရပ်နားသည်ဟူ၍မရှိ။ တောတောင် မြို့ရွာ၊ ဆင်းရဲချမ်းသာ ခွဲခြားမှုမရှိ ဖြတ်သန်းစီးဆင်းနေသည်သာ၊ ထိုနည်းတူစွာ သီတဂူဓမ္မဒူတခရီးကို ငြိမ်းချမ်းရေး မြစ်နဒီတစ်ဝိုက်က ညီအစ်ကို မောင်နှမများထံ နောက်တစ်ခေါက်ပြန်လည်ရောက်ရှိအောင် ကြိုးစားပါဦးမည့်အကြောင်း၊ ဤငြိမ်းချမ်းရေးမြစ်နဒီ တရားတော်သည် တကယ်ပြည့်စုံသောတရားတော် မဟုတ်သေး၍ ပိုမိုပြည့်စုံအောင် ရည်ရွယ်ထားပါသေးကြောင်း မေတ္တာလောင်း၍ တောင်းပန်အပ်ပါသည်။

သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ...

**ဘဒ္ဒန္တ ဉာဏိဿရ**
အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စစ်ကိုင်း

# ငြိမ်းချမ်းရေးအခါတော်နေ့

တရားချစ်ခင် သူတော်စင်အပေါင်းတို့ မြတ်ဗုဒ္ဓ၏ သာသနာ့သမိုင်းမှာ နယုန်လပြည့်နေ့ကို 'မဟာသမယနေ့'လို့ ထူးထူးမြတ်မြတ် သတ်မှတ်ပူဇော်ခဲ့ပါတယ်။ မဟာဝန ဆိုတဲ့ တောကြီးထဲမှာ မဟာသန္နိပါတဆိုတဲ့ ကြီးကျယ်မြင့်မြတ်တဲ့ အစည်းအဝေးကြီးတစ်ရပ် ကျင်းပခဲ့ပြီး အလွန် ထူးဆန်း မွန်မြတ်တဲ့ တရားတော်များကို ဟောခဲ့, နာခဲ့ကြရလို့ မဟာသန္တိသုခဆိုတဲ့ ငြိမ်းချမ်း မှုကြီးကို ရခဲ့ကြတဲ့ မဟာသမယ Significant Occasion of Great Assemble (သို့) The great occasion of peace of brotherhood ကြီးကျယ်သည့် အစည်းအဝေးကြီး ကျင်းပရာ ကြီးမြတ်သည့်အခါ (သို့) ကမ္ဘာ့ညီအစ်ကို မောင်နှမများ၏ 'ကြီးမြတ်သော ငြိမ်းချမ်းရေးနေ့' ပဲလို့ ဆိုရမှာ ဖြစ်ပါတယ်။

ကမ္ဘာဦး မဟာသမ္မတမင်းမှစပြီး မင်းစဉ်မင်းဆက် အစဉ်မပျက် ဆင်းသက်လာခဲ့ရာ ထောင်ပေါင်းများစွာသော မင်းတို့ကိုလွန်၍ ဩက္ကာက မင်းဆက်သို့ရောက်မှ သာကီ မင်းမျိုးနှင့် ကောလိယမင်းမျိုးဟူ၍ နေရာဒေသကိုစွဲကာ အမည်နှစ်မျိုးကွဲခဲ့ရာ မင်းဆက်ရာပေါင်းများစွာ လွန်သောအခါ ညီအစ်ကို မောင်နှမအရင်းတို့သည် အချင်းချင်း သွေးရင်း

သားရင်းများဖြစ်ကြောင်း ကောင်းစွာ မသိကြတော့ဘဲ ဖြစ်ခဲ့ရပါတော့တယ်။ ကျွန်းတောထဲမှာ မြို့ပြတည်ကာ အခြေချနေကြတဲ့ သာကီယဝံသ လူမျိုးတွေနဲ့ ကလော တောထဲမှာ မြို့ပြတည်ထောင်ကာနေကြတဲ့ ကောလိယဝံသ လူမျိုးတွေဟာ နယ်ခြားမျဉ်းဖြစ်တဲ့ ရောဟနီမြစ်က ရေကို မိုးခေါင်သည့် မိုးဦးကာလ လယ်ယာစိုက်ပျိုးရေးအတွက် ရေလုကြရာမှ စပြီး နှစ်ပြည်ထောင်စစ်ပွဲကြီးဖြစ်ဖို့ ခလုတ် တစ်ချက်နှိပ် အနေအထား၊ စစ်သေနာပတိ၏ စစ်မိန့် ပေးသံကို စစ်သားတို့ နားစွင့်နေကြသည့် အနေအထားမှာ မြတ်ဗုဒ္ဓ ကြွတော်မူခဲ့ရပါတယ်။ ဟိမဝန္တာမှာ ဖြစ်ဖျားခံသည့် ရောဟိနီမြစ် သည်လည်း နှစ်ပြည်ထောင် ဆွေမျိုးသားချင်းတို့ ငြိမ်းချမ်းစွာ နေကြဟော့လို့ ပြောနေသည့်အလား ဟိမဝန္တာ အနဝတတ်ရေအိုင်မှ လျှံထွက်သည့်ရေတို့ကို သယ်ဆောင် ကာ နှစ်ပြည်ထောင်အကြားမှာ အေးချမ်းစွာ စီးသွားနေပါ တယ်။ သို့သော် ရောဟိနီမြစ်သည် ကမ်းနားတစ်လျှောက်က လယ်သမားတို့၏ အလိုဆန္ဒကို လိုသလောက် မဖြည့်စွက် နိုင်ခဲ့ပါ။ လူတို့၏ လောဘကား ဘယ်တော့မှ မပြည့်နိုင်တဲ့ ပင်လယ်နှင့်လဲတူတယ်။ တိုးမီး, တွေ့မိရာ အကုန်ဝါးသည့် တောမီးနှင့်လဲတူတယ်။

သာကီဝင် လယ်သမားနှင့် ကောလိဝင်လယ်သမားများ ရေလုရာကစ၍ ကျေးရွာ၊ နိဂုံး၊ တိုက်နယ်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ နေပြည်တော်၊ ရွှေနန်းတော် ဘုရင်မင်းတရားများ အထိ အဆင့်ဆင့်ကူးစက်ကာ အမှိုက်ကစ ပြာသာဒ် မီးလောင်သလို ကြီးကျယ်သည့် နှစ်ပြည်ထောင်စစ်ပွဲကြီး ဆင်နွှဲဖို့ အဆင်သင့်ပြင်နေကြပါတယ်။ သာကီဝင်တို့ဘက်က ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်စံဝင်ပြီးလို့ မဟာနာမ်

မင်းအုပ်ချုပ်ချိန်, ကောလိယတို့ဘက်က ဘိုးတော်အဥ္စန မင်းကြီး နတ်ရွာစံပြီး သုပ္ပဗုဒ္ဓမင်း အုပ်ချုပ်လို့ထင်ရပါတယ်။ နှစ်ဘက်စလုံးမှာ သူတော်ကောင်းတရားကင်းပြီး ကိလေသာ တွေ, ဒေါသ, မာနတွေနဲ့ အံတင်းနေကြပါတယ်။ ရန်ဖြစ်ရတဲ့ အကြောင်းရင်း ဝိဝါဒ, ကလဟတို့ရဲ့ ဇာစ်မြစ်ကိုမသိကြဘဲ စစ်ပြင်ကြခြင်းသာ ဖြစ်ပါတယ်။ လူ့ဘဝဇာတ်ခုံမှာ ဖြစ်ရတဲ့ ပြဿနာတွေက အစုံပါဘဲ။

သမ္မာဒိဋ္ဌိဆိုတာ Right understanding of problems of human life လူသားတွေရဲ့ ဘဝ ပြဿနာကို မှန်ကန်စွာ သိမြင်နားလည်ခြင်း ဖြစ်ပါတယ်။ ဒီနှစ်ပြည်ထောင်ကြားမှာ ပြဿနာက ရေပါပဲ။ နောက် မှန်ကန်စွာသိရမှာကဘာလဲဆိုတော့ 'ပြဿနာရဲ့ အကြောင်း အရင်းလိုတယ်' ဆိုတာပါပဲ။ ဒါကြောင့် သမ္မာဒိဋ္ဌိ Right understanding of sources of human problems လူ့ဘဝပြဿနာရဲ့ အကြောင်းရင်း လိုတယ်ဆိုတာကို မှန် ကန်စွာ နားလည်ဖို့ပါပဲ။ ဘဝပြဿနာနှင့် ဘဝပြဿနာတို့ရဲ့ အကြောင်းရင်းကို နားမလည်ခဲ့ရင် ဒီပြဿနာတွေ ဖြေရှင်း နည်းကိုလဲ နားလည်ဖို့ ခက်ပါတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓရဲ့ ဆွေမျိုးသားချင်းတွေဟာ မြတ်ဗုဒ္ဓနှင့် မြတ်ဓမ္မကို မျက်နှာ လွှဲကြလျက် လယ်သမားနှစ်ဦး ရေရလိုသည့် ပြဿနာကို စစ်ခင်း၍ ဖြေရှင်းကြဖို့ လုပ်ကြတာဖြစ်ပါတယ်။ တတိယ သမ္မာဒိဋ္ဌိက ဘဝပြဿနာကို နည်းလမ်းမှန် ဖြေရှင်းခြင်း To understand rightly how to solve the problems ဖြစ်ပါတယ်။

ဆွေမျိုးတို့ရဲ့ ငြိမ်းချမ်းရေးကို ဆောင်ရွက်တော်မူလို၍ ကြွတော်မူလာသော ဗုဒ္ဓမြတ်စွာသည် ဆွေမျိုးများ ညီအစ်ကို

မောင်နှမများ ငြိမ်းချမ်းစွာနေကြဖို့ ငြိမ်းချမ်းရေးနဲ့ ညီညွတ်တဲ့ တရားများကို ငြိမ်းချမ်းရေးမြစ်၏ ကောင်းကင်မှာနေပြီး ဟောကြားတော်မူခဲ့ပါတယ်။ ညီအစ်ကို မောင်နှမအပေါင်းတို့ သင်တို့ ငါတို့သည် ဘိုး၊ ဘေး၊ ဘီ၊ ဘင် မင်းစဉ်မပျက် တစ်သွေး တစ်သားတည်း ဆင်းသက်လာခဲ့ကြတဲ့ သွေးရင်း သားရင်း ညီအစ်ကို မောင်နှမအရင်းများ ဖြစ်ကြပါတယ်။ အကြောင်းရင်း မစူးစမ်းဘဲ မဆင်မခြင် မပြုကြနှင့်။

'ကမ္ဘာမြေကြီးများ ပြိုလေလျှင် ဘယ်လိုများနေမလဲ' လို့ အကြောင်းမဲ့သွေးပြီး ကြောက် နေတဲ့ ယုန်ကလေးအနီးက ထန်းရွက်ခြောက်ပေါ်မှာ ဥသျှစ်သီးကြွေကျသည်ကို ကမ္ဘာမြေကြီး ပြိုသွားပြီအထင်နှင့် လန့်၍ပြေးနေသော ယုန်ကလေး၏ 'မြေပြိုတယ်' ဆိုတဲ့အသံကို ကြားကာမျှဖြင့် တောတိရစ္ဆာန်တွေ အဆင့်ဆင့်လိုက်ကာ တစ်အုပ်ကြီးပြေးကြတော့ တောကြီးပျက်လုနီးပါး ဖြစ်ခဲ့ဖူးတယ်။ ကိုယ်တိုင်ကြား, မြင်,သိ မဟုတ်ဘဲ သူတစ်ပါး ပြောသံကြားကို အလေးဂရုပြု သူတို့သည် ပရပတ္တိ-သူတစ်ပါးဖို့ချည်း ဖြစ်သည်လို့ ဒုဒ္ဒုဘဇာတ်မှာ မိန့်ဆိုထားပါတယ်။ မြစ်ကလေး ခြားနားနေတာနဲ့ လူမျိုးခြားများ မဟုတ်ကြဘူး။ သွေးသားရင်းများဖြစ်ကြောင်း အရင်း အမြစ်ကို သိအောင်လုပ်ကြ၊ ပြဿနာရဲ့ အကြောင်းအရင်း ဟာလဲ တန်ဖိုးနည်းလှတဲ့ ရေကလေးတစ်ပေါက်ပဲ လူတို့ရဲ့ သွေးတစ်စက်လောက်မျှ တန်ဖိုးမရှိပါဘူး။ ဝိဝါဒ၏ အကြောင်းရင်းကို သိအောင်လုပ်ကြဟု ဒုဒ္ဒုဘဇာတ်ဖြင့် ဆုံးမတော်မူပါတယ်။

တရားချစ်ခင် သူတော်စင်အပေါင်းတို့ ငုံးတွေ ထောင် ပေါင်းများစွာဟာ အချင်းချင်း ဝမ်းမြောက်ဝမ်းသာ ရှိကြ တုန်းက မုဆိုး ပစ်အုပ်သည့် ပိုက်ကွန်ကို တစ်ညီတည်း

မ,ယူကာ သေဘေးမှ လွတ်မြောက်ခဲ့ကြတယ်။ အချင်းချင်း ဝမ်းမသာနိုင်ကြ၊ ညီညွတ်မှု မရကြတဲ့အခါ ပိုက်ကွန်ကို မ,နိုင်သည့် အင်အားမရှိတော့တဲ့အတွက် အားလုံးသေဆုံးကြရတယ်။ ဒါ့ကြောင့် ဝမ်းသာ ကျေနပ်အောင်နေကြ။ အချင်းချင်း ဝမ်းမြောက်နေကြမှ ညီညွတ်တဲ့ ခွန်အားကိုရမယ်။ အဲဒါမှ တကယ့်ခွန်အား မုဆိုးဟာ နှောင့်ယှက်ဖို့ အမြဲစောင့်ပြီး ချောင်းနေတယ်။ တစ်ယောက်နဲ့ တစ်ယောက် ဝမ်းမြောက် ဝမ်းသာဖြစ်အောင် မနေတတ်ရင် မုဆိုးအစာ ဖြစ်တတ်တယ်ဟု သမ္မောဒမာန ဇာတ်တော်ဖြင့် ဝမ်းမြောက်စွာ နေနည်း, ရှုနည်းကိုလည်း ဆုံးမတော်မူပါတယ်။

တရားချင်ခင် သူတော်စင်အပေါင်းတို့ သစ်ပင်တို့သည် ငယ်ပင်ငယ်သော်လည်း အချင်းချင်း မှီကပ်၍ ကြပ်ညပ်စွာ ပေါက်ရောက်နေပါလျှင် လေပြင်းမုန်တိုင်း တိုက်ခတ်သော်လည်း မပြိုလဲနိုင်ပါ။ ကြီးမားသော သစ်ပင်ကြီးသည် လွင်ပြင်မှာ တစ်ပင်တည်း ပေါက်ရောက်နေခဲ့သော် လေပြင်း တိုက်ခတ်၍ ပြိုလဲနိုင်ပါသည်။ ထိုနည်းတူစွာ အင်အားပင် ကြီးမားသော်လည်း စည်းလုံးညီညွတ်မှုမရှိခဲ့သော် ရန်သူတို့ လွယ်ကူစွာ တိုက်ခိုက် ဖြိုဖျက်နိုင်တယ်။ ဒါကြောင့် ထိထိစပ်စပ် စိစိညပ်ညပ် ပေါက်နေတဲ့ တောအုပ်ကြီးလို အချင်းချင်း သွေးသားအရင်းပီသစွာ ကျောချင်း ရင်ချင်း ကပ်နေကြဖို့ကို ရုက္ခဓမ္မဇာတ်တော်ဖြင့် ဆုံးမတော်မူပါတယ်။

တရားချစ်ခင် သူတော်စင်အပေါင်းတို့ လူတို့ပြုဖွယ်ရာ အရာရာသော ကိစ္စတိုင်းမှာ ခွန်အားသုံးလျှင် ပြီးစီးတယ်လို့ ခွန်အားကြီးသူတို့ ယူဆကြတယ်။ အဲဒါ တကယ်မမှန်ဘူး။ ဗာလခေါ်ဆို ထိုပုဂ္ဂိုလ်တို့အတွက် ထိုခွန်အားသည် ခွန်အား သုံးတဲ့ ဗာလကို ပြန်သတ်ဖို့ ဖြစ်တတ်တယ်။ လယ်ထဲက

ထယ်ခဲကြားမှာနေတဲ့ ဘီလုံးမလေးက လမ်းလျှောက်လာတဲ့ ဆင်ပြောင်ကြီးကို တောင်းပန်ရှာတယ်။ ထယ်ခဲကြားမှာ သူမရဲ့ သားကလေးတွေ ရှိနေပါတယ်။ အတောင်မပေါက် သေးလို့ မပျံနိုင်သေးပါဘူး၊ အရွယ်မရောက်သေးတဲ့ ငှက်ငယ် လေးတွေကို မနင်းမိအောင် ရှောင်ကွင်းသွားဖို့ ရိုရိုကြိုးကြိုး ပြောပါတယ်။ ဒါပေမယ့် ဆင်ပြောင်ကြီးက သူ့ရဲ့ခွန်အားကို အားကိုးမာန်ရစ်ပြီးတော့ ဗီလုံးငှက်မလေးရဲ့ တောင်းပန် စကားကို အလေးမထားဘဲ 'ငါ့လမ်းငါလျှောက် ဘယ်ရောက် ရောက်ပေါ့'ဆိုကာ အတောင်မပေါက်သေးတဲ့ ငှက်ငယ် ကလေးများကို နင်းသတ်သွားခဲ့လို့ ငှက်ငယ်ကလေးများ သေဆုံးခဲ့ကြရရှာတယ်။

အဲဒီတော့ ပြဿနာတွေရဲ့ အကြောင်းအရင်းတွေဟာ လောဘ, ဒေါသ, မောဟ, မာနတွေပါပဲ။ မိမိသန္တာန်မှာ ဖြစ်တဲ့ ကိလေသာတွေကို မိမိကိုယ်တိုင် သိမြင်နားလည်တဲ့ အခါ မိမိကိုယ်ကိုယ်ဉ်ကျေးစေဖို့ အတ္တဒန္တသုတ်၊ မိမိကိုယ်ကို မိမိကိုယ်တိုင် ဒဏ်ထားဖို့ မိမိ၏ လက်ကိုင်ဒုတ် တောင်ဝှေး သဖွယ် သုံးစွဲဖို့ အတ္တဒန္တသုတ်၊ မိမိတို့၏ ကောင်းကျိုး ချမ်းသာ များသည် မိမိတို့၏ ကောင်းကျင့်ကောင်းမှုများ ကြောင့် ဖြစ်ကြရတယ်။ မိမိတို့၏ ကောင်းကျိုး ဆိုးပြစ် ဆင်းရဲဒုက္ခ ဘေးရန်များသည် မိမိတို့ မကောင်းမှု အကျင့်ဆိုး များ ကြောင့်ပင် ဖြစ်ကြရတယ် စသည့်သဘောများကို အတ္တဒန္တသုတ်ဖြင့် ဆုံးမတော်မူရာမှာ သာကီယနှင့် ကောလိယ နှစ်ပြည်ထောင် ဖြစ်လုနီးပါး စစ်ပွဲကြီးရဲ့ တင်းမာမှုများဟာ နူးညံ့ ပျော့ပြောင်းခြင်းသို့ ပြောင်းခဲ့ ရပါတယ်။ ဒေါသ, မာနတွေ ကျဆင်းသွားတော့ ဆွေရင်း မျိုးရင်း သွေးရင်းသားရင်း ညီအစ်ကို မောင်နှမရင်းများ

ဖြစ်ကြောင်း ကောင်းစွာ သိကြပြီး လက်နက်များကို ရောဟိနီမြစ်ထဲမှာ မျှောချ, နောင်တော် မြတ်ဗုဒ္ဓကို ဦးနှိမ်ချ ငြိမ်းချမ်းရေးကို ရယူခဲ့ကြပါတယ်။

အပြီးတိုင် ငြိမ်းချမ်းရေးအရယူဖို့ တစ်ဘက် (၂၅၀) စီသော စစ်သည်တော် မင်းမျိုးတို့ ရဟန်းပြုခဲ့ကြပါတယ်။ အဲဒီ သာကီဝင် ကောလိယဝင် ရဟန်း ငါးရာတို့ကို ဟိမဝန္တာ ကုဏာလရေအိုင်အနီးမှာ ကုဏာလဇာတ်ကို ဟောခြင်းဖြင့် သာသနာတော်၌ စွဲမြဲစွာ ပျော်နေ စေခဲ့ပါတယ်။ နယုန် လပြည့်နေ့မှာတော့ မဟာဝနဆိုတဲ့ ကပိလဝတ်အနီး ဟိမဝန္တာတောင်ခြေက တောကြီးထဲမှာ ရဟန်းငါးရာလုံး အပြီးတိုင်ငြိမ်းချမ်းရေး သန္တိသုခကို အပိုင်ရ၍ ရဟန္တာ ဖြစ်ကြပါတယ်။ ထိုစစ်ပြေငြိမ်းသည့် စစ်သည်တော် ဘဝ ပြောင်း သာကီယ–ကောလိယ မင်းမျိုးရဟန်းငါးရာနှင့် မရေ မတွက်နိုင်သော နတ်ဗြဟ္မာများ သက်ရှိမြတ်စွာဘုရားနှင့် နိမ္မိတ ဘုရားတို့ရဲ့ ကြီးမြတ်တဲ့ အစည်းအဝေးကြီးကို ဒီနယုန်လပြည့်နေ့မှာ ဆင်ယင်ကျင်းပတော် မူကြပြီး ဘုရား နှစ်ဆူတို့ အချင်းချင်း အပြန်အလှန် ဆွေးနွေးဖြေကြား တော်မူကြကာ တရားဒေသနာ (၆)မျိုးကို ဟောကြားတော် မူခဲ့ပါတယ်။

ယခုလို ကြီးကျယ်မွန်မြတ်တဲ့ ဖြစ်ရပ်ကြီးများကို မဟာ သမယခေါ်ပါတယ်။ အဲဒီဖြစ်ရပ်ကြီးများ ဖြစ်ပေါ်ခဲ့ရာနေ့ကို 'မဟာသမယနေ့' လို့ ခေါ်ပါတယ်။ ဥပမာပြောရရင် မြန်မာ တိုင်းရင်းသား တိုင်းရင်းသူ ညီအစ်ကို မောင်နှမတွေဟာ ပင်လုံမှာ စည်းလုံးညီညွတ်ခဲ့ကြပြီး လွတ်လပ်ရေး ရယူခဲ့ ကြတော့ ဖေဖော်ဝါရီလ (၁၂)ရက်နေ့နဲ့ ဇန်နဝါရီ(၄)ရက်

တို့ဟာ မြန်မာတို့ ဘယ်တော့မှမေ့ပျောက်မရတဲ့ မဟာသမယ နေ့များပါပဲ။ ဇူလိုင်လ(၄)ရက်နေ့ဟာ အမေရိကန်တို့ နှစ်ပေါင်းများစွာ အချင်းချင်းတိုက်ခိုက်သတ်ဖြတ်လာရာက ငြိမ်းချမ်း ညီညွတ်ကြပြီး လွတ်လပ်ရေးရယူကာ ပြည်ထောင်စုကြီး တည်ဆောက်ခဲ့တဲ့နေ့ဟာလည်း အမေရိကန်တွေရဲ့ မဟာသမယပဲ ဖြစ်ရမှာပါ။ ရှင်ဘုရင်တွေက Land ဆိုတဲ့ မြေကြီးတွေ နယ်မြေတွေကို လက်တကမ်း လက်လမ်းမီရာ သိမ်းပိုက်စိုးစံခဲ့တဲ့ အင်္ဂလန်၊ အိုင်ယာလန်၊ စကော့တလန် စတဲ့ ကျွန်းကလေးတွေပေါ်မှာ The Act of Union ဆိုတဲ့ ညီညွတ်ရေး ဥပဒေတစ်ခုကို စုပေါင်းရေးဆွဲခဲ့ကြပြီး ရှင်ဘုရင်တစ် ယောက်တည်း ဝန်ကြီးချုပ် တစ်ယောက်တည်း ပါလီမန်တစ်ခုတည်း ဝါဒတစ်ခုတည်းမှာ ပေါင်းစု ညီညွတ်ကြပြီး United Kingdom ညီညွတ်သော ဘုရင့်နိုင်ငံတော်ကို စတင်ခဲ့ကြတဲ့ ၁၈၀၀ ခုနှစ်များလည်း အင်္ဂလန်တို့သမိုင်း မမေ့နိုင်တဲ့ မဟာသမယဘဲဖြစ်မှာပါ။

ကမ္ဘာအနှံ့ဖြစ်ပွားခဲ့တဲ့ ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ နိုင်ငံပေါင်းစုံ ပါဝင်ဖွဲ့စည်းခဲ့တဲ့ United nations ကုလသမဂ္ဂ အဖွဲ့ကြီးဟာလည်း World Peace = ကမ္ဘာ့ငြိမ်းချမ်းရေး၊ World Security = ကမ္ဘာ့လုံခြုံရေး၊ International Cooperation = တိုင်းပြည်အသီးသီး လူမျိုးအသီးသီးတို့ ပူးပေါင်းညှိနှိုင်းဆွေးနွေးရေး၊ International Brother hood Spirit = ကျယ် ပြန့်တဲ့ ဆွေမျိုးသားချင်း စိတ်ဓာတ် တွေမွေးပြီး အချင်းချင်းလက်တွဲ ဆောင်ရွက်ရေးစတဲ့ ရည်ရွယ်ချက်တွေနဲ့ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာ (၂၄)ရက် နေ့မှာ ဖွဲ့စည်းခဲ့တယ်။ အဲဒီလို တိုင်းပြည်နိုင်ငံအားလုံး ညီညွတ်ငြိမ်းချမ်းတဲ့ ကုလသမဂ္ဂနေ့ကြီးဟာလဲ Great

Occation of Unite Nations = ကုလသမဂ္ဂမဟာသမယနေ့ကြီးလို့ ဆိုရမှာပါဘဲ။ သို့သော်–

အထက်နားမှာ ပြောခဲ့တဲ့ ညီညွတ်သောအခါတော်နေ့၊ ငြိမ်းချမ်းသော အခါတော်နေ့၊ လွတ်လပ်သောအခါတော်နေ့များဟာ လောကီနယ်မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေနဲ့သာ လုံးထွေးရစ်ပတ် သတ်မှတ်ထားကြတာတွေဖြစ်နေတဲ့အတွက် အကြောင်းရင်းမှန်ကို မသိယောင်ဆောင်မှု၊ သူတစ်ပါးကို အပြစ်ဖို့တင်မှု၊ မိမိကိုယ်ကို အမှန်ထား ရှေ့တန်းတင်မှု၊ တင်းမာမှု၊ ပူပန်မှု၊ မကျေနပ်မှု၊ အတိုင်းအတာနှင့်စည်းကမ်းမဲ့ လိုလားမှုတွေ ပြည့်၊ ဒုက္ခ တွေ ဘဝဂ်ထိနေကြပါတယ်။ အဲဒါကြောင့် သာကီယမင်းနှင့် ကောလိယမင်းတို့က မြတ်ဗုဒ္ဓ နှစ်ဆူကို သဘာပတိထား နတ်ဗြဟ္မာများစွာ တက်ရောက်မဲ့ မဟာသမယ=ကြီးကျယ်မြင့်မြတ်တဲ့ အပြီးတိုင် ငြိမ်းချမ်းရေး အခါတော်နေ့ ကျစ်လစ်ခိုင်မာတဲ့ ဘယ်တော့မှ မပြိုလဲဘဲ သန္တိနိဗ္ဗာန်ဟူသော တစ်ခုတည်းသော ရည်မှန်းချက် ပန်းတိုင်ထားပြီး အရဟတ္တဖိုလ်စိတ်တစ်စိတ်တည်းပေါ်မှာ တည်ဆောက်ထားတဲ့ တကယ့်ညီညွတ်သော အခါတော်နေ့ကြီးကို အပြန်အလှန် သုံးသပ်ကြဖို့ အလေးအနက်နှိုးဆော်ပါတယ်။

အပြီးတိုင် ခိုင်မြဲသည့်ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးအောင်ပွဲရ၊ ငြိမ်းချမ်းသူ၊ ညီညွတ်သူတို့ စည်းဝေးကြသည့်ဤမဟာသမယနေ့မှာ မြတ်ဗုဒ္ဓက လောက၏ပြဿနာ၊ ဘဝ၏ပြဿနာ တို့ကို ဖြေရှင်းဖို့နှင့် လောကဘဝ စရိုက်ကောင်းများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တရားဒေသနာ ၆မျိုး (၆)မျိုး ဟောကြားတော်မူခဲ့ပါတယ်။

၁။ ရယူလိုခြင်း၊ သိမ်းပိုက်လိုခြင်း၊ ပိုင်ဆိုင်ထားလိုခြင်း ဆိုတဲ့ လောကပြဿနာ၏ အကြောင်းရင်း မူလ 'လောဘတဏှာ'ကို ပယ်စွန့်ဖို့ သမ္မာပရိနိဗ္ဗာနိယသုတ်ကို ဟောတော်မူခဲ့ပါတယ်။

၂။ ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၊ ကွဲပြားခြင်း၊ ညှင်းဆဲခြင်းဆိုတဲ့ ဘဝပြဿနာ၏ အကြောင်း ရင်းမူလ 'ဒေါသ၊ အာဃာတ'ကို ပယ်သတ်ဖို့အတွက် ကလဟ ဝိဝါဒ သုတ်တော် ကို ဟောတော်မူခဲ့ပါတယ်။

၃။ ဘဝပြဿနာအထွေထွေနှင့် သူ၏အကြောင်းရင်းတို့ကို အမှန်အတိုင်း မသိ၊ နားမလည်နိုင်မှုဟူသော 'အဝိဇ္ဇာ၊ မောဟ'ကို ပယ်စွန့်နိုင်ဖို့ မဟာဗျူဟာသုတ်ကို ဟောတော်မူခဲ့ပါတယ်။

၄။ ထောက်တည်မရ၊ ဦးတည်ရာမရှိ၊ အကြောင်းအကျိုးမဲ့ တွေးတောကြသည့် တက္ကိဝါဒီ အတွေးအခေါ်သမား တို့၏ လေတိုက်ရာလွင့်သည့် မိုးတိမ်ကဲ့သို့သောစိတ်ကို ထောက်တည်ရာရ၊ ငြိမ်သက်ကြစေဖို့ စူဠဗျူဟ သုတ်တော်ကို ဟောတော် မူခဲ့ပါတယ်။

၅။ စိတ်နူးညံ့သူ၊ ယုံကြည်မှု၊ ကြည်ညိုမှု၊ သဒ္ဓါအား ကောင်းသူတို့အတွက် ယုံကြည်မှု၊ ကျေနပ်ကြည်ညိုမှု တို့ဖြင့် ပြည့်နေသောစိတ်ကို 'သဒ္ဓါ၊ ပညာ'တို့ဖြင့် မတိမ်း မစောင်း ထိန်းကြောင်းဖို့အတွက် တုဝဋက သုတ်တော်ကို ဟောတော်မူခဲ့ပါတယ်။

၆။ ဝေဖန်စိစစ်ခြင်းများပြီး ယုံကြည်မှုအားနည်းကြသည့် ပညာတတ်များ၏ စိတ်ကို တည်ကြည် တည့်မတ်စေဖို့ ပုရာ ဘေဒသုတ်တော်ကို ဟောတော်မူခဲ့ပါတယ်။

တရားချစ်ခင်သူတော်စင်အပေါင်းတို့ ဤသို့လျှင် အလွန်မှတ်သားဖွယ်၊ ကြည်နူးဖွယ် ကောင်းသည့် တရား

ဒေသနာ (၆) သုတ်တို့ကို နယုန်လပြည့် မဟာသမယ အခါတော်နေ့မှာ လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါများစွာတို့ နာကြားခွင့် ရရှိကြသဖြင့် များစွာသော အကျိုးကျေးဇူး ရကြ၊ အပြီးတိုင် ညီညွတ်ကြ၊ ငြိမ်းအေးကြရသလို လောကပြဿနာ ဘဝပြဿနာတို့၏ အကြောင်းရင်းတို့ကို အမှန်သိအောင်ရှာ၊ မဟာသမယသုတ္တန် (၆)မျိုးမှာ လာသည့်နည်း (၆)ပါးတို့ဖြင့် ဘဝပြဿနာတို့ကို ဖြေရှင်း နိုင်ကြပါစေ။ အလွန်ခိုင်မြဲညီညွတ်မှု Consolidated progress တို့ကို လောက၏ဆရာ မြတ်ဗုဒ္ဓဆုံးမသည့် သာသနာတော်မှာ ရယူနိုင်ကြပါစေဟု မဟာသမယ အခါတော်နေ့မှာ မဟာဓမ္မပဏ္ဏာနာဆုကောင်းစွာ တောင်း လိုက်ရပါကြောင်း သူတော် ကောင်းအပေါင်းတို့။

**နဟိဝေရေန ဝေရာနိ၊**
**သမ္မန္တီဓ ကုဒါစနံ။**
**အဝေရေန ကုဒါစနံ၊**
**ဧသ ဓမ္မော သနန္တနော။**

ဤလောက၌ ရန်တို့သည် ရန်တုံ့ပြန်ခြင်းဖြင့် ငြိမ်းရိုးထုံးစံ မရှိကြပေ။ ရန်တို့သည် ရန်တုံ့ပြန်မှုမပြုကြမှ ငြိမ်းရိုးထုံးစံ ရှိကြကုန်၏။ ဤသဘောသည် ရှေးရိုး ရှေးဟောင်း သူတော် ကောင်း ကျင့်စဉ်ဖြစ်၏။

Hatreds never cease through hatred in this world; through love alone they cease. This is an eternal law.

**သုသုခံ ဝတ ဇီဝါမ၊**
**ဝေရိနေသု အဝေရိနော၊**
**ဝေရိနေသု မနုဿေသု၊**
**ဝိဟာရာမ အဝေရိနော။**

ရန်ပြုကြသူတို့ လူတို့အလယ်၌ ရန်မပြုကြသော ငါတို့သည် အလွန်ချမ်းသာစွာ အသက် ရှင်ကြရကုန်၏။ ထို့ကြောင့် ရန်ပြုကြသူ လူတို့အလယ်၌ ရန်မပြုဘဲ နေကြပါကုန်စို့။

We live happily indeed; friendly amongst hateful amidst hateful men; we dwellnmhateful.

ဘဒ္ဒန္တ ဉာဏိဿရ
အဂ္ဂမဟာပဏ္ဍိတ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
သဒ္ဓမ္မသီတဂူချောင်၊ စစ်ကိုင်းတောင်ရိုး

# စာရေးသူအမှာ

မြိုင်ကြီးငူဒေသသည် ရေးအထက်ကျော်ကာရီက တောကြီးမျက်မည်းအတိ ဖြစ်ခဲ့သည်။ လွန်ခဲ့သော ၂၆-နှစ်ခန့်က နန်းဦး ဘေးမဲ့တောရကျောင်းအဖြစ် မြိုင်ကြီးငူ ဆရာတော် တောရဆောက်တည်မှုဖြင့် စတင်ခဲ့သည်။ လွန်ခဲ့သော ၅-နှစ်မှစ၍ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသော ဒုက္ခသည်များ ပြန်လည်ဝင်ရောက်လာသည်မှစ၍ လူဦးရေ ငါးသောင်းကျော်တို့ နေထိုင်သော မြို့ပြပြည့်ရွာအဖြစ်သို့ ရောက်ရှိခဲ့သည်။ မြိုင်ကြီးငူ ဆရာတော်သည် "ဆွေမျိုးတွေ စုံစုံညီညီ လာရောက်ပေါင်းဆုံပြီး မြိုင်မြိုင် ဆိုင်ဆိုင်ဖြင့် နှံ့သာနံ့လို သင်းပျံ့လှိုင်ကြူစေခြင်းငှာ" နိမိတ်ယူ၍ "စုံနံ့သာမြိုင်ဆွေမြို့တော်"ဟု သမုတ်တော်မူခဲ့သည်။

သမုတ်တော်မူခဲ့သည့်အတိုင်း ပြည်တော်ဝင် ဆွေမျိုးများ စုံညီစွာဖြင့် ဗုဒ္ဓသာသနာ့ရောင်ဝါအောက်ဝယ် ချမ်းမြေ့ကြည်နူးစွာ နေထိုင်ပျော်မွေ့နေပြီဖြစ်သည်။ သို့ရှိစဉ် မြိုင်ကြီးငူ ဆရာတော်သည် သီတဂူဆရာတော် ဘုရားကြီးကဲ့သို့သော မဟာဓမ္မကထိက အကျော်အမော် ကမ္ဘာကျော် ဆရာတော် ဘုရားကြီး၏ တရားဓမ္မ ဩဝါဒများကို ပြည်တော်ဝင်တို့အား နာကြားစေလိုသော ဆန္ဒတော် ပြင်းပြခဲ့သည့်အလျောက်

မဖြစ်မနေ ကြိုးပမ်းခဲ့သဖြင့် ဓမ္မသဘင်ပွဲ ဆင်ယင်ကျင်းပ နိုင်ခဲ့သည်။

တစ်ချိန်တုန်းက သောင်းကျန်းသူများ စိုးမိုးရာ နယ်မြေဖြစ်ခဲ့သော်လည်း ယနေ့အချိန်တွင် ငြိမ်းချမ်းသော နယ်မြေအဖြစ်သို့ ရောက်ရှိပြီး ဖွံ့ဖြိုးတိုးတက်စပြုနေသော ဤအရပ် ဒေသဝယ် ကမ္ဘာကျော် မဟာဓမ္မကထိက သီတဂူ ဆရာတော်ဘုရားကြီး၏ ဓမ္မသဘင် ဆင်ယင် ကျင်းပနိုင် သောအဖြစ်ကို နောင်အစုအစဉ် ဥဒါန်းတစ်ရပ် တွင်ကျန် ရစ်စေရန် မှတ်တမ်းပြုထားသင့်ကြောင်း အားလုံး ဆန္ဒ ရှိသည်နှင့်အညီ မြိုင်ကြီးငူဆရာတော် ဘုရား၏ ညွှန်ကြား ချက်အရ မှတ်တမ်းပြုစုထားခြင်း ဖြစ်ပေသည်။

မြိုင်နန်းဆွေ

# ကြွလာမေချင်လှန်းလို့

လွန်ခဲ့သော သုံးနှစ်လောက်ဆီက ဆောင်းဦးအစ တစ်နေ့တွင်ဖြစ်သည်။

မြိုင်ကြီးငူဆရာတော်သည် ရောဝတီတိုင်း ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာရှိ ကမာပို ရေးဟောင်း စေတီပျက်ကို ပြုပြင်ရန် စီစဉ်အပြီး အပြန်ခရီးဖြစ်သော ဒေးဒရဲမြို့ ကားကူးဇက်ဆိပ်တွင်ဖြစ်သည်။

လူအများ စုရုံး ရောက်ရှိနေကြသည်။ အသွားခရီး တုန်းကမူ ဤလူစုကို မတွေ့ခဲ့ရ။ အပြန် သည်ခရီးတွင်မှ အမြင်ဆန်းစွာတွေ့ရသည်။ တွေ့ရသမှ နည်းနည်းနောနော လူအုပ်ကြီးမဟုတ်။ ယောဂီတဘက်ကိုယ်စီနှင့် ဝတ်ကောင်း စားလှတွေနှင့် ဖြစ်သည်။ တစ်ဖက်ကမ်းမှ ကူးလာမည့် ကားကူး ဇက်ရေယာဉ်ကို စောင့်မျှော်ကြိုဆိုနေကြသည်။ မြိုင်ကြီးငူဆရာတော်တို့ကား ရောက်သည်အထိ ဇက်ရေယာဉ် ရောက်မလာသေး။ စောင့်ရင်း ကြိုဆိုနေသူများအား မေးမြန်း ကြည့်ရသည်။

"သီတဂူ ဆရာတော် ကြွရောက် တရားဟောမည် ဆိုသဖြင့် လာရောက် ကြိုဆိုနေခြင်းဖြစ်ကြောင်း" သိရှိ ရသည်။

'တိုင်းရက်သည့်ပက္ကလာ မိုးရွာသည်နှင့် အဆင်သင့် ဖြစ်ရတော့သည်'ဟု မြိုင်ကြီးငူဆရာတော် တွေးမိသည်။

ဟုတ်သည်လေ...

မိမိတို့ မြိုင်ကြီးငူဒေသမှာ မဟာဓမ္မကထိက အကျော်အမော် သီတဂူဆရာတော်ဘုရားကြီးအား ပင့်ဆောင်၍ တရားဓမ္မများ ဟောကြားချီးမြှင့်စေချင်သည်မှာ ကြာခဲ့ပြီ။ မကြုံမဆုံ ဖြစ်ခဲ့ပေ။ ယခု မမျှော်လင့်ဘဲ ကြုံရချေတော့မည်။ လျှောက်ထား ပင့်ဆောင်ရပါသော် ကောင်းလေရာ၏ဟု တွေးနေဆဲ ကားကူးဇက်ရေယာဉ် ဆိုက်ရောက်လာသည်။ စောင့်ကြိုနေသူ ပရိသတ်များ အုတ်အော်သောင်းတင်း လှုပ်ရှားသွားပြီး လမ်းဘေးတစ်ဖက်တစ်ချက်စီမှာ လက်အုပ်ကလေးတွေချီ၍ အသင့်မတ်တတ်ရပ် ကြိုဆိုနေကြသည်။ ရေယာဉ်ပေါ်မှ သီတဂူ ဆရာတော် စီးနင်းလိုက်ပါလာသောကား ဆင်းလာသည့်တွင် မြိုင်ကြီးငူဆရာတော်သည် လက်အုပ်ချီမိုး၍ သီတဂူ ဆရာတော်၏ ကားအနီးသို့ ပရိသတ်များကြားမှ ချဉ်းကပ်သွားသည်။ ရိုကျိုးစွာ ဦးနိမ့်လျက်...

"တပည့်တော် ကရင်ပြည်နယ် မြိုင်ကြီးငူ ဒေသက ပါဘုရား"

"မြိုင်ကြီးငူဆရာတော် ဆိုတာလား"

"မှန်ပါဘုရား"

"ဘာကိစ္စရှိပါသလဲ ကိုယ်တော်"

"တပည့်တော်တို့မြိုင်ကြီးငူဒေသသို့လည်း ဆရာတော်ဘုရားကြွရောက်ပြီး တရားဓမ္မများ ဟောကြား ချီးမြှင့်ပေးတော်မူပါရန် ပင့်လျှောက်ပါတယ်ဘုရား"

"အိမ်း–ခရီးကြုံတော့လည်း ရောက်မှာပါ ကိုယ်တော်၊ လာဖြစ်ရင် ဒကာ ဦးရွှေနီကတစ်ဆင့် အကြောင်းကြား လိုက်ပါမယ်"

"မှန်ပါဘုရား၊ တပည့်တော် ဝမ်းမြောက်ဝမ်းသာစွာ မျှော်လင့်စောင့်ကြိုနေပါမည်ဘုရား"

ဤမျှသာ ပြောဆိုလျှောက်ထားခဲ့ရသည်။ သီတဂူ ဆရာတော်ကားသည် တစ်ဘီးချင်းလှိမ့်ကာ ကြိုဆိုနေ သော ပရိသတ်များဆီသို့ ဦးတည် ရွေ့လျားသွားနေသည်။ ၎င်းနောက် မြိုင်ကြီးငူဆရာတော်တို့ ကားသည် ဇက်ရေ ယာဉ်ဖြင့် အပြန်ခရီးသို့ မြန်းခဲ့ရလေတော့သည်။

* * *

[illegible]
[illegible] ကြည့်တိုက်
[illegible] ရန်ကုန်

# ကြွမလာနိုင်ပြီကာမင်

ထိုမှစ၍ မြိုင်ကြီးငူဆရာတော်သည် မြိုင်ကြီးငူသို့ သီတဂူဆရာတော်ဘုရားကြီး လာရောက်၍ တရားချီးမြှင့်ပေးပါရန် လူကြုံအလီလီ စာအတန်တန်ဖြင့် ပင့်လျှောက်ထားခဲ့သည်။ လွန်ခဲ့သည့် ၁၃၆၀ ပြည့်နှစ်၊ ပြာသိုလဆန်းပိုင်းလောက်ဆီက 'ရောက်ကောင်း ရောက်နိုင်ပါလိမ့်မည်။ ရောက်လျှင် (၇)ရက်လုံးလုံး တရားပွဲကျင်းပပေးပါမည်' ဟူသောသတင်းစကား ကြားရသည်။ ဝမ်းမြောက် ဝမ်းသာစွာဖြင့် ငံ့လင့်ကြုံဆိုနေမိသည်။

သို့သော် သီတဂူ ဆရာတော်ဘုရား နိုင်ငံခြားသို့ကြွသွားသည်ဟူသော နောက်ဆက်တွဲ သတင်းစကားကြားရပြန်သည်။ နီးမလိုနှင့် ဝေးသွားပြန်သည်။ စိတ်ပျက်ရမည်လား၊ အားလျှော့ရမည်လား၊ သို့တည်းမဟုတ်အားတင်းထားရမည်လား ဝေခွဲမရ ရှိလှသည်။

မျှော်လင့်ချက်တစ်ခုတော့ရှိသည်။ ရောက်ဖြစ်လျှင် ကြို့တင် အကြောင်းကြားလာပါမည်ဟု ဒကာရင်း ဆိုသူများက ပြောကြားလာခဲ့သည်မို့ စိတ်တော့ မပျက်သေး။ မှေးမှိန်လှသော မျှော်လင့်ချက် ရောင်ခြည်ကလေးကို ဟို

အဝေးဆီမှာမှုန်ပျပျကလေး ဝိုးတဝါးမြင်နေရသည်။ သို့သော် မှုန်မှေးလွှန်းပေစွ။

တပို့တွဲလကုန်ခဲ့ပြီ။ ကြွရောက်တော် မမူလာသေး။ တပေါင်းလပြည့်ခဲ့ပြီ။ ဘာသံမှ မကြားရလောက်အောင် သတင်းဆက် ပြတ်သွားပြန်သည်။ တပေါင်းလပြည့်ကျော် လွန်ခဲ့ပြီး လပြည့်ကျော် (၁၁)ရက်အရှိတွင် မြိုင်ကြီးငူ ဆရာတော်သည် ဘားအံမြို့ ဓမ္မပီယကျောင်းဝင်းတွင်းရှိ သိမ်တော်တွင် တစ်ပါးတည်း ကေစာရကျင့်၍ အဓိဋ္ဌာန် ပါရမီကို ဖြည့်ကျင့်ဆည်းပူးပါလေပြီ။

မြိုင်ကြီးငူဆရာတော်သည် လွန်ခဲ့သောနှစ်တွေ တုန်းက လေးနှစ်နှင့်တစ်လ ကာလအတွင်း တစ်ဖက်နိုင်ငံမှ ပြန်လည် ရောက်ရှိလာသော ဒေသခံပြည်တော်ဝင်များ၊ ဒီကေဘီအေ တပ်ဖွဲ့ဝင်များကို ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်။ ငါးသောင်း ကျော်သော ပရိသတ်များ၏ လူမှုရေး၊ အထွေထွေကို ဘာသာရေး ရှေ့တန်းတင်၍ ဦးဆောင်ဦးရွက် ပြုခဲ့သည်။ ဘားအံနှင့် မြိုင်ကြီးငူ ၄၅–မိုင်ဝေးကွာသော ခရီးကို ကတ္တရာ စေးခင်း လမ်းမကြီးအဖြစ် ပြုလုပ်ခဲ့သည်မှာ အတော်ပင် ခရီးရောက်ခဲ့ပြီ။ တံတားကြီးငယ် အသွယ်သွယ်ကိုလည်း သံကူ ကွန်ကရစ်ဖြင့် ဆောက်လုပ်နေဆဲ ဖြစ်သည်။ အားလုံး သော အားလုံးကား မပြီးပြတ်ပါလေသေး။

ပြီးပြတ်အောင်လည်း လုပ်ခွင့်မသာတော့ပေ။ ယခင် ပိုင်းခြားထားခဲ့သော လေးနှစ်တစ်လ အဓိဋ္ဌာန်ကာလကား ပြည့်ခဲ့ပြီ။ အများကလည်း လေးနှစ်တစ်လ ပြည့်လျှင် မြိုင်ကြီးငူဆရာတော် ဘာတွေ ဆက်လုပ်မည်နည်းဟု မျက်လုံးဒေါက်ထောက်၍ ကြည့်နေကြသည်။ အကဲခတ်

နေကြသည်။ သိချင်နေကြသည်။ "သာသနာ့ဗဟိုရဖြစ်သော လုပ်ဆဲလုပ်ငန်းများနှင့်ပင် လုံးထွေးနေပေဦးမည်လော?၊ မည်သို့ ဆက်လက် ရပ်တည်သွားမည်နည်း" ဟူ၍...။

သို့ရှိစဉ်ဝယ်-

၁၃၆၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် (၁၂-၃-၉၉)တွင် မဟာအဓိဌာန်စခန်းကြီးအဖြစ် ရက်ပေါင်း (၁၆၆၀)လုံးလုံး ကေစာရ ကျင့်သုံးခြင်းဖြင့် ဓမ္မပီယ ကျောင်းရှိ သိမ်တော်တွင် တစ်ပါးတည်း သတိပဋ္ဌာန်ရှုပွား၍ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းရင်းဖြင့် ရဟန်းကိစ္စသက်သက်ကို ကြိုးပမ်း အားထုတ်တော် မူပါလေတော့သည်။

* * *

# ကြွလာတော့မယ်ဆိုလို့

နှစ်ဟောင်းလွန်ကျူး၍ နှစ်သစ်သို့ပင်ကူးခဲ့ပြီ။ ကောဇာသက္ကရာဇ် ၁၃၆၀ ခုနှစ်သို့ ကူးပြောင်းရောက်ရှိခဲ့သည်မှာ သုံးလတွင်းသို့ တိုင်ခဲ့လေပြီးသောတစ်နေ့မှာ-

"---မြိုင်ကြီးငူအထူးဒေသမှာ ၁၃၆၀ ခုနှစ်၊ နယုန်လပြည့်ကျော် (၇) ရက် (၅-၆-၉၈) စနေနေ့တွင် သီတဂူဆရာတော်ဘုရားကြီးသည် မွန်းလွဲ ၁း၀၀ နာရီ မှစတင်၍ တရားဓမ္မများ ဟောကြား ချီးမြှင့်ပါမည်--" ဟူသောသတင်းစကားကိုကြားသိရသည်။ ဒေသခံ တိုင်းရင်းသားများ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ မဟာဓမ္မကထိက အကျော်အမော် သီတဂူ ဆရာတော်ဘုရားကြီးအား မဖူးတွေ့ရသေးမီ ဟောကြားတော်မူမည့် တရားတော်ကို မနာကြားရသေးမီကပင် အားရရွှင်လန်းကာ နေအရုဏ်ကို ငုံ့လင့်ကြိုနေသော ပဒုမ္မာ ကြာငုံအသွင့် ပုံပမာချင့်ကာ လန်းစွင့်၍ နေပေတော့သည်။

သို့တစေ-

မူလ ပင့်ဆောင်တော်မူခဲ့သော မြိုင်ကြီးငူဆရာတော်မှာကား သီတဂူ ဆရာတော်ဘုရားကြီးအား ဖူးခွင့်မကြုံ

ပါလေပြီ။ တရားတော်ကို နာကြားဖို့ရန်ကို ထားဘိဦး။ အာလာပ သလ္လာပ စကားကိုသော်မျှ နိုးနှောပြောဆိုခွင့် မကြုံရပါလေပြီ။ မဟာအဓိဋ္ဌာန် စခန်းအတွင်း မိုတင်း၍ ကမ္မဋ္ဌာန်းတရားကို ကြိုးပမ်း အားထုတ်တော်မူခဲ့ပါလေပြီ တကား။ သီတင်းသုံးရာ ဇေတဝန် ကျောင်းတော် သိမ်တော်တွင်းသို့ ဆွမ်းပို့သူ တစ်ဦးမှအပ မည်သူ့ကိုမျှ မဝင်စေဘဲ ရဟန်းတရားကို အားခဲ ကြိုးကုတ်တော်မူခဲ့လေပြီ တကား။

သို့သော် ဆွမ်းပို့သူ ဦးတင်ကြည်ကတစ်ဆင့် "သီတဂူဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာပါလျှင် နန်းဦးဘေးမဲ့တောရကျောင်းတိုက် တိုက်အုပ်ဆရာတော် ဦးဉာဏိက နှင့် ဒိကေဘီအေဥက္ကဋ္ဌ ဦးသာထူးကျော်တို့အား လုပ်သင့် လုပ်ထိုက် ပြုသင့်ပြုထိုက်သည်များကို မလစ်ဟင်းစေဘဲ ပြုလုပ်ဆောင်ရွက်ကြရန်" မှာကြားတော်မူသည်။

ယင်းသို့ မှာကြားချက်အရ တိုက်အုပ်ဆရာတော်နှင့် ဦးသာထူးကျော်တို့သည် ၁၃၆၁–ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်(၁–၆–၉၉)အင်္ဂါနေ့တွင် ဓမ္မသဘင် ဆင်ယင်ကျင်းပနိုင်ရန်အတွက် အစည်းအဝေးတစ်ရပ်ခေါ်ယူဆွေးနွေးညှိနှိုင်းတိုင်ပင်ခဲ့ကြလေသည်။ အစည်းအဝေး မှတ်တမ်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

**မဟာဓမ္မကထိကအကျော်**

**သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏**

**ဓမ္မဒေသနာသဘင်ဆင်ယင်ကျင်းပနိုင်ရေးအတွက်**

**ညှိနှိုင်းဆွေးနွေးပွဲမှတ်တမ်း**

၁။ ဆွေးနွေးပွဲကျင်းပသည့်နေရာ –
မြတ်ပန်းဝတ်မှုန် ခန်းမဆောင်

၂။ ဆွေးနွေးပွဲကျင်းပသည့်နေ့စွဲ –
ဝ–၆–၉၉ အင်္ဂါနေ့

၃။ ဆွေးနွေးပွဲကျင်းပသည့်အချိန် –
ညနေ ၆း၄၅ နာရီ

၄။ ဆွေးနွေးပွဲတက်ရောက်သူဦးရေ –
(၅၀) ဦးခန့်

၅။ ဆွေးနွေးပွဲသဘာပတိ –
တိုက်အုပ်ဆရာတော် ဦးဉာဏိက

၆။ ဆွေးနွေးပွဲအခမ်းအနားမှူး–
ဦးလေးနောင်

၇။ ဆွေးနွေးပွဲမှတ်တမ်းတင် –
စောကျော်မြသန်း

၁၃၆၁–ခုနှစ်၊ နယုန်လပြည့်ကျော် ၃ရက်(ဝ–၆–၉၉) အင်္ဂါနေ့ ညနေ ၆း၄၅ နာရီတွင် မြို့ကြီးငှအထူးဒေသရှိ မြတ်ပန်းဝတ်မှုန် ခန်းမဆောင်၌လာမည့် (၅–၆–၉၉) နေ့တွင် ကြွရောက်လာမည့် ကမ္ဘာကျော် မဟာဓမ္မကထိက သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ၏ ဓမ္မဒေသနာသဘင် ဆင်ယင်ကျင်းပနိုင်ရန် လောလောဆယ် လုပ်ဆောင်ရမည့် ကြိုတင် ပြင်ဆင်မှုလုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပပြုလုပ်ပါသည်။

ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် တိုက်အုပ် ဆရာတော်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးလေးနောင်က ဆောင်ရွက်ပါသည်။

ရှေးဦးစွာ ညှိနှိုင်းဆွေးနွေးမည့် အစီအစဉ်များကို အခမ်းအနားမှူးက ဖတ်ကြားတင်ပြပါသည်။

## ဆွေးနွေးပွဲအစီအစဉ် (၁)

သဘာပတိဖြစ်သော တိုက်အုပ်ဆရာတော်က အဖွင့်ဩဝါဒမိန့်ခွန်း မိန့်ကြားရာတွင် "မည်သို့သော လုပ်ငန်းကိစ္စရပ်များတွင်မဆို အများဆန္ဒခံယူပြီးမှသာ လုပ်ဆောင်သွားရမည်သာဖြစ်ကြောင်း၊ ယခုကျင်းပ ပြုလုပ်မည့် ဓမ္မဒေသနာသဘင်ကိုလည်း ဒီကေဘီအေ အစည်းအရုံးကြီး၏ ခေါင်းဆောင် တာဝန်ရှိပုဂ္ဂိုလ်များ အသီးသီးတို့၏ ဦးဆောင်ဦးရွက်မှုဖြင့်သာ လုပ်ဆောင်သွားမည်ဖြစ်၍ ဒီကေဘီအေ အစည်းအရုံးကြီး၏ ဦးဆောင်ဦးရွက်ပြုမှုကို ခံယူသင့်/မသင့်ကို အများဆန္ဒ တောင်းခံပါကြောင်း မိန့်ကြားရာ ဆွေးနွေးပွဲ တက်ရောက် လာကြသူအားလုံးက ခံယူသင့်ပါကြောင်း သဘောတူ လျှောက်ထားပြီး အားလုံးတို့က ပူးပေါင်းပါဝင်ဆောင်ရွက် သွားကြမည်ဟု ကတိဝန်ခံမှု ပြုကြပါသည်။

ဆက်လက်၍ တိုက်အုပ်ဆရာတော်က "အချိန်မီချုပ်အစုတ်သက်သာ" ဟူသော ဆောင်ပုဒ်အတိုင်း လတ်တလော လုပ်ဆောင်ကြရမည့် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို အပြုသဘော ဆောင်သော အားထုတ်မှုဖြင့် အားကြိုးမာန်တက် ဆောင်ရွက်သွားကြစေလိုကြောင်း" တိုက်တွန်းမိန့်ကြားသွားပါသည်။

## ဆွေးနွေးပွဲအစီအစဉ် (၂)

ဒီကေဘီအေဥက္ကဋ္ဌ ဦးသာထူးကျော်က တိုက်တွန်းဆွေးနွေးပြောကြားသည်မှာ-

"ယခုကဲ့သို့ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန်ခေါ်ယူရခြင်းမှာ မကြာမီလာမည့် ၅-၆-၉၉ နေ့တွင် မိမိတို့

မြို့ကြီးငှအထူးဒေသ ပြည်တော်ဝင်များရှိရာသို့ ကြွရောက်လာကာ တရားချီးမြှင့်ပေးတော်မူမည့် ကမ္ဘာကျော် မဟာခမ္မကထိက သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ၏ ဓမ္မဒေသနာသဘင်တွင် မိမိတို့အားလုံးက စည်းလုံးညီညွတ်စွာဖြင့် စည်ကားသိုက်မြိုက်စွာ အဆင်ပြေပြေ ကျင်းပပြုလုပ်နိုင်ရေးအတွက် လောလောဆယ် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ပြည်တော်ဝင် မိသားစုများအားလုံးက ညီညာတက်ကြွစွာ ပါဝင်ဆောင် ရွက်နိုင်ရေးအတွက် ခေါ်ယူညှိနှိုင်းသည့် ဆွေးနွေးပွဲပင် ဖြစ်ပါကြောင်း။

"ထို့ကြောင့် လူတိုင်းက အသိတရားရှိရှိဖြင့် တက်ကြွစွာ ပါဝင်ကြိုးပမ်း လုပ်ဆောင်ကြစေလိုကြောင်း၊ မည်သည့်ကိစ္စရပ်မျိုးတွင်မဆို မိမိတို့၏ လက်ရှိနာယက ဖြစ်သောတိုက်အုပ်ဆရာတော်အား မဏ္ဍိုင်ထားကာ ဦးဆောင်ဦးရွက်ကမကထပြုမှုကိုခံယူကြပြီး ပြည်တော်ဝင် မိသားစုအားလုံးက ပါဝင်ဆောင်ရွက်ကြစေရေး အတွက် တက်ရောက်လာသော ရပ်ကွက်မှူးများက မိမိတို့ ရပ်ကွက်အသီးသီးရှိ ရပ်သူရွာသားများကို နှိုးဆော် တိုက်တွန်းပြီး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြား လိုကြောင်း၊ မည်သည့်ကိစ္စရပ်များတွင် မဆိုအားလုံး ညီညွတ်စွာ ပါဝင်ဆောင်ရွက်ကြမှသာ အောင်မြင်မှုများကို ရရှိမှာဖြစ်ကြောင်း" စသည်ဖြင့် တိုက်တွန်းဆွေးနွေးပြောကြားသွားပါသည်။

## ဆွေးနွေးပွဲအစီအစဉ် (၃)

အခမ်းအနားမှူးက ဓမ္မဒေသနာသဘင် ဆင်ယင်ကျင်းပခြင်းနှင့်စပ်လျဉ်း၍ လုပ်ဆောင်ရမည့် ကြိုတင်ပြင်ဆင်မှု

လုပ်ငန်းများကို တစ်ခုချင်းချပြကာ အောက်ပါအတိုင်း ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ကြပါသည်။

**(က) ဓမ္မဒေသနာသဘင်ကျင်းပမည့်နေရာ**

၁။ ဓမ္မဒေသနာသဘင်ကို မြတ်ပန်းဝတ်မှုန် ခန်းမ ဆောင်၌ ကျင်းပရန် သတ်မှတ်ကြသည်။

၂။ မြတ်ပန်းဝတ်မှုန် ခန်းမဆောင်ကို ဓမ္မသဘင် အတွက် အခမ်းအနားပြင်ဆင်မှုလုပ်ငန်းများကို ဒီကောဘီအေ တွဲဖက် အတွင်းရေးမှူး ဦးမန်းနေလင်းအောင်က ဦးဆောင်၍ စည်းရုံးရေးအဖွဲ့ဝင်များ၊ စာပေ ယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ၄-၆-၉၉ နေ့ နောက်ဆုံးထား၍ ခမ်းနားစွာ ပြင်ဆင်ထားရှိမည် ဖြစ်ကြောင်း တာဝန် ယူမည်။

**(ခ) ကျင်းပမည့်နေ့ရက်နှင့်အချိန်**

၁။ ၁၃၆၁ ခုနှစ်၊ နယုန်လပြည့်ကျော် (၇)ရက်၊ (၅-၆-၉၉) စနေနေ့ မွန်းလွဲ ၁း၀၀ နာရီမှာ စတင် ပါမည်။

**(ဂ) ကြိုတင်ပြင်ဆင်မှုများ**

၁။ သီတဂူဆရာတော်ဘုရားမကြွလာသေးမီ တစ်ရက် အလိုတွင် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို တာဝန် ကျရာ ပုဂ္ဂိုလ်အသီးသီးက အပြီးအစီး ဆောင်ရွက် ထားကြရမည်။

၂။ ဓမ္မဒေသနာသဘင်တွင် အသုံးပြုရန် ကောင်းမွန် စိတ်ချ ရသော အသံချဲ့စက် (၂)လုံးနှင့် မိုက်ခွက် (၂)လုံးကို ပြင်ဆင်တပ်ဆင်ထားရန်၊ ၎င်းကို ဦးမန်းနေလင်း အောင်က တာဝန်ယူပါသည်။

၃။ အသံသွင်း မှတ်တမ်းတင်ခြင်းကို စက်ဆရာအဖြစ် ကမမောင်းမြို့မှ စောသန်းစိုးအားတာဝန်ချထားရန်။
၄။ ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးရေးကို ဦးလေးနောင် အားလည်းကောင်း၊ ရုပ်ငြိမ်စည်းရုံးရေးဓာတ်ပုံ မှတ်တမ်း တင် ရိုက်ကူးမှုကို ဓာတ်ပုံဆရာ ဦးတိုးအားလည်း ကောင်း တာဝန်ပေး ဆောင်ရွက်စေရန်။
၅။ သီတဂူဆရာတော်ဘုရား ကားပေါ်မှကြွဆင်းလာစဉ်နှင့် ပြန်လည်ထွက်ခွာ ကြွသွားစဉ်တို့မှာ ထီးဖြူမိုး၍ ကြိုရန်နှင့် ထီးဖြူမိုးရန်အတွက် ဂေါပက အဖွဲ့မှ (၁) ဦးမောင်လိ၊ (၂) ဦးတင်ရွှေ၊ (၃) ဦးကြီးကြူတို့အား တာဝန်ပေး ဆောင်ရွက်စေရန်။
၆။ ဆရာတော် နားနေသီတင်းသုံးစဉ် ကာလအတွင်း ခန်းမဆောင်၏ စင်မြင့်တွင်သာ နားနေသီတင်းသုံး စေရန်။ ဤကိစ္စနှင့် ပတ်သက်၍ တိုက်အုပ် ဆရာ တော်က စိတ်ကြိုက်ပြင်ဆင်ထားရန် တာဝန်ယူသည်။
၇။ ဆရာတော် နားနေ သီတင်းသုံးစဉ် ကာလအတွင်း ဝေယျာဝစ္စပြုလုပ်ရန်နှင့် ဝတ်ဖြည့်ရန်အတွက် ဦးစော လာဘနှင့် ဦးစောချစ်အေးတို့အား တာဝန်ပေး ဆောင် ရွက်စေရန် ဆုံးဖြတ်ကြသည်။

## (ဃ) မည်သို့ကြိုဆိုမည့်အစီအစဉ်

၁။ တိုက်အုပ်ဆရာတော်ဦးဆောင်ဦးရွက်ပြု၍ ပြင်ဆင် ရေးအဖွဲ့နှင့် တွဲဖက်ကာ (၄-၆-၉၉) နေ့တွင် သာသနာ့အလံများကို အပြီးစိုက်ထူပြင်ဆင်ရန်။
၂။ ရာသီဥတုသာယာပါက အရပ်သားများက လမ်းဘေး တစ်ဖက်တစ်ချက်စီတွင် ဖူးမြော်ကြိုဆိုစဉ်ကာလတွင်

ကရင်အမျိုးသားဝတ်စုံ ဝတ်ဆင်၍ ကြိုဆိုရန်။ (အထူးသဖြင့် ကြောင်ကြောင်ကျားကျား သရုပ်ပျက်ဝတ်စုံများ လုံးဝ မဝတ်ဆင်ရန်)

၃။ ရွေးချယ်ထားသော ဓမ္မစကြာအဖွဲ့က မုခ်ဦးမှကြိုဆိုရန်။ (ယင်းအဖွဲ့သည် ရာသီဥတု သာယာသည်ဖြစ်စေ၊ မသာယာသည်ဖြစ်စေ ပုံမှန်ကြိုရန်)

၄။ ကြိုဆိုပုံမှစ၍ ဓမ္မဒေသနာသဘင် ပြီးဆုံးကာ ဆရာတော် ပြန်လည်ကြွသည်အထိ ဦးလေးနောင်က မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးရန်။

## (င) မည်သို့ညှော်ခံမည့်အစီအစဉ်

၁။ ဆွမ်းကွမ်းကိစ္စကို ဘားအံမှ ဒေါ်ထွေး စီစဉ်လာသည်ဖြစ်စေ၊ မစီစဉ်လာသည်ဖြစ်စေ ဦးမန်းနေလင်းအောင်နှင့် မိသားစုက တာဝန်ယူဆောင်ရွက်ရန်။

၂။ ဆရာတော်ဘုရား ဆွမ်းဘုဉ်းနေစဉ်ကာလအတွင်း ဓမ္မစကြာအဖွဲ့က ရွတ်ဆိုပူဇော်နေရန်။ (ကရင်ဘာသာဖြင့် ဓမ္မစကြာ ဘာသာပြန်ရွတ်ဆို ပူဇော်ခြင်းကို အချိန်ကာလ အခြေအနေကိုကြည့်၍ လုပ်ဆောင်ရန်)

## (စ) မည်သို့တရားနာယူကြမည်

၁။ ၅-၆-၉၉ နေ့ မွန်းလွဲ ၁း၀၀ နာရီမှ စတင်၍ တရားတော်ကို နာယူကြရန်။

၂။ တရားနာယူမည့် ပရိသတ်များကို အမျိုးသား၊ အမျိုးသမီး နေရာခွဲခြား သတ်မှတ်ချထားရန်နှင့် ဓမ္မစကြာအဖွဲ့သူ ၂၅၀ ကျော်အား အမျိုးသမီး ပရိသတ်ရှေ့ဆုံးမှာနေရာချထားရန်။ (၎င်းကိစ္စကို ဒိကောဘီအေ

အတွင်းရေးမှူးကြီး ဦးစောယာယုက တာဝန်ယူ ဆောင်ရွက်ရန်)

**(ဆ) ဓမ္မကထိကဆရာတော်အား မည်သို့ပူဇော်မည်**

၁။ ကြွရောက်လာသည့် တရားနာပရိသတ်များမှ နဝကမ္မ အလှူတော်ငွေ ထည့်ဝင်လှူဒါန်းမည့် အစီ အစဉ်ကို ဦးစောယာယုက တာဝန်ယူ စီစဉ် ဆောင်ရွက်ရန်။

၂။ အလှူတော်ငွေ ထည့်ဝင်လှူဒါန်းပါဝင်နိုင်ကြရေး အတွက် ယင်းနေ့တွင် နံနက် ၈း၀၀ နာရီမှ စ ဘင်၍ ဆောင် ရွက်နိုင်ကြောင်းနှင့် ဆရာတော်ဘုရား ကြွရောက် မလာသေးမီအတွင်း အပြီးသတ် ဆောင်ရွက်ထား သင့်ကြောင်း တိုက်အုပ်ဆရာတော်၏ မိန့်ကြားချက်ကို ဦးစောယာယုက တာဝန်ယူ ဆောင်ရွက်ရန်။

၃။ ဓမ္မကထိက ဆရာတော်အား နဝကမ္မဝတ္ထု အလှူ တော်ငွေ ကျပ်တစ်သိန်းတိတိကို ဒိုကော်ဘီအေ အစည်း အရုံးက ဆက်ကပ်လှူဒါန်းရန် ဆုံးဖြတ်ကြသည်။

**(ဇ) မည်သို့ ပြန်လည်ပို့ဆောင်မည်**

၁။ မူလကြိုဆိုစဉ်ကပုံစံအတိုင်း မုခ်ဦးအဝထိ ပို့ဆောင် ကြရန် ဆုံးဖြတ်ကြသည်။

**(ဈ) အထွေထွေဆွေးနွေးမှု**

၁။ အကယ်၍ မြိုင်ကြီးငူဆရာတော်ပါ ကြွရောက်လာ ခဲ့သော် တိုက်အုပ်ဆရာတော်က လိုအပ်သလို စီစဉ် ဆောင်ရွက်သွားမည်။

၂။ မြိုင်ကြီးငူဆရာတော်၏ ဘဝအချိုးအကွေ့များ ဖြစ်သော ယွန်းစလင်း အမြူတေ စာအုပ်သုံးတွဲတစ်စုံကို သီတဂူ ဆရာတော်အား ဆပ်ကပ်လှူဒါန်းရန်။

၃။ ဒေသ သစ်တောထွက်ကုန်ဖြစ်သော ပျားရည်စစ်စစ်ကို ဓမ္မကထိက ဆရာတော်အား ဆေးပစ္စည်းအဖြစ် လှူဒါန်းလိုသူများ တိုက်အုပ်ဆရာ တော်ထံသို့ လာရောက်ပို့ဆောင် အပ်နှံလှူဒါန်း နိုင်ပါကြောင်း

စသည်ဖြင့် လုပ်ငန်းအသီးသီးကို ညှိနှိုင်းဆွေးနွေး အတည်ပြုကြပြီး တာဝန်အသီးသီး ခွဲယူကြကာ ည ၈း၄၅ နာရီတွင် ဆွေးနွေးပွဲ အောင်မြင်စွာပြီးဆုံးပါသည်။

ဆွေးနွေးပွဲမှတ်တမ်းတင်သူ-

**စောကျော်မြသန်း**

(ဥက္ကဋ္ဌ၏ကိုယ်ရေးအရာရှိ)

မြိုင်ကြီးငူအထူးဒေသ

# ဤသို့ကြိုဆိုပူဇော်သည်

၁၃၆၁ ခုနှစ်၊ နယုန်လပြည့်ကျော် (၇) ရက် (၅-၆-၉၉) စနေနေ့ နံနက် ၅း၀၀ နာရီ။

ဘားအံမှ ဖုန်းဆက်လာသည်။ “သီတဂူဆရာတော်ဘုရား ကြွလာလျှင် မြိုင်ကြီးငူဆရာတော်ပါ ကြွလာပါလိမ့်မည်”ဟု ဆိုလာသဖြင့် တိုက်အုပ်ဆရာတော်က အစပြု၍ နံနက် ၆း၀၀ နာရီထိုးသည်နှင့် လှူပ်ရှားမှုကို စတင် ဆောင်ရွက်ရတော့သည်။ မြိုင်ကြီးငူဆရာတော်ပါ ကြွခဲ့မည်ဆိုလျှင် စိတ်မြန်လက်မြန်ရှိသော သဘာ၀အတိုင်း ပြုန်းစားကြီး ရောက်လာတတ်လေ့ရှိသည်။ ယမန်နေ့က စီစဉ်စရာရှိသည်များကို စည်းဝေးဆုံးဖြတ် ချက်အတိုင်း တာဝန်ကျပုဂ္ဂိုလ်အသီးသီးက ဦးဆောင်စီစဉ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယမန်နေ့ညအချိန်ထိ မြိုင်ကြီးငူ ဆရာတော်ပါ ကြွလာမည်မသိကြရသေးသဖြင့် အေးအေးဆေးဆေး ဆောင်ရွက်နိုင်မည်ရည်ရွယ်ထားသည်။

သီတဂူဆရာတော်ဘုရားသည် နံနက် ၇း၀၀ နာရီမှာ ဘားအံမှ စထွက်လျှင် ဘားအံနှင့် မြိုင်ကြီးငူကားဖြင့် နှစ်နာရီခရီး ရှိသည်မို့ နံနက် ၈း၀၀ နာရီမှာ ရွှေဂူန်းသို့ ရောက်မည်၊ တိုက်အုပ် ဆရာတော်အပါအဝင် လူကြီးများက

ရွှေလွန်းရွာမှာ သွားရောက်ကြိုဆို ပင့်ဆောင်ကြမည်။ မြိုင်ကြီးငူ အထူးဒေသမုခ်ဦး လင်းလွန်းမြိုင်ရပ်ကွက်ထိပ်တွင် ဓမ္မစကြာ အဖွဲ့သူများက ဓမ္မဂီတိကဗျာများဖြင့် သီဆိုပူဇော်ကြိုဆိုရန် နံနက် ၈း၃၀ နာရီအရောက် ရောက်ရှိနေရာယူထားရမည်။ တရားပွဲပြီးဆုံး၍ ပြန်လည်ပို့ဆောင်ပြီးမှ တာဝန်ပြီးဆုံးမည် ဖြစ်သဖြင့် ထမင်းစားထားခဲ့ကြရန်လည်း မှာထားသည်။

မုခ်ဦးမှသည် ဓမ္မသဘင် ကျင်းပမည့် ခန်းမဆောင် အထိ သာသနာ့အလံများ စိုက်ထူထားရာ လမ်းတစ် လျှောက် မြိုင်ကြီးငူဒေသ ရပ်ကွက်အသီးသီးမှ ဒေသခံ ပြည်တော်ဝင်များ လက်အုပ်ချီ၍ ကြိုဆိုရန်အတွက် ၈း၃၀ နာရီတွင် သတ်မှတ်နေရာ အသီးသီး၌ ရှိနေကြရမည်။ လွန်ရောက်ချိန် ရောက် နံနက် ၉း၃၀ နာရီ၊ ၁၀း၀၀ နာရီ ဆိုလျှင် ခန်းမဆောင်သို့ သီတဂူဆရာတော် ရောက်ရှိလာမည်။ ဆရာတော်ရောက်ရှိလာသည်နှင့် ဓမ္မစကြာ အဖွဲ့သူများက ဓမ္မဂီတိကဗျာများ ရွတ်ဆို၍ ပြည်တော်ဝင်များကိုယ်စား ကန်တော့ပန်းဆင်စေမည်။

ဆရာတော်ဘုရား ရောက်တုန်း ရောက်ခိုက် မြိုင်ကြီးငူ ဒေသတစ်ခွင်ကို လှည့်လည်ကြည့်ရှုလိုပါလျှင် တိုက်အုပ် ဆရာတော်ဦးဆောင်၍ လိုက်လံကြည့်ရှုစေမည်။ ၁၀း၃၀ နာရီ ဆရာတော် ဆွမ်းဘုဉ်းပေးနေစဉ် မြိုင်ကြီးငူရှိ ဓမ္မစကြာ အဖွဲ့သူ ၂၅၀ ကျော်တို့က ဆရာတော်အား ဓမ္မစကြာ ဒေသနာတော်ဖြင့် သီဆိုပူဇော်နေမည်။ အချိန်ရလျှင် မြိုင်ကြီးငူ ဆရာတော်ကိုယ်တိုင် ဘာသာပြန်ဆို သင်ကြားပေးထားသော ဓမ္မစကြာ ကရင်ဘာသာပြန်ကိုပါ အလွတ်ရွတ်ဆို ပူဇော် စေမည်။ ရည်ရွယ်သည်မှာ "နိုင်ငံတော်သို့ နိုင်ငံခြား

တိုင်းပြည်များမှ နိုင်ငံခေါင်းဆောင်ကြီးများ အလည် လာရောက်၍ နေ့လယ်စာ ဖြစ်စေ၊ ညစာဖြစ်စေ သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သဘင်ဂီတများဖြင့် ဖျော်ဖြေ တင်ဆက်သည့်ထုံးကို နမူနာယူ စီစဉ်ထားသည်။

ထိုသို့ ရွတ်ဆိုပူဇော်ပြီးမှ ဆရာတော်ဘုရား အပန်းဖြေနေစဉ် ပရိသတ်များအား ခေတ္တအနားယူစေပါမည်။ မွန်းလွဲ ၁း၀၀ နာရီရောက်လျှင် ဓမ္မသဘင်ကို စတင်ကျင်းပပြီး တရားတော်ကို နာယူကြမည်။ တရားပွဲပြီးဆုံးလျှင် နံနက်ကြိုဆိုခဲ့သော အစီအစဉ်အတိုင်း မုခ်ဦးဝထိ ပြန်လည်ပို့ဆောင်မည်။

စီစဉ်ထားသည်မှာ အဆင်ကိုချောနေသည်။ ရေပက်မဝင်အောင် ဖြစ်နေသည်။ စကားတစ်ခွန်းရှိသည် 'ရေပက်မဝင်အောင် စီစဉ်ထားသော်လည်း လေထွက်လေဝင်တော့ ရှိစမြဲပင်'တဲ့။ မှန်လိုက်သည့်ဖြစ်ခြင်း။

ပုံကလေးတစ်ပုံ ကြားဖူးသည်။ ဘုရင်ကြီးက အမတ်ကြီးများကို မေးသည်။

"မောင်မင်းများ၊ လောကမှာ ဘယ်အရာဟာ အလွယ်ကူဆုံးပါလဲ"

"မှန်ပါဘုရား၊ စီမံကိန်းချခြင်းဟာ အလွယ်ကူဆုံးပါဘုရား"

"အန္တို၊ ဒါဆို ဘယ်အရာကကော အခက်ဆုံးပါလဲ?"

"မှန်လှပါဘုရား၊ အဲဒီချမှတ်ထားတဲ့ စီမံကိန်းကို အကောင်အထည်ဖော်ရတာက အခက်ဆုံးပါဘုရား"တဲ့။

ကြားဖူးထားသော ပုံပြင်ကလေး၊ ယခုလည်း ၅-၆-၉၉ နေ့ မိုးဖြင့်လင်းမည်မှမကြာသေး စကတည်းကိုက

ယဉ်သကိုဖြစ်၍နေချေပြီ။ ယနေ့ နံနက် အစောဆုံး ရရှိလာသော တယ်လီဖုန်းသတင်းအရ တိုက်အုပ်ဆရာတော် ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များ စောစီးစွာ လှုပ်ရှားမှု စတင်ရတော့သည်။

တိုက်အုပ် ဆရာတော် ဦးဆောင်သော ကြိုဆိုမည့် လူကြီးများက ကားတစ်စီး၊ မှတ်တမ်းတင် ဗီဒီယိုရိုက်မည့် စာရေးသူနှင့် မှတ်တမ်းဓာတ်ပုံဆရာတို့က ကားတစ်စီးဖြင့် စတင်ထွက်ခွာသည်။ ထွက်ခွာခါနီးဆဲဆဲတွင် ကြိုဆိုမည့် ရွေးချယ်ထားသော ဓမ္မစကြာအဖွဲ့သူ ၂၅ ဦးကိုလည်း (၇)နာရီခွဲ မုခ်ဦးအရောက် အဆင်သင့်နေရာယူထားပါရန် မှာကြားခဲ့သေးသည်။

နံနက် ၇း၁၅ နာရီ။

တိုက်အုပ်ဆရာတော် ဦးဆောင်သော ကြိုဆိုရေး အဖွဲ့ဝင်များ ရွှေဂွန်းကျေးရွာ အဝင်ဝရှိ မြတ်မင်္ဂလာကျောင်းသို့ ရောက်ရှိကြသည်။ ခဏအကြာတွင် ရွာသူရွာသားများလည်း သာသနာ့အလံကလေးများ ကိုယ်စီ ကိုယ်စီကိုင်ကာ လမ်းဘေးဝဲယာမှာ အသီးသီးရောက်ရှိ နေရာယူကြသည်။ မလာစဖူး အလာထူးသော ကမ္ဘာကျော် မဟာဓမ္မကထိက အကျော်အမော် သီတဂူဆရာ တော်ဘုရားအား အားပါးတရ ကြိုဆိုဖူးမြင်ရပေတော့ မည်ဟူသော နှစ်သက်ရွှင်လန်းသော အတွေးကိုယ်စီဖြင့် အားခဲ စောင့်စားနေခဲ့ကြသည်။

တော်ပေသေးသည်။ မိုးဦးကျပြီး ဖြစ်နေသော ဤအရပ် ဤဒေသသည် ယနေ့အဖို့ မိုးကားမရွာ။ နေရောင်လေးပင် မှုန်ပျပျ လင်းလက်နေသေးသည်။ သူရိယာ နေမင်းသည်ပင် သီတဂူဆရာတော် ကြွအလာကို ကြိုဆိုဖူးမြော်နေသည်

လော?။ အလားတူ မိုးဒေဝါ ပဇ္ဇုန်နတ်သားသည်လည်း ဆရာတော် ဘုရားအား ကြိုဆိုပူဇော်ရန်အတွက် လုပ်မြဲ အလုပ်ကို ခေတ္တရပ်နားထားပြီး ကြိုဆိုနေသော လူအုပ်များ အကြား ရောက်ရှိနေရာယူ ထားလေရော့သလား? တွေးထင် စရာ ဖြစ်တော့သည်။

အမှန်ပင် မိုးမရွာပါချေ။ ရာသီဥတု ကြည်လင်နေ သည်။ နေရောင်ပျပျလေးပင် ထွက်ပြူနေသေးသည်။ ကြည်လင်နေသော ရာသီဥတုနှင့်အတူ ကြည်လင်ရွှင်ပျ သော မျက်နှာများကိုယ်စီဖြင့် ကလေးသည် မိခင်များ သည်ပင် မွေးကင်းစ ကလေးနီတာရဲကလေးများကို အနှီးဖြင့် လုံအောင် ထုပ်ပတ်ပွေ့ချီ၍ သာသနာ့အလံ ကလေးများ ဝှေ့ယမ်းကာ ကြိုဆိုနေကြသည်။ မကြာမီ အချိန်အတွင်း ရောက်ရှိလာမည်ဖြစ်သော သီတဂူ ဆရာတော်ဘုရားအား လှိုက်ဖိုရင်မောစွာဖြင့် စောင့်ကြိုငံ့လင့်နေကြသည်။ ခုပင် လေလား ရောက်လိမ့်အားဟု အားခဲမျှော်လင့်နေခဲ့ကြသည်။ နံနက် ၈ နာရီခွဲလေပြီ။ ကြွရောက်တော်မမူလာသေး။ တစ်ခုခုတော့ အစီအစဉ် လွဲချော်နေပြီဟု တွေးလိုက်မိသည်။

နံနက် ၉း၀၀ နာရီ။

လာမည့်လမ်းသို့ မှန်းမျှော်ကြည့်လိုက်ရာ ဟိုး အဝေး လောက်ဆီက နေရောင်ဖြင့် ရောင်ပြန်လက် လှုပ်ရှားနေသည့် မှန်အလင်းသုံးခုကို မြင်မိလိုက်ရသည့်တွင် ဆရာတော်တို့ စီးနင်းလိုက်ပါလာသော ကားတန်းကြီး လာချေပြီဟု ထင်လိုက်သည်။ ၁၀ မိနစ်အကြာမှာ ရောက်လာသည်။ မော်တော်ဆိုင်ကယ် သုံးစီးဖြစ်နေသည်။ "ဟင်၊ မဟုတ်

သေးပါလား''ဟု သိရှိပြီး ဆိုင်ကယ်သမားတို့အား သတင်းမေးမြန်းကြည့်ရသည်။

''ကျွန်တော်တို့လာတုန်းကမှ နောင်ကမြိုင်ရွာမှာ ကားတစ်ဘီးချင်းလိုမ့်၍ အပူဇော်ခံပြီး ဖြည်းဖြည်းချင်း ကြွလာနေသည်ကို တွေ့ခဲ့ရသည်။ ဒီကို တော်ရုံဖြင့် ရောက်လာနိုင်မည် မဟုတ်သေးပါ''ဟု ဆိုကြသည်။

သည့်တွင် စုရုံးရောက်ရှိနေသော ပရိသတ်များက ''ထမင်း ပြန်စားလိုက်ဦးမည်''ဆိုကာ လူစုကွဲသွားသည်။ မြိုင်ကြီးငူမှ တကူးတက ရောက်ရှိနေသော ကြိုဆိုရေးအဖွဲ့ဝင်များက မြတ်မင်္ဂလာ ကျောင်းတွင်းသို့ ဝင်ရောက်စောင့်ဆိုင်း နေကြရသည်။

၉း၃၀ နာရီ။

မော်တော်ကားတစ်စီး မောင်းလာသဖြင့် သွားရောက်တွေ့ဆုံ သတင်းမေးသည့်တွင် ''ဦးတင်ကြည် ဒေါ်ထွေးတို့က ဆရာတော်ဘုရားအတွက် ဆွမ်းကွမ်း ဝေယျာဝစ္စပြုလုပ်ရန် ကြိုတင်လာကြကြောင်း၊ သီတဂူ ဆရာတော်သည် ၇း၃၀ နာရီတွင် ဘားအံမှ စတင်ထွက်ခွာကြောင်း၊ အစီဒ္ဓာန် မပျက်စေလို၍ မြိုင်ကြီးငူ ဆရာတော် မကြွလာကြောင်း'' ပြောဆိုပြီး မြိုင်ကြီးငူသို့ ဆက်လက်ထွက်ခွာသွားသည်။

''ဟင်း''ခနဲ သက်ပြင်းရှည်ကြီးချလိုက်မိသည်။ မြိုင်ကြီးငူ ဆရာတော်ပါကြွလာမည်ဆိုသဖြင့် စောစီးစွာထွက်ခဲ့သည်။ အမှန်မှာ ကြိုဆိုရေးအဖွဲ့ ရွှေဂွန်းသို့ရောက်ပြီးခါမှ ဘားအံက စတင်ထွက်ခွာသည်တဲ့။ လမ်းမှာလည်း အပူဇော်ခံပြီးလာနေသည်တဲ့။

"ဒုက္ခပါပဲ၊ ၇–နာရီခွဲအရောက် မုခ်ဦးမှာ အဆင်သင့်နေရာယူထားဖို့ မှာခဲ့သော သမီးငယ်များ ခုလောက်ရှိ ထမင်းဆာကြရော့မည်။ ပြန်နိုင်ပြီဟု ခွင့်မပြုမချင်း အားခဲစောင့်နေရှာကြမည်။ ခရီးတာက မနီးလှ။ "ကဲ...သမီးတို့ ထမင်းပြန်စားလိုက်ဦး" ဟုလည်း မပြောသာ။ ၁၅–မိုင်ခွဲ ကျော်ကျော်ဝေးသော ခရီးကြီး၊ အင်းလေ အဖေကြီး ကိုယ်တိုင်မှာလည်း ဗိုဒီယိုကင်မရာကြီး တလွယ်လွယ်နှင့် မည်သည့်အချိန်မှာ ရောက်လာမည်မသိဘဲကိုး။ သမီးငယ်များနည်းတူ ဖေကြီးလည်း ငတ်ရုံပေါ့၊ သို့သော် ကြွတော့ ကြွတော်မူလာနေပြီ။ လမ်းခုလတ်သို့ ရောက်နေပြီဟူသော သတင်းစကားက မွတ်သိပ်ဆာလောင်မှုကို မေ့လျော့နေစေသည်။

၁၀း၀၀ နာရီရှိပြီ။

ရောက်တော်မမူလာသေး။

၉း၀၀ နာရီလောက်က နောင်ကမြိုင်ရွာ၊ ပြီးတော့ တခင်းလုံရွာ၊ နာဒိတ်ရွာ၊ တဝန်ဖန်ရရွာ၊ ကျုံပကိုရွာသစ်/ရွာဟောင်း၊ ပြီးတော့မှ ဂျို့ချောင်းရွာ အသီးသီးဖြတ်သန်းလာရမှာဆိုတော့ ခုလောက်ရှိ ရောက်ခါနီးတန်ကောင်းပါရဲ့ဟူ၍ အတွေးစိတ်ဖြင့် ချွေးသိပ် ဖြေယူလိုက်ရသည်။

၁၀း၁၅ နာရီ။

လာမည့်လမ်းကို မြင်နိုင်သမျှ လှမ်းမျှော်ကြည့်နေဆဲ။ နေရောင်မှာ အလင်းပြန်သော မှန်ရောင်ကားတန်းကြီးကို လှမ်းမြင်လိုက်ရသည်။ အခုမှ အမှန်တကယ် လာပါချေပြီ။ မြတ်မင်္ဂလာကျောင်းပေါ်တွင် စောင့်ဆိုင်းနေသော တိုက်အုပ်ဆရာတော်နှင့် ဒီကေဘီအေ ဗိုလ်ချုပ်ထွန်းလှိုင်အပါအဝင်

ကြိုဆိုရေးအဖွဲ့ဝင်များ ရွှေဝွန်းရွာအဝင်ဝသို့ စုရုံးရောက်ရှိလာပြီး ခဏအကြာတွင် ရှေ့ပြေးပွိုင့်ကား ရောက်လာသည်။ မရှေးမနှောင်းမှာ သီတဂူဆရာတော် စီးနင်းလိုက်ပါလာသော ကားနှင့် နောက်ပါကားများ ရောက်ရှိလာကြသည်။

ရွာအဝင်ဝတွင် ကားများခေတ္တရပ်နားစဉ် တိုက်အုပ်ဆရာတော် စသော ကြိုဆိုရေးအဖွဲ့သားများက ဂါရဝပြု ကြိုဆိုကြသည်။ ဆရာတော် ကြွရောက်လာပြီ ဟူသော သတင်းစကား တစ်ခဏချင်း ပျံ့သွားပြီးနောက် ထမင်းပြန်စားနေသော လူထုကြီး ခဏချင်းဆိုသလို ရောက်လာကာ ကြိုဆိုပူဇော်ကြသည်။ လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။

တိုက်အုပ်ဆရာတော်သည် သီတဂူဆရာတော်ဘုရားအား ဂါရဝပြုအပြီးမှာ "အချိန်နည်းနေပြီဖြစ်၍ ရွှေဝွန်းရွာတွင် အချိန်မကြန့်ကြာစေရန်" လျှောက်ထားပြီး ကြိုတင်ပြင်ဆင်မှုများ အရန်သင့်ဖြစ်စေရန် မြိုင်ကြီးငူသို့ ကားဖြင့် အမြန်ထွက်ခွာသွားသည်။

ကြိုဆိုနေသော လူများအကြားသို့ ဆရာတော့်ကား ရောက်သည်တွင် ပရိသတ်များက စိုစွတ်နေသော မြေပြင်မှာပင် ကျုံ့ကျုံ့ကလေးထိုင်၍ ဆရာတော်အား ရှိခိုးကြသည်။ ပြီးနောက် နံ့သာရည်ဖြင့် ဆရာတော်အား ပက်ဖျန်းပူဇော်ကြသည်။ ဆရာတော်မှာ ယာဘက်လက် တစ်ဖက်ကို အပြင်သို့ထုတ်ကာ နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်မှုကို ခံယူသည်။ ကားမှန်တံခါးမှ မျက်နှာတော်ကိုပြလျက် တစ်ဘီးချင်းလိမ့်နေသော ကားပေါ်မှ အပူဇော်ခံရင်းကြွသည်။ အချို့နေရာတွင် ကားရှေ့မှ လူများပိတ်၍ ရှိခိုးနေသဖြင့် ကားရပ်ပေးရ

သေးသည်။ အချိန်နည်းနေပြီဖြစ်ကြောင်း မေတ္တာရပ်ပါမှ ဖယ်ပေးသည်။ ရွှေဂွန်း အထက်တန်းကျောင်းကို ဖြတ်ကျော်စဉ်တွင် ကျောင်းဝတ်စုံဖြင့် လက်အုပ်ချီကာ ကြိုဆိုပူဇော်နေကြသည့် တသီတတန်းကြီးဖြစ်သော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို မြင်တွေ့ရသည်မှာ ကြည်နူးစဖွယ် ကောင်းလှပါဘိတော့သည်။ ရွာသူရွာသားများသည်လည်း ရွာတန်းရှည် တစ်လျှောက်လုံး လမ်း၏ ယာဘက် ဆရာတော်ရှိရာဘက်မှ ကြိုဆိုပူဇော်နေကြသည်မှာလည်း မြင်ရသူအဖို့ မနိုင်စိတ်ဝမ်း ရွှင်ရွှင်လန်း၍ ဆွတ်ဖျန်းပီတိဝမ်းဆီထိသို့နှယ် ဖြစ်ရပါဘိသည်။

ရွှေဂွန်းရွာမှအထွက် ကမ်းနီရွာသို့ ရောက်လာ သည်။ နံနက်စောစော စာရေးသူတို့ရောက်စဉ်ကတည်းက မူလတန်းကျောင်းသား ကျောင်းသူလေးများကို ကျောင်းဝတ်စုံဖြင့် စောင့်ဆိုင်းနေသည့်အဖြစ်ကို တွေ့ခဲ့ရသည်။ ယခုချိန်ထိ အားခဲစောင့်စားနေသဖြင့် ဆရာတော်အား ခေတ္တအပူဇော်ခံစေပါသည်။ ထို့နောက် အချိန်မရှိတော့ပြီဖြစ်၍ ရှေ့မှသွားသော ပွိုင့်ကားရှိ တာဝန်ခံ ပုဂ္ဂိုလ်အား–

"ကျွန်တော်တို့ကား ရှေးဦးစွာသွားပါမည်။ လမ်းမှာရှိသော ရွာများအား ဆရာတော့်အပြန်ခရီးမှာမှ ပူဇော်ကြပါရန် ကြိုတင်အကြောင်းကြားသွားပါမည်"ဟု အသိပေးကာ စာရေးသူတို့ကား အပြေးမောင်းထွက်ခဲ့သည်။ လမ်းရွာများဖြစ်သော တကူဆိပ်ရွာ၊ အင်းနို့ရွာ၊ လက်ခတ်ရွာ၊ စိန္တာရွာ၊ ထော်ရွဲရွာ၊ ကြာအင်းရွာ၊ တခွက်ဖိုးရွာတို့ကို ဖြတ်ကျော်စဉ် အပြေးမောင်းနေသော ကားပေါ် မှပင် အသိပေး အကြောင်းကြားရသည်။ နံ့သာရည် ဖန်ခွက်များ

အသင့်ကိုင် စောင့်ဆိုင်းကြိုဆိုနေသော ရွာသူ ရွာသားတို့ကို အားတော့နာမိသည်။ သို့သော် မတတ်နိုင်ပါလေပြီ၊ ဤသည် သော်မှ ၁၁း၃၀ နာရီလောက် ရှိကာမှ မြိုင်ကြီးငူမှန်ဦးသို့ ရောက်ရှိသည်။

သီတဂူ ဆရာတော်ကား ရောက်ရှိသည့်တွင် ကြိုတင်စောင့်စားနေသော တိုက်အုပ်ဆရာတော်နှင့် အဖွဲ့ဝင်များက–

- သီတဂူဆရာတော်ဘုရား၊
  ကျန်းမာပါစေ၊ ချမ်းသာပါစေ။
- သီတဂူဆရာတော်ဘုရား၊
  သက်တော်ရာကျော်ရှည်ပါစေ။

ဟု မေတ္တာပို့ ကြိုဆိုကြသည်။ အသင့်စောင့်ဆိုင်းနေသော ဓမ္မစကြာအဖွဲ့သူများကလည်း လက်အုပ်ချီ၍–

- သီတဂူဆရာတော်၊ ကမ္ဘာကျော်၊ သက်တော်ရာတမ်း– လွှမ်းပါစေ–လွှမ်းပါစေ။
- သီတဂူဆရာတော်၊ နိုင်ငံကျော်၊ စိတ်တော်မြေချမ်း၊ လန်းဖြာဝေ– လန်းပါစေ။
- သီတဂူဆရာတော်၊ ထေရ်မဟော်၊ ကိုယ်တော်ခံ့ကျန်း၊ လန်းပါစေ– လန်းပါစေ။
- သီတဂူထေရ်မဟာ၊ မြတ်ဆရာ၊ နှစ်ဖြာကိုယ်စိတ်၊ ကျန်းမာစေ– လန်းပါစေ။
- ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာလေးမြင့်၊ တည်ပါစေ– တည်ပါစေ။

ဟု သံပြိုင်ညီညာစွာ သီကျူးပူဇော်ကာ ကြိုဆိုကြသည်။ မြိုင်ကြီးငူမှန်ဦးမှသည် ခန်းမဆောင်အထိ ယာဘက် လမ်းတစ်လျှောက် တစ်မိုင်နီးပါးခန့် ခရီးတာအတွင်း သာသနာ့

အလံများကို မနီးမဝေး စိုက်ထူ ထားသည်။ ဒေသခံပြည်တော်ဝင် ရပ်ကွက်သူ ရပ်ကွက်သားများက စီတန်းရပ်တန့်၍ လက်အုပ်ချီ ကြိုဆိုပူဇော် ကြသည်။

ဓမ္မသဘင်အခမ်းအနား ဆင်ယင်ကျင်းပမည့် မြတ်ပန်းဝတ်မှုန် ခန်းမဆောင်ရှေ့ ရောက်သည့်တွင် သီတဂူဆရာတော်ဘုရား ကားပေါ်မှ ဆင်းသည်နှင့် အသင့်စောင့်ကြိုနေသော ထီးတော်မိုးတို့က ထီးဖြူတော် နှစ်လက်ကိုဝဲယာဆောင်းမိုးလျက် ခေတ္တသီတင်းသုံးမည့် စင်မြင့်ပေါ်သို့ ပင့်ဆောင်ကြသည်။ ခန်းမဆောင်အတွင်းမှာ ပရိသတ်များ ပြည့်ကျပ်နေသည်။ နောက်ပိုင်းမှာ ကျန်ရစ်ခဲ့သော ဒီကေဘီအေ အတွင်းရေးမှူးကြီး ဦးစောယာယုနှင့် တွဲဖက်အတွင်းရေးမှူး ဦးမန်းနေလင်းအောင်တို့က စည်းဝေးဆုံးဖြတ်ချက်အတိုင်း တစ်သဝေမတိမ်း ပြုမူဆောင်ရွက်ထားကြသည်။ အမျိုးသားနှင့် အမျိုးသမီးများကို သီးခြားစီနေရာချထားကြသည်။ ပရိသတ်များသည် ဆရာတော်ဘုရားကြွတော်မူလာသည်ကို လည်ပြန်ဖူးမြော်ရင်း ကြွသွားမည့်မင်းလမ်း တစ်လျှောက်လုံးမှာ တဘက်ပုဝါများ အသီးသီးဖြန့်ခင်းထားရှိပြီး ဆရာတော်ဘုရားအား ရိုကျိုးစွာ ရှိခိုးပူဇော်ကြသည်။

ဆရာတော်ကြီးသည် စင်မြင့်ပေါ်သို့ ရောက်သည်နှင့်ဘုရား ဆင်းတုတော်ရှေ့တွင် အသင့် စိုက်ထူထားသောဝါဆိုဖယောင်းတိုင်အား မီးညှိပူဇော်ပြီး ဝတ်ပြုကန်တော့သည်။ ကန်တော့အပြီးတွင် တိုက်အုပ်ဆရာတော်က လက်အုပ်ချီ၍–

"ဆွမ်းပွဲ အသင့်ပြင်ဆင်ထားရှိပြီး ဖြစ်ပါသဖြင့် ဆွမ်းဘုဉ်းပေးတော်မူပါဘုရား"ဟု လျှောက်ထားသဖြင့်

ဆွမ်းပွဲပြင်ထားရာသို့ ကြွရောက်သည်။ ထိုင်မိသည်နှင့် သက်တော် (၈၇)နှစ် ရှိပြီးဖြစ်သော မြိုင်ကြီးငူ ဆရာတော်၏ မယ်တော်နှင့် ဒကာ ဒကာမများက ဆွမ်းဆက်ကပ်ကြသည်။ ဆွမ်းဘုဉ်းပေးနေစဉ် စာရေးသူက ဆရာတော်ဘုရားအား ရှိခိုး၍-

"ဆရာတော် အရှင်သူမြတ်ကြီးဘုရား၊ ဆရာတော် ဘုရား ဆွမ်းဘုဉ်းပေးတော်မူနေစဉ်မှာ မြိုင်ကြီးငူရှိ ဓမ္မာစကြာ အဖွဲ့သူ အဖွဲ့သားများက ဆရာတော်ဘုရားအား ဓမ္မစကြာ ဒေသနာတော်ဖြင့် ရွတ်ဆိုပူဇော်ရန် စီစဉ်ထားပါသည်ဘုရား၊ ခွင့်ပြုတော်မူပါသလားဘုရား" လျှောက်ထားရာ-

"အေး-အေး၊ ရွတ်ရွတ်၊ စီစဉ်ထားတဲ့အတိုင်း ရွတ်ကြပေါ့"ဟု ခွင့်ပြုတော်မူသဖြင့် ၂၅၀ ကျော်သော ဓမ္မစကြာအဖွဲ့သူများက သံပြိုင်ညီညာစွာ ဓမ္မစကြာ ဒေသနာတော်ကို အမွန်းမှစတင်၍ လက်အုပ်ကလေး များချီကာ အာဂုံနှုတ်လွတ် ရွတ်ဆိုပူဇော်ကြသည်။ တိုက် သား ကျောင်းသား ရထားပြီးမို့ အဖွဲ့သူ ၂၅၀ ကျော်ဖြစ် သော်လည်း တစ်သံတည်းအဖြစ်သာ ညီညာစွာထွက်ရှိ သည်။ ကြည်နူးဆွတ်ပျံ့ဖွယ်ရာပင် ဖြစ်ပေတော့သည်။

ဆရာတော်ဘုရားကြီး ဆွမ်းဘုဉ်းပေးပြီးနောက် ဒီကောဘီအေ မိုလ်ချုပ်ကြီးများ၊ အတွင်းရေးမှူးများ၊ ဗဟို ကော်မတီဝင်များ၊ ဂေါပက လူကြီးများက နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ဆရာတော်ကြီးက ညာလက်ဝါး တော်ကို ဖြန့်ပေးသည်။ မိမိလက်ဝါးပေါ်တွင် တင်ကျန် နေသော နံ့သာရည်များကို ရှေ့နားတွင်ရှိသော ဒကာများ၏ ခေါင်းပေါ်သို့ ပက်ဖျန်းပေးခြင်းဖြင့် မေတ္တာ တုံ့ပြန်တော်

မူသည်။ သို့ရှိစဉ်ဝယ် စာရေးသူသည် ဆရာတော်ဘုရားကြီး အနားသို့ ချဉ်းကပ်ဝပ်တွား ရှိခိုးဦးချ၍–

"ဆရာတော်အရှင်သူမြတ်ကြီးဘုရား၊ ဆရာတော်ဘုရား၏ ဤမြို့ကြီးငှသို့ ကြွရောက်ကာ တရားဓမ္မများ ဟောကြားချီးမြှင့်တော်မူသည့်အဖြစ်ကို ဟောကြားတော်မူသည့်တရားများအပါအဝင် မှတ်တမ်းစာအုပ် ရေးသား ပြုစုထုတ်ဝေလိုပါသည်။ ခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထားရာ–

"အေး–အေး၊ လုပ်နိုင်ပါတယ်၊ ခွင့်ပြုတယ်၊ လုပ်ပါ လုပ်ပါ"ဟု ခွင့်ပြုတော်မူပါသည်။

မွန်းလွဲ ၁၂း၅၀ နာရီ။

၄၅–မိနစ်ကြာ ရွတ်ဆိုရသော ဓမ္မစကြာ ရွတ်ဆို ပူဇော်ခြင်းအမှု ပြီးစီးသွားသည်။ ဆရာတော်ဘုရားကြီးသည် ပက်လက်ကုလားထိုင်တွင် ခေတ္တနားနေ အပန်းဖြေရင်း တိုက်အုပ်ဆရာတော်၊ တခွက်ဖိုးရွာ ကျောင်းဆရာတော်တို့နှင့် စကားစမြည်ပြောဆိုနေသည်။

ပရိသတ်ကား ခန်းမဆောင်ကြီးတစ်ခုလုံး ကြပ်ပိတ် ပြည့်လျှံနေသည်။ မျက်နှာချင်းဆိုင်ရှိ စတုဒိသာဇရပ်ကြီးမှာလည်း အပြည့် ဖြစ်နေသည်။ နေသာသဖြင့် ရာသီဥတု ကြည်လင်ရကား ခန်းမဆောင်ဘေးဝန်းကျင် တစ်ခုလုံးမှာလည်း ပရိသတ်များ ပြည့်နှက်နေသည်။ ဓမ္မစကြာ ရွတ်ဆိုပူဇော်နေစဉ်အတွင်း အားလုံးသော ပရိသတ်မှာ တိတ်ဆိတ်ငြိမ်သက်စွာ နာယူရင်း ဆရာ တော်ဘုရားကြီးအား မော်၍မော်၍ ဖူးကြသည်။ ဓမ္မစကြာရွတ်ဆို ပူဇော်၍ ပြီးသွားပြီ။ တရားပွဲကို မွန်းလွဲ ၁း၀၀ နာရီတိတိတွင် စတင် ကျင်းပမည်ဖြစ်ရာ အချိန် ၁၀ မိနစ်လိုသေးသည်။

ဖော်ပြပါအတိုင်း အခြေအနေအရ အချိန်ကိုလု၍ လုပ်နေရသဖြင့် အရေးကြီးသော အစီအစဉ်တစ်ခု ကျန်နေခဲ့သည်။ ယင်းမှာ မြိုင်ကြီးငူရှိ ပြည်တော်ဝင်များက ဆရာတော်ဘုရားကြီးအား ရောက်တုန်းရောက်ခိုက် ကန်တော့ပန်းဆင်ရန် ဖြစ်သည်။ ထိုအစီအစဉ်ကို ကျန်ရှိနေသေးသော ၁၀ မိနစ်ဆိုသော အချိန်ကလေးအတွင်း ဖြည့်စွက်လိုသဖြင့် စာရေးသူမှာ ဆရာတော်ဘုရားကြီး ရှေ့မှောက်သို့ တတိယအကြိမ် ချဉ်းကပ်လျှောက်ထား ရပြန်သည်။

"ဆရာတော် အရှင်သူမြတ်ကြီးဘုရား၊ မြိုင်ကြီးငူရှိ ပြည်တော်ဝင်များကိုယ်စား ဓမ္မစကြာအဖွဲ့သူများက ဆရာတော်ဘုရားအား ဓမ္မဂီတိကဗျာများဖြင့် ရွတ်ဆိုပူဇော်ရန် စီစဉ်ထားပါသည်။ ခွင့်ပြုတော်မူပါအရှင်ဘုရား"

"အေး-အေး၊ ရွတ်-ရွတ်၊ စီစဉ်ထားတာဆို ဆက်လုပ်ပေါ့" ခွင့်ပေးတော်မူပါသည်။

သို့ဖြင့် ရွေးချယ်သင်ကြားပေးထားသော ၂၅ ဦးသော ဓမ္မစကြာ အဖွဲ့သူများကတစ်လှည့်၊ အဆိုတော် နန်းကြော့သူဇာခိုင်ကတစ်လှည့်ဖြင့် ဓမ္မဂီတိ ကဗျာများကို အလိုက်တစ်မျိုးစီဖြင့် အောက်ပါအတိုင်း သာယာနာပျော်ဖွယ်ရာ သီကျူးရွတ်ဆို ပူဇော်ကြသည်။ ဆရာတော်ဘုရားကြီးသည် ဤအစီအစဉ်ကို သဘောကျတော် မူဟန်ရှိသည်။ အတူလိုက်ပါလာသူ ဗီဒီယိုဆရာအား "ဒကာ ကျော်ဝင်း၊ ဒီအစီအစဉ်ကို ရိုက်ထားပါ"ဟု ညွှန်ကြားသဖြင့် ဦးကျော်ဝင်းဆိုသူက အစီအစဉ် စ,ဆုံး မှတ်တမ်းတင်ရိုက်ယူသွားသည်။

မဟာဝမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတောင်ရိုး သီတဂူ

ဆရာတော် ဘဒ္ဒန္တဉာဏိဿရအား မြိုင်ကြီးငူ အထူးဒေသ
ပြည်တော်ဝင်များ၏ ကန်တော့ပန်းပါဘုရား။

၅-၆-၉၉

၁။ သီတဂူစန်း--တင့်ဆန်းဝေလွှင်၊
မိုးအာကာထက်-ဖြန့်ကြက်ရောင်စဉ်၊
လောကဓာတ်လုံး-လွှမ်းဖုံးကြည်ရွှင်၊
သာယာပုံ--ဟန်စုံတွေးခဲ့ထွင်၊
ကဗျာစုံ--ဉာဏ်ကုန်ရေးဖွဲ့လျှင်၊
ကုန်နိုင်ဘူး--တင့်ထူးမျိုးစုံလင်၊
ဂုဏ်ပြိုင်ထူး--ပွင့်ဖူးဖြိုးပုံနှင်။

၂။ သီတဂူနာမ--ဆရာ့ထေရ်ရှင်၊
မြန်ပြည်မက--ကမ္ဘာ့ပေါ်တွင်၊
ဂုဏ်ရှိန်သတင်း--ပျံ့သင်းကျော်လွှင်၊
တရားစည်--တီးမြည်တွက်ဖို့ပင်၊
မအားအတည်--ခရီးရှည်လှည့်လို့အစဉ်၊
နေမနား--ကြွသွားမြတ်ထေရ်ရှင်၊
သွေမခြား--ရဟာတ်ချားမှတ်လေအင်။

၃။ မြတ်ရှင်ဗုဒ္ဓ--ထားပလေလျှင်၊
သာသနာတော်ကြီး--ပွားစီးဝေလွှင်၊
ငါးထောင်တည်တံ့--နိုင်ခံ့စေချင်၊
ဆန္ဒအမှန်--တိုးကြံမှန်းလို့ပင်၊
ဓမ္မအသံ--မိုးယံလွှမ်းဖို့ပင်၊
ထွားဟန်ဖြိုး--ဆင့်တိုးဝေစည်လွှင်၊
အားမာန်ကိုး--တင့်ဖြိုးစေသည်ပင်။

၄။ သီတဂူနာမ––ဆရာ့ထေရ်ရှင်၊
သက်တော်ပြည့်လျှမ်း––ရာတမ်းမကျော်ဝင်၊
ကိုယ်စိတ်လန်းလို့––မြေ့ချမ်းစေချင်၊
ပြည်တော်ဝင်––စိတ်ရွှင်လန်းခို့ဝင်၊
ရည်မျှော်အစဉ်––စိတ်တွင်မှန်းလို့မြင်၊
သာကြည်နူး––စပူးဟန်ထည်လွှင်၊
ဖြာရည်စူး––ဆုထူးပန်ရွှယ်ဆင်။

၅။ သီတဂူနာမ––ဆရာ့ထေရ်ရှင်၊
ဂုဏ်တော်ရပ်ရပ်––ဖြိုးလျှပ်ဝေလွှင်၊
အာရုံမျှော်ပြု––သွန်းဆုပန်ဆင်၊
ပန်းကြာငုံ––စွမ်းကုန်ဆင့်လို့တင်၊
ဆန်းအာရုံ––မွှမ်းထုံပွင့်သို့ပင်၊
စက်ဆုံနိုး––ပြည့်ဖြိုးလျှံဖြာလွှင်၊
လက်စုံမိုး––ရှိခိုးပန်ထွာဆင်။

* သီတဂူဆရာတော်၊ ကမ္ဘာကျော်၊ သက်တော် ရာတမ်း
လွှမ်းပါစေ– လွှမ်းပါစေ။

* သီတဂူဆရာတော်၊ နိုင်ငံကျော်၊ စိတ်တော်မြေ့ချမ်း
လန်းဖြာဝေ– လန်းပါစေ။

* သီတဂူဆရာတော်၊ ထေရ်မဟော်၊ ကိုယ်တော် ခံ့ကျန်း
လန်းပါစေ– လန်းပါစေ။

* သီတဂူထေရ်မဟာ၊ မြတ်ဆရာ၊ နှစ်ဖြာကိုယ်စိတ်
ကျန်းမာစေ– လန်းပါစေ။

* ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာလေးမြင့်
တည်ပါစေ– တည်ပါစေ။

သာဓု–သာဓု–သာဓု ပါဘုရား. . .။

(မြို့ငနန်းဆွေ–ရေးဖွဲ့ပူဇော်သည်။)

ရေးစပ်စဉ်ကပင် ၁၀–မိနစ်စာ မှန်း၍ရေးစပ်ထား သဖြင့် ဓမ္မဂီတာကဗျာဖြင့် ကန်တော့ပန်းဆင်၍အပြီးမှာ အချိန်ကား မွန်းလွဲ ၁း၀၀ နာရီတိတိရှိသွားပေပြီ။ အချိန် ကိုက်ပင် ဖြစ်တော့သည်။

မွန်းလွဲ ၁း၀၀ နာရီ။

ကြွရောက်လာကြကုန်သော သူတော်စင် တရားနာ ပရိသတ်အပေါင်းအား နှုတ်ဆော်ပြောကြားပြီး ဆရာတော် ဘုရားကြီးအား ဓမ္မပလ္လင်တော်ပေါ်သို့ ပင့်လျှောက်ကာ တရားပွဲကို စတင်ကျင်းပသည်။ ဟိုး–စောစောက အမှတ်မထင် ရေးခဲ့မိသော "လေထွက် လေဝင်" ဟူသော စကားသည် ယခုထိ အရှိန်မသေသေး။ အမှတ်ထင်ထင် တွင်ကျန်ရစ်စရာအဖြစ် ကြုံဖန်ဖြစ်ပေါ် လာသေးသည်။

ဖြစ်ပုံမှာ–

ပရိသတ်များ ဩကာသကန်တော့ချိုးဖြင့် ရှိခိုးအပြီး အဟံဘန္တေ–စသဖြင့် ငါးပါးသီလ တောင်းခံအပြီးတွင် အသံချဲ့စက်သံ တိခနဲပြတ်သွားသည်။ တာဝန်ရှိ ပုဂ္ဂိုလ် များ ပျာပျာသလဲဖြစ်သွားသည်။ လျှပ်စစ်မီးပြတ်တောက် သွားခြင်းဖြစ်သည်။ အသံချဲ့စက်မှာ အေစီဓာတ်အားသုံး ဖြစ်သဖြင့် လျှပ်စစ်မီး ပြတ်တောက်သွားသည်နှင့် အသံ တိတ်သွားသည်။ ခန်းမဆောင်တွင်းရှိ မီးလုံးအချို့ လင်း နေသဖြင့် ပင်မဓာတ်အားပေးစက်ရုံက ချွတ်ယွင်းခြင်း မဖြစ်နိုင်ဟု သိကြပြီး အပြစ်ရှာကြရာ လျှပ်စစ်မီးတိုင်မှ ဖြုတ်ပြတ်သွားကြောင်း တွေ့ရှိရသည်။ ဖြုတ်တပ်အပြီး တရားပွဲပြန်စချိန်မှာ ၁း၃၅ နာရီ၊ ငါးပါးသီလယူအပြီးမှာ ၁း၄၀ နာရီ ရှိသွားပြီ။

မွန်းလွဲ ၁း၄၀ နာရီ။

ဤအချိန်မှစတင်၍ သီတဂူဆရာတော်ဘုရားကြီး သည် မြိုင်ကြီးငူဒေသစခန်းရှိ မြတ်ပန်းဝတ်မှုန် ခန်းမ ဆောင်တွင် တရားတော်ကို ဟောကြားချီးမြှင့်တော်မူ လေသည်။ တရားတော် ဟောကြားသောအချိန်ကျမှသာလျှင် သီတဂူ ဆရာတော်ဘုရားကြီးအား စာရေးသူ အားရပါးရ ဖူးမြော် ရပါတော့သည်။ မိုးမလင်းမီ ကတည်းကစ၍ ဓမ္မသဘင်၌ ငါးပါးသီလယူပြီးသည့် အချိန်ထိ ဗီဒီယို ရိုက်စက်ဖြင့် ပြေးလွှားကာ မှတ်တမ်း တင်ဆောင်ရွက်လိုက်၊ အစီအစဉ် လစ်ဟာမှုမရှိအောင် အခြားတာဝန်ကျပုဂ္ဂိုလ်များနှင့် ညှိနှိုင်း စီစဉ်လိုက်ဖြင့် တစ်ချိန်လုံး အလုပ်ရှုပ်နေခဲ့ရသည်။ တရား တော်ကို စတင်ဟောကာမှ ဗီဒီယိုကင်မရာကို ဒေါက်ပေါ်တပ် ဆင်၍ အဖွင့်ခလုတ်နှိပ်ထားရုံသာဖြစ်တော့သဖြင့် ယခုမှ ဆရာတော်ဘုရားကြီးအား အားပါးတရ ဖူးမြော်ရခြင်း ဖြစ်ပေတော့သည်။

ဆရာတော်ဘုရားကြီးမှာ သက်တော် (၆၃) နှစ်၊ ဝါတော် (၄၃) ဝါ ရှိပြီးဖြစ်သည်ဟု သိရှိထားရသည်။ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း၊ ခန္ဓာကိုယ် ကြီးမားခန့်ထည်သည်။ သို့သော် ဝလွန်း ဆူဖြိုးလွန်း သော ကြီးမားခြင်းတော့မဟုတ်ပေ။ ခိုင်ခိုင်သန်စွမ်းသော ကြီးမားခြင်း မျိုးသာ ဖြစ်သည်။ တောင်တန်းသာသနာပြု ဆရာတော် ဘုရားကြီး ဦးဥတ္တမသာရ၏ ကြီးမားခံ့ထည် ခြင်းမျိုးသာ ဖြစ်သည်။

အသက် (၆၃)နှစ်ဟုဆိုသော်လည်း အိုစာလှသည် မဟုတ်သေး။ ခရီးလမ်းကြမ်းကြမ်းမှာ ကားအပြေး မောင်းပြီး

လာခဲ့ရသော်လည်း ပင်ပန်းဟန်သော်မျှမရှိ၊ ပကတိ ကျန်းမာရွှင်လန်း တက်ကြွလျက်ပင် ရှိနေသည်။ အသားအရေမှာ ဖြူသည်ဟု မဆိုသာသော အညိုဘက်သို့ အနည်းငယ် လှသော အသွေးအရောင်တော် ဖြစ်သည်။ မျက်လုံးတော်မှာ စူးရှတောက်ပြောင်သည်။ အသံတော်မှာ ခန့်ညားသော အသံဝါကြီးဖြစ်သည်။ သြဇာတိက္ကမ ထက်မြက်သော အသံတော်ဖြစ်သည်။

တရားဟောပြောရာတွင် အားရပါးရ ဟောပြောသဖြင့် အောင်မြင်ခန့်ညားသော အသံတော်ရှိသော်လည်း သာမန် စကားပြောချိန်တွင်မူ တိုးညင်းသာယာစွာ ပြောဆိုရသည်ကို တွေ့မြင်ကြားနာရသည်။ အသံတော်၌ မေတ္တာသံအပြည့် ပဲ့တင်ထပ်လျက်ရှိကြောင်း သတိပြုမိသည်။ ဆရာတော် ဘုရားကြီးသည် တရားတော်ကို နှစ် ၄၀–နီးနီး ဟောပြော ခဲ့ပြီးဖြစ်သဖြင့် အချက်ကျကျ ပိုင်ပိုင်နိုင်နိုင် ဟောပြောနိုင် စွမ်းရှိသည်။ ဟောမှု ပြောမှု ကျွမ်းကျင် နိုင်နင်းသည်ဟု ဆိုလိုသည်။

ဆရာတော်ဘုရား ဟောကြားထားသော တရားခွေ ပေါင်းများစွာကို ကြားနာဖူးခဲ့ရသည်။ ထို့ကြောင့်လည်း မဟာဓမ္မကထိကဟု ကမ္ဘာကျော်နေခြင်း ဖြစ်သည်။ မြန်မာ နိုင်ငံအတွင်းမှာသာမက ကမ္ဘာ့နိုင်ငံ အသီးသီးသို့လည်း အမြဲလိုလို သွားရောက်ကာ တရားဓမ္မများ ဟောကြားချီးမြှင့် လေ့ရှိသည်။ မဟာဓမ္မကထိက အကျော်ဟုဆိုရသော် ပို၍ သင့်နိုးအံ့ထင်သည်။ ဆရာတော်ဘုရားကြီးအား နိုင်ငံတော်မှ ချီးမြှင့်ဆက်ကပ် အပ်နှင်းလှူဒါန်းထားသော ဘွဲ့တံဆိပ်တော် များမှာ (သိသမျှသာ ဖော်ပြထားခြင်းဖြစ်သည်။)

၁။ **အဂ္ဂမဟာပဏ္ဍိတ**

၂။ **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

၃။ **မဟာဓမ္မကထိက ဗဟုဇနဟိတဓရ**

တို့ ဖြစ်သည်။ ပေါင်း၍ဆိုရသော်-

**"အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိဿရ"** ဟူ၍ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး ဟောကြားသော တရားတော်များအား ရဟန်းရှင်လူ မည်သူမဆို လူကြီးလူငယ် လူလတ် မရွေး အားလုံး နှစ်သက်သဘောကျကြသည် ချည်းဖြစ်သည်။ အရပ်ဌာန၊ အရပ်ဒေသအားလျော်စွာ လူစဉ်ကြည့်၍ လျော်ညီသော တရားဓမ္မမျိုးကို လိုက်လျောညီထွေစွာ ဟောကြားတတ်သည်။ ခေတ်ပညာ တတ်သော တက္ကသိုလ် ဆရာ ဆရာမများ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ၎င်းတို့နှင့် လိုက်ဖက်သော ခေတ်အမြင်၊ ခေတ်အတွေး၊ ခေတ်အသုံးဖြင့် ကြားနာသူအားလုံး နားစွဲအောင် ဟောကြားလေ့ရှိကြောင်း ဟောပြီးတရားခွေများမှတစ်ဆင့် ကြားနာ ဖူးရသည်။

ပဋိရူပဒေသနှင့် လျော်ညီသော ပဋိရူပဓမ္မကို ဟောပြ နိုင်စွမ်းလောက်အောင်လည်း ဆရာတော်ဘုရားသည် ပိဋကတ်တော်ကို မွေ့နှောက် ချောက်ချားလောက်အောင် တတ်မြောက်တော်မူသည်။ ပါဠိတော်ကြီးများကို ရွတ်ပြ၍ လည်းကောင်း၊ အဋ္ဌကထာ အဖွင့်များကို ရွတ်ဆိုဖွင့်ပြ၍ လည်းကောင်း၊ လိုအပ်လျှင် အင်္ဂလိပ်ဘာသာစကားကို ကြားညှပ်၍လည်းကောင်း အထောက်အထား ခိုင်လုံစွာ

လက်တန်းဟောကြားပြသလေ့ရှိသည်။ ပိဋကတ်တော်ကို ချောက်ချားလောက်အောင် တတ်သည် မို့လည်း လိုတိုင်း ရသော ကုဋ္ဌာသယ ရွှေအိုးတည်း ဟူသော ပိဋကတ်တော်မှ လိုသောအချက်အလက်များကို ထုတ်နုတ်ကိုးကား၍ တရား နာယူမည့် ပုဂ္ဂိုလ်တို့နှင့် လျော်ညီသော တရားများကို အချက် ကျကျ ဟောကြား တတ်လေသည်။

ယခုလည်း မြို့ကြီးငှူဒေသ စခန်းရှိ ပြည်တော်ဝင် များအား ဒေသခံ ပြည်တော်ဝင်များနှင့် အံဝင်ခွင်ကျ လိုက်လျောညီထွေသော တရားတော်ကို အချိန် နှစ်နာရီ တိတိယူ၍ မေတ္တာရှေ့ထား၊ ဟောကြားတော်မူသည့် အဖြစ်ကို မှတ်တမ်းတင်ပူဇော်လိုက်ရပါသည်။ မည်သို့ လိုက်လျောညီထွေသော တရားတော်အား ဟောကြား ချီးမြှင့် တော်မူသည့်အဖြစ်ကို အောက်မှာ ပြည့်စုံစွာ ဖော်ပြထားပါ သည်။ အာရုံထားမှု သမာဓိအစုဖြင့် ဖတ်ရှု ကြည့်မြင်စေချင် ပါသည်။ အောင်မြင်ခန့်ညားသော အသံတော်ဖြင့် ဟောကြားတော်မူသည့် အဖြစ်ကိုလည်း မနောဒွါရ ဘဝင် တံခါးမှာ အစဉ်ကြားသည့်နှယ် အာရုံ ပြု၍ နာယူစမ်း ပါဘိ...။

*  *  *

# သီတဂူစန်းလရောင်ဖျန်းလေပြီ

မေတ္တာအာသိသ

**မေတ္တာနိသာကရော လောကေ၊**
**သမ္မာ ဘာတု သုခံကရော။**
**မေတ္တာသီတလရံသီဟိ၊**
**သုခန္တု ဖုသိတာ ပဇာ။**

လောကေ-သတ္တာအလီလီ ခိုမှီပေါလတ် လောကတ် ကမ္ဘာအတွင်း၌ မေတ္တာနိသာကရော။ မေတ္တာ အေးလူ ဖွေးဖြူပဝင်း ငွေလမင်းကြီးသည်။ သမ္မာ-သတ္တဝါတွေ အေးမြစေဖို့ အသရေရွှန်းကာ ကောင်းမွန်စွာ။ သုခံကရော-သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်း လန်းလာယခု ချမ်းသာကိုပြုလျက်။ ဘာတု-ရန်လည်းကင်းဝေး ဘေးလည်းမခ အအေးရဖို့ ရွှန်းမြအသရေ တွန်းပပါစေသတည်း။ မေတ္တာသီတ လရံသီဟိ-မေတ္တာဖွေးလျှပ် အအေးဓာတ် ဆောင်သည့် အရောင်အဝါတို့ဖြင့်။ မေတ္တာသီတလရံသီဟိ-မေတ္တာ ဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါကို သည်။ ဖုသိတာ-အဖုံဖုံလွှမ်း ထုံမွှမ်းမလပ် တွေ့ထိအပ်ကုန်သော၊ ပဇာ-ကမ္ဘာ့ခေတ်ပွေ အပြည်ပြည်၌ တည်နေ

များစွာ သတ္တဝါတို့သည် သုခန္တု–ကိုယ်စိတ်အေးကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း။

- ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာကြပါစေ။ (အားလုံး သုံးခေါက်တညီတည်း)
- မေတ္တာနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။
- မေတ္တာရန်သူ ဒေါသမူ အပူကင်းပါစေ။
- မေတ္တာရေစမ်း ကိုယ်စီဖြန်း အေးချမ်းကြပါစေ။
- ခန္တီဓါးရန် ဒေါသမာန် တွန်းလှန်နိုင်ပါစေ။
- ခန္တီနှလုံး အစဉ်သုံး ရွှင်ပြုံးကြပါစေ။
- ဒို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။

## ငြိမ်းချမ်းရေးမြစ်နဒီတရားတော်

၁၃၆၁–ခုနှစ်၊ နယုန်လပြည့်ကျော် (၇)ရက်နေ့ နေ့လယ်ခင်းကာလ ၁ နာရီ ၁၅ မိနစ်အချိန်မှစ၍ စတင်ကာ ကရင်ပြည်နယ် မြိုင်ကြီးငူစခန်းရှိရာ မြိုင်ကြီးငူဆရာတော်ရဲ့ တပည့် ဒကာ ဒကာမတို့အား ဘုန်းကြီးတို့ လာရောက် မေတ္တာထားပြီးတော့ မေတ္တာပွားမည့် ဓမ္မသဘင်ကို ယခုအခါ မေတ္တာအာသီသ၊ မေတ္တာ ပတ္ထနာနဲ့ စတင်ဖွင့်လှစ်ပါပြီ။

ဓမ္မသဘင်ပွဲ အားခဲလို့ လာကြသော တရားချင်ခင်သူတော်စင်အပေါင်းတို့နှင့်တကွ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာမှာရှိကြကုန်သော အနန္တသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ ဆင်းရဲကင်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ မေတ္တာဓာတ်တွေ ဖြန့်ဝေပြီးတော့ ဓမ္မသဘင်ကို ဖွင့်လှစ်ပါပြီ။

ဓမ္မသဘင်ဖွင့်လှစ်ပြီလို့ ကြေညာလိုက်တဲ့အချိန်မှာ ဘုန်းကြီးရဲ့ နာရီက ၂ နာရီထိုးဖို့ မိနစ် ၂၀။ ၁ နာရီ ခွဲပြီးလို့ ၁၀ မိနစ်လွန်သွားပါပြီ။ ဘုန်းကြီး ခုနက ဒကာကြီးတစ်ယောက်ကို မေးကြည့်တယ်။ "ဟောဒီ တရားပွဲ လာတာ ဒကာကြီး ထမင်းစားပြီးပလား" ဆိုတော့ "မစားရ သေးပါဘုရား" လို့ ဒကာကြီး တစ်ယောက်က ဖြေတယ်။ မစားရသေးတဲ့လူတွေ ဒီအထဲ တော်တော်များနေတယ်လို့ ဘုန်းကြီး ဒီလိုပဲ ယုံကြည်တယ်။ အဲဒီတော့ ဒီလိုလုပ်ရင် မကောင်းဘူးလား၊ အားလုံး ထမင်းပြန်စားကြပါဦးလား၊ ဘုန်းကြီးက အိပ်ပြီးစောင့်နေမယ်၊ ဘုန်းကြီးက စားပြီးတော့ အိပ်ချင် နေတာကိုး။

(ရယ်သံများ)

ပရိသတ်ကလဲ မစားရသေးတော့ အိပ်ချင်နေမှာပါပဲ၊ ကောသလတိုင်းရဲ့ ဘုရင်ကြီး ပသေနဒီကောသလမင်းဟာ ခန္ဓာကိုယ်က ထွားထွားကျိုင်းကျိုင်း၊ အရပ်က ရှည်ရှည်၊ ဗိုက်ကကြီးကြီး၊ အလွန်စားတယ်၊ အငြိမ့် လူပြက်တွေ ပြောသလို ဆန်တစ်စိတ်နဲ့ဆိတ်တစ်ကောင်တော့ အေးအေး ဆေးဆေးစားတယ်။ ဒါ အငြိမ့် လူပြက်တွေ ပြောတာ၊ ဟုတ်ချင်လဲဟုတ်မယ်၊ မဟုတ်ချင်လဲနေ၊ အစားကြီးတာ တော့ မှန်တယ်။

အဲဒီ ကောသလဘုရင်ဟာ ထမင်းမစားခင် ဘုရား ရှင်ထံ သွားပြီး တရားနာဖို့ ထိုင်လို့ရှိရင် ဆာလွန်းလို့တဲ့ တရားမနာနိုင်ဘူး၊ သူ့ဗိုက်ကို နှိပ်နှိပ်ပြတယ်။ ဘုရားက အလိုက်သိတယ်။ "ဩော်...ငါ့ရှင်ဘုရင် ထမင်းဆာလွန်းလို့ တရားမနာနိုင်ဘူး၊ ဗိုက်ချည်းနှိပ်ပြတယ်" ဆိုပြီး ဘုရားက

တစ်လုံးတည်းပဲ ပြောတယ်။ "**ဝိဿူစိကာ ပရမာ ရောဂါ**–ဒကာတော်၊ မင်းကြီး ထမင်းဆာတာ ရောဂါတစ်မျိုးပဲ"တဲ့။ အလွန်ဆေးကုခက်တဲ့ ရောဂါ၊ ဘယ်ဆရာမှ ဆေးကုလို့ မရဘူး။ "ဒါဆို ဘယ်လိုလုပ်ကုမလဲ ဘုရား" "ထမင်းစားမှ အဲဒီရောဂါပျောက်မယ်" ဘုရားက ပြောတယ်။ "ဒါဆို ဆေးကုရအောင် တပည့်တော် ပြန်လိုက်ပါဦးမယ်ဘုရား" ဆိုပြီး ပြန်ထမင်းစားတယ်။ တရားက တစ်လုံးပဲ ဟောလိုက်ရတယ်။ **ဝိဿူစိကာ ပရမာ ရောဂါ**–ဆာလောင်မွတ်သိပ်ခြင်းဟာ ရောဂါ တစ်မျိုးပဲ။ ပရိသတ်ရေ မွတ်သိပ်ခြင်းဟာ ဘာတစ်မျိုးလဲ?။

(ရောဂါတစ်မျိုးပါဘုရား)

"ခု... ပရိသတ် ရောဂါတက်ပြီလား"

(ရယ်သံများ)

တက်ရင်လဲ ပြန်ပြီး စားကြ၊ ကောသလမင်းကြီးဟာ ဆာဆာနဲ့ လိုမ့်လိုမ့်ပြီး စားလိုက်တာ၊ ချင့်ချိန်ပြီးတော့ မစားဘူး၊ ဘုန်းကြီးလဲပဲ မိုင်တော်တော်များများကို ကားလမ်း ခပ်ကြမ်းကြမ်းမှာ ခပ်ပြေးပြေး မောင်းပြီးလာတာ တော်တော်တော့ ဆာတယ်။ ဒီရောက်တော့ "အင်း...ငါဆာတိုင်းသာ နင်းပြီးတော့ စားမယ်ဆိုရင် စားပြီးတာနဲ့ ငါ ပလ္လင်ပေါ်တက်ပြီး စကားပြောရဦးမှာ၊ ပြောနိုင်မှာမဟုတ်ဘူး" ဆိုပြီး စားနေကျ စံချိန်ထက် ၃–ပုံ ၁–ပုံလောက် လျှော့စားထားတာ။ ကောသလမင်းက အဲသလို မဟုတ်ဘူး၊ စံချိန်ထက် လွန်အောင်ကို စားပစ်လိုက်တာ။ လည်ချောင်းမှာ ထမင်းတွေဆို့ပြီး ပြန်လာတာ။ ဘုရားရှေ့မှောက် ရောက်တော့ တရားနာမယ်လဲ ကြံရော ကောသလရှင်ဘုရင် အဲဒီအခါမှာ ဗိုက်

မနိုပ်တော့ဘူး၊ မေး လက်နဲ့ထောက်ထားတယ်။ ငိုက်ပြီ ကိုးဗျ။

(ရယ်သံများ)

အဲဒီတော့ မြတ်စွာဘုရားက "ဩော်...ဒီရှင်ဘုရင် ရောဂါတစ်မျိုး တက်လာပြန်ပြီ။ မစားခင်တုန်းကလဲ ဆာလောင်တဲ့ရောဂါ၊ အဲဒါကြောင့် ငါက ကိုင်း...၊ ရောဂါ ကုလိုက်ဦးဆိုတော့ ပြန်စား။ ခု...စားပြီး ပြန်လာတော့လဲ မချင့်မချိန်ဘဲ တအားစားတာ။ ထမင်းဆိပ်တက်ပြီးတော့ ဟောဒီမှာ အဆီယစ်ပြီး ငိုက်မျဉ်းနေတယ်။ အဲဒါဆိုရင် ဒီဘုရင်နဲ့တော်ရုံပဲ..."ဆိုပြီးတော့ တရားကို ဘုရားက တစ်လုံးပဲ ဟောတယ်။ **"ဘတ္တ သမ္မဒ္ဒော ရောဂါ မဟာရာဇ"**။

မဟာရာဇ-သမုတိနတ် အိမ်းမြတ်၊ ဘတ္တ သမ္မဒ္ဒော-ထမင်းအိပ်တက်နေ-ထမင်းဆိယစ်ပြီးတော့ ငိုက်မျဉ်းနေတယ် ဆိုတာဟာလဲပဲ အတောက်စွော-ဆေးကုလို့ မရနိုင်တဲ့၊ ရောဂါ-ရောဂါတစ်မျိုးပဲ။

ထမင်းဆိပ်တက်ပြီး ငိုက်မျဉ်းပြီးတော့ နေတာ တသမ်းသမ်းတဝေဝေ ဖြစ်နေတာဟာလဲပဲ ဆရာဝန် ဆေးကုလို့ မပျောက်နိုင်သော ရောဂါတစ်မျိုးပဲ။ ပရိသတ်ရေ... စားပြီးတော့ ဘာဖြစ်လဲ။ ထမင်းဆိပ်တက်တာ။ ဘာဖြစ်လဲ? ပြောပါ။

(ထမင်းဆိပ်တက်တာပါဘုရား)

အဲဒီလို ထမင်းဆိပ်တက်ပြီးတော့ ငိုက်လာရင် အဲဒီ ရောဂါ ဘာဆေးနဲ့ ကုမလဲဆိုတော့ "ဒကာတော်မင်းကြီး၊ အဲဒါ အိပ်မှပျောက်တယ်" "ဒါဆို...တပည့်တော် ရောဂါ ကု..အောင် ပြန်ဦးမယ်ဘုရား" ဆိုပြီး ပြန်သွားပြန်ရော၊ တရား

ဟောကိုမဟောလိုက်ရဘူး။ မစားခင် ဘာရောဂါဖြစ်လဲ?၊ ဆာလောင်တဲ့ရောဂါ။ စားပြီးပြန်တော့ ဘာရောဂါဖြစ်လဲ? ဝိုက်မျဉ်းတဲ့ရောဂါ။ ခု...ဟောဒီ ပရိသတ်မှာ ရောဂါနှစ်မျိုး စလုံးပဲ တက်ပုံ ရတယ်။

မစားရသေးတဲ့ ပရိသတ်က ဆာလောင်တဲ့ရောဂါ၊ စားပြီးတဲ့ ပရိသတ်က အိပ်ချင်ဝိုက်မျဉ်းတဲ့ရောဂါ၊ အဲဒါဆိုရင် အကုန်လုံးပြန်ကြတော့။ ရောဂါပြန်ပြီး ဆေးကုရအောင်၊ ဘုန်းကြီးလဲ ခဏဆင်းပြီး အိပ်လိုက်မယ်။ အဲဒါ အကောင်း ဆုံးက ဒါပဲ။

(ရယ်သံများ)

အချိန်က နေ့လယ်။ ရောဂါတက်တဲ့အချိန် ဖြစ်နေ တယ်။ အဲဒီတော့ အားလုံးပဲပေါ့လေ။ ဘာရောဂါပဲဖြစ် ဖြစ်၊ ဆာလောင်တဲ့ရောဂါရော၊ စားပြီးလို့ ထမင်းဆိပ် တက်တဲ့ ရောဂါရော၊ ရောဂါနှစ်မျိုးကို မှတ်ထား။ ဓမ္မဆေးနဲ့ကုရမယ်။ ဘာဆေးနဲ့ကုမယ်။

(ဓမ္မဆေးနဲ့ပါဘုရား)

အေး...ဓမ္မဆေးဟာ ဘာရောဂါကိုမဆို အကုန်လုံး ပျောက်စေတယ်နော်။

(မှန်ပါဘုရား)

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဘာနဲ့ တူသလဲ? ဆိုတော့ အလွန်ကျွမ်းကျင်နိုင်နင်းသော ဆေးသမားကြီးနဲ့ တူတယ်။ မြတ်စွာဘုရားဟောတဲ့ သီလ သမာဓိ ပညာဆိုတဲ့ ဓမ္မသည် ဆေးကောင်းဝါးကောင်းနဲ့တူတယ်။ မြတ်စွာဘုရား ဟောထားတဲ့ သုတ္တန် ဝိနည်း အဘိဓမ္မာ ပိဋကတ်သုံးပုံသည်

ဆေးညွှန်းကျမ်းကြီးနဲ့ တူတယ်။ သုံးမျိုး ဘုန်းကြီးတို့ ပြောတာ။ ပရိသတ်ကြီး မှတ်စမ်းပါ။

ဘုရား ဘာနဲ့တူသလဲ?။ ဆေးသမားနဲ့တူတယ်။

ပိဋကတ်သုံးပုံတော့ ဆေးညွှန်းကျမ်း။

သီလ သမာဓိ ပညာ က ဆေးကောင်းဝါးကောင်းနဲ့ တူတယ်။ အဲဒါကြောင့် ဘုရားတည်းဟူသော ဆေး သမားကို မှီရို့။ ပိဋကတ်သုံးပုံဟူသော ဆေးညွှန်းကို နာနာဖတ်။ သီလ သမာဓိ ပညာ ဆိုတဲ့ ဆေးကို ကောင်းကောင်းစားရင် ပရိသတ်ရေ ဘာရောဂါမဆို အကုန်လုံး မပျောက်နိုင်ဘူးလား။ အဲဒါ ဘုရားသာသနာ တော်ရဲ့ ထူးခြားတဲ့ လက္ခဏာတော် ဖြစ်ပါတယ်၊ မှတ်မိအောင် မှတ်ထား...။

ဘုရားသည်-ဆေးဆရာ။

ပိဋကတ်သည်-ဆေးညွှန်းကျမ်း။

သီလ သမာဓိ ပညာသည်-ဆေးကောင်းဝါးကောင်း တွေ။

ဟောဒီပရိသတ်ကြီးက ဘာဖြစ်လဲ။ ရောဂါသည်တွေ ဖြစ်တယ်။ ရောဂါသည်တွေက ဆေးသမားကို ချဉ်းကပ်ပါ။ ကိုယ့်ရောဂါကိုတင်ပြ။ ပြီးတော့ ဆေးသမားတည်းဟူသော ဘုရားက ပိဋကတ်သုံးပုံဆိုတဲ့ ဆေးညွှန်းကို ပေးလိမ့်မယ်။ အဲဒီ အညွှန်းကို ဖတ်ပြီးရင် သီလ သမာဓိ ပညာ ဆိုတဲ့ ဆေးကိုစား။ ပရိသတ်ရေ...ရောဂါ မပျောက်ဘူးလား?။

(ပျောက်ပါတယ် ဘုရား)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-ဆိုတာ ဘာအဓိပ္ပာယ်နဲ့ ဗုဒ္ဓကို ချဉ်းကပ်သလဲဆိုရင် အဓိပ္ပာယ်က အဲဒီနည်း ဖြစ်တယ်။ ဆေးသမားအနေနဲ့ ဗုဒ္ဓရှင်တော်ကို ချဉ်းကပ်ကြတယ်။

ပိဋကတ်သုံးပုံတည်းဟူသော ဓမ္မ။ သီလ သမာဓိ ပညာ တည်းဟူသော ဓမ္မ။ ဘယ့်နှယ်ကြောင့် ဓမ္မံ သရဏံ ဂစ္ဆာမိ လုပ်တုံးဆိုရင် ပိဋကတ်သုံးပုံတည်း ဟူသော ဓမ္မကို ဓမ္မံသရဏံ ဂစ္ဆာမိ–လုပ်ရတာဟာ ဆေးညွှန်းတွေမို့လို့၊ ဖတ်စရာ ဆေးညွှန်းတွေကို ချဉ်းကပ်ရတာ။ သီလ သမာဓိ ပညာဆိုတဲ့ ဓမ္မကိုတော့ ဘယ်အနေနဲ့ ချဉ်းကပ်သလဲဆိုရင် ဆေးကောင်း ဝါးကောင်းအနေနဲ့ ချဉ်းကပ်တယ်။

ဟောဒီ သံဃာတော် အရှင်မြတ်တွေကိုတော့ ဘာ အဓိပ္ပာယ်နဲ့ သံဃံ သရဏံ ဂစ္ဆာမိ–လုပ်တုံးဆိုရင်လေ။ မှတ်ထား။ နှစ်ပေါင်း ၂၅၀၀ ကျော်ကျော် ဒါလောက် ကောင်းတဲ့ ဆေးညွှန်း။ ဒါလောက်ကောင်းတဲ့ ဆေးဝါး။ ဆေးညွှန်းက ဘာလဲ?။ ပိဋကတ်သုံးပုံ။ ဆေးဝါးက သီလ သမာဓိ ပညာ။

အဲဒီဆေးညွှန်းတွေနဲ့ ဆေးဝါးတွေကို နှစ်ပေါင်း ၂၅၀၀ ကျော်ကျော် မပျောက်မပျက်ရအောင်ထိန်းသိမ်း စောင့်ရှောက် တော်မူလာတဲ့ သံဃာတော်တွေကို ဘာလုပ်ရမလဲ?။ ချဉ်းကပ် ရပါတယ်...တဲ့။ ဆေးညွှန်းကို သိမ်းတဲ့ ကျေးဇူးရှင်များ၊ ဆေးဝါးတွေကို ထိန်းသိမ်းတော် မူလာတဲ့ ကျေးဇူးရှင်တွေ အဖြစ်နဲ့ သံဃာတော်များကို ချဉ်းကပ်တာလို့ ပရိသတ် ဒီလိုမှတ်ထား။

မိမိတို့ရဲ့ ကိုးကွယ်ခြင်းကို ဒီလိုနားလည်ထား။ ဘုန်းကြီး တို့ ဟိုဘက် တိုင်းပြည်တွေ အနောက်နိုင်ငံတွေမှာ ဗုဒ္ဓ ရှင်တော်ကို ဒီကနေ့ ဗုဒ္ဓဘာသာတွေ ဘယ်လို အနေအထား မျိုးနဲ့ ကိုးကွယ်သလဲဆိုလို့ရှိရင် ဘုန်းကြီးတို့ပြောတာ နှစ်မျိုး ရှိတဲ့အထဲက ဒီကနေ့ မြို့ကြီးငူဒေသမှာ တစ်မျိုး ဘုန်းကြီးတို့

ဖြန့်ချိထားတယ်။ တို့များမှာ မြတ်ဗုဒ္ဓကို ချဉ်းကပ်တာ ဆေးဆရာရယ်လို့ သဘောထား ချဉ်းကပ်တာ။ ပိဋကတ် သုံးပုံကိုသင်တာ ဆေးညွှန်းဖတ်တဲ့သဘောနဲ့ သင်တာ။ သီလ သမာဓိ ပညာကို ကျင့်သုံးတာကတော့ ဆေးစားတဲ့အနေနဲ့ ကျင့်သုံးတာ။

သံဃာတော်တွေကို ကိုးကွယ်တာကတော့ အဲဒီ ဆေးညွှန်း၊ ဆေးဝါးတွေကို နှစ်ပေါင်း ၂၅၀၀ ကျော် ကြာအောင် ကြာတဲ့ခရီးမှာ မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်တဲ့ ဆရာသမား ကျေးဇူးရှင်များ အနေနဲ့ ကိုးကွယ်ပြီး ဆည်းကပ်တာလို့၊ အဲဒီလို ဘုန်းကြီးတို့ ပြောခဲ့တယ်။ ဒီမှာလဲ ဒီအတိုင်း ပြောပါတယ်။ ကိုယ် ကိုးကွယ်တဲ့ ရတနာသုံးပါးရဲ့ အဓိပ္ပာယ်ကို အတိုချုပ်ပြီးတော့ ဒီလို မှတ်သားစေချင်ပါတယ်။

ခုနက ဓမ္မသဘင်အစမှာ ဘာလုပ်ခဲ့သလဲဆိုရင် မေတ္တာပို့ခဲ့တယ်။

**နစ ခုဒ္ဒ မာစရေ ကိဉ္စိ၊**
**ယေန ဝိညူ ပရေ ဥပဝဒေယျုံ။**
**သုခိနောဝ ခေမိနော ဟောန္တု၊**
**သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။**

**(မေတ္တသုတ်၊ သုတ္တနိပါတ)**

ဘိက္ခဝေ–ရဟန်းတို့။ ယေန–အကြင် မကောင်းမှု တစ်စုံတစ်ခု ပြုမိတဲ့အတွက်ကြောင့်။ ပရေ–သူတစ်ပါး ဖြစ်ကုန်သော။ ဝိညူ–ပညာရှိတို့သည်။ ဥပဝဒေယျုံ–ကဲ့ရဲ့ စွပ်စွဲကြကုန်ရာ၏။ တာဒိသံ–ထိုသို့ သဘော ရှိသော ပညာရှိ သူတော်ကောင်း ကဲ့ရဲ့ဖွယ်ကောင်းတဲ့၊ ပါပံ–မကောင်းမှုမျိုးကို၊

ခုဒ္ဒံ–သေးငယ်တဲ့ အမှုကလေးပင် ဖြစ်လင့်ကစား။ ကိဉ္စိ–နည်းနည်းလေးမှ၊ နအာစရေ–ဘယ်လိုနည်းနဲ့မှ မလွန်ကျူး ကြပါနဲ့လို့။ သတ္ထာ နတ် လူတို့ဆရာ ဘုရားရှင်သည်။ အဝေါစ–ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု–သာဓု–သာဓု ပါဘုရား)

ရဟန်းတို့၊ ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့ဖွယ်ဖြစ်တဲ့ မကောင်းမှုဆိုရင် သေးငယ်တဲ့အမှုလေးပင် ဖြစ်လင့်ကစား နည်းနည်းလေးမှ မကျူးလွန်ကြပါ ကုန်လင့်။

**နစ ခုဒ္ဒံ မာစရေ ကိဉ္စိ၊**

**ယေန ဝိညူ ပရေ ဥပဝဒေယျုံ။**

အဲဒီစာပိုဒ်ကို ဘာသာပြန်ရင် ဘုန်းကြီးတို့ ပရိသတ်ရေ...ပညာရှိ သူတော်ကောင်းကဲ့ရဲ့ဖွယ်ဖြစ်သော မကောင်းမှုကို သေးငယ်တဲ့ အမှုကလေးပင်ဖြစ်လင့်ကစား–

ခုဒ္ဒံ–ဆိုတာ သေးသေးငယ်ငယ်၊

ကိဉ္စိ–ဆိုတာ နည်းနည်းလေးမှ

န အာစရေ–မလွန်ကျူးကြနဲ့...တဲ့။

ပညာရှိ သူတော်ကောင်း ကဲ့ရဲ့မယ့် သေးငယ်တဲ့ အမှုကလေးပင် ဖြစ်လင့်ကစား နည်းနည်းလေးမှ မလွန်ကျူး ကြနဲ့။ အဲဒီစာပိုဒ်ကို ဟောဒီပရိသတ်ဟာ ရတဲ့လူ တော်တော်များမယ်။ အထူးသဖြင့် ဓမ္မစကြာရွတ်တဲ့ မိန်းကလေး တွေ မေတ္တသုတ်ကို ရကြမှာပဲ၊ ဘုန်းကြီးတို့ သံဃာတွေတော့ မေတ္တသုတ်ဟာ လက်စွဲပဲ။

အဲဒီတော့ ဒီစကားရပ်ဟာ ဘာပြောသလဲ ဆိုရင် သူတော်ကောင်းကဲ့ရဲ့မှာ ကြောက်လို့ရှိရင် မကောင်းမှုကို

သေးငယ်တဲ့ မကောင်းမှုပင်ဖြစ်ဖြစ် နည်းနည်းလေးမှ မလွန်ကျူးကြနဲ့...တဲ့။ ပရိသတ်ရေ...သူတော်ကောင်း ကဲ့ရဲ့တာထက် လူမိုက်ကဲ့ရဲ့တာ၊ ဘယ်ကဲ့ရဲ့တာက နစ်နာလဲ။

(သူတော်ကောင်း ကဲ့ရဲ့တာ နစ်နာပါတယ်ဘုရား)

သူတော်ကောင်း ကဲ့ရဲ့တာက တစ်သံသရာလုံး နစ်နာတယ်။ တစ်ဘဝတည်းမဟုတ်ဘူး။ လူမိုက်ကတော့ ကဲ့ရဲ့ချင်လဲကဲ့ရဲ့။ ချီးမွမ်းချင်လဲချီးမွမ်း။ သူ့ရဲ့ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းဟာ ဘာမှ မရေတွက်ထိုက်ဘူး။ လူမိုက်တွေ ချီးမွမ်းလို့လဲ ဂုဏ်မရောက်ဘူးနော်။ လူမိုက်ကဲ့ရဲ့လို့လဲပဲ ကိုယ့်မှာ ထိခိုက်လိမ့်မယ် မထင်နဲ့။ လူမိုက်နှလုံးသားထဲမှာ စိတ်ကောင်းမရှိတဲ့အတွက်ကြောင့် ကဲ့ရဲ့တာလဲ မထိခိုက်ဘူး။ ချီးမွမ်းလို့လဲ ဂုဏ်မရောက်ဘူး။

သူတော်ကောင်းက ချီးမွမ်းရင် ဂုဏ်ရှိတယ်။ သူတော်ကောင်းကဲ့ရဲ့ပြီဆိုရင် ပရိသတ်ရေ...ဘဝမှာ နစ်နာပြီ။ အဲဒါကြောင့် ဒီကနေ့ မြိုင်ကြီးငူဆရာတော်ရဲ့ တပည့်တွေကလဲ သူတော်ကောင်းကဲ့ရဲ့မှု မခံရအောင် ဘယ်ဩဝါဒကို လိုက်နာကျင့်သုံးကြမလဲ။ သူတော်ကောင်း ကဲ့ရဲ့မှု မခံရအောင် ဘယ်ဩဝါဒလဲဆိုရင်...

**နစ ခုဒ္ဒ မာစရေ ကိဉ္စိ၊**

**ယေန ဝိညူ ပရေ ဥပဝဒေယျုံ။**

ရတဲ့လူ များလိမ့်မယ်နော်၊ ရတယ်မဟုတ်လား။

(ရပါတယ်ဘုရား)

ဘိက္ခဝေ-ရဟန်းတို့။ ယေန-အကြင် မကောင်းမှုတစ်စုံတစ်ခု ပြုမိတဲ့အတွက်ကြောင့်။ ပရေ-သူတစ်ပါးဖြစ်ကုန်သော။ ဝိညူ-ပညာရှိတို့သည်။ ဥပဝဒေယျုံ-

ကဲ့ရဲ့စွပ်စွဲကြကုန်ရာ၏။ တာဒိသံ-ထိုသို့ သဘောရှိသော ပညာရှိသူတော်ကောင်းကဲ့ရဲ့ဖွယ်ကောင်းတဲ့။ ပါပံ-မကောင်းမှု မျိုးကို။ ခုဒ္ဒံ-သေးငယ်တဲ့ အမှုကလေးပင် ဖြစ်လင့်ကစား။ ကိဉ္စိ-နည်းနည်းလေးမှ။ နအာစရေ-ဘယ်လိုနည်းနဲ့မှ မလွန်ကျူးကြကုန်ရာသတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

အဲဒီ ဩဝါဒရဲ့ နောက်နားမှာ မေတ္တာဘာဝနာ ဖြစ်ပါတယ်။ အဲဒီဩဝါဒက မြတ်စွာဘုရားကိုယ်တော်မြတ် ရဟန်းငါးရာတို့အား ပေးသော ဩဝါဒ၊ အားလုံး မမေ့စေချင်ဘူး။ အချိန်က အလွန်နည်းနေတဲ့အတွက်ကြောင့် မို့လို့ တိုတိုလေးပဲ ပြောရပါတယ်။

သူတော်ကောင်းကဲ့ရဲ့တာကို မခံရအောင်၊ သူတော်ကောင်း ကဲ့ရဲ့လျှင် တစ်ဘဝတင်မက ဘယ်လောက်နစ်နာသလဲ။ ဘဝသံသရာမှာပါ နစ်နာတယ်။ အဲဒါ ကြောင့် သူတော်ကောင်း ကဲ့ရဲ့မှုမခံလိုသော ဟောဒီ တပည့် ဒကာ ဒကာမ၊ တစ်နည်း ရင်းရင်းနှီးနှီးပြောရရင် ဟောဒီ ညီအစ်ကို မောင်နှမတစ်တွေ။ ဘုန်းကြီးတို့ ညီအစ်ကို မောင်နှမ တစ်တွေလို့ ပြောပိုင်ခွင့်မရှိဘူးလား။

(ရှိပါတယ်ဘုရား)

မြတ်စွာဘုရားရဲ့ ဒေသနာတစ်လုံး မှတ်ထား။ အနမတဂ္ဂ သံယုတ်မှာ မြတ်စွာဘုရား မိန့်တဲ့စကား တစ်လုံး ရှိတယ်။

“**နတ္ထိ ဘိက္ခဝေ အနမတဂ္ဂ သံသာရေ အဉာတိ-ပုဗ္ဗော**” တဲ့။ မိန့်ဖူးတယ်။

ဘိက္ခဝေ–ရဟန်းတို့။ အနမတဂ္ဂေ သံသာရေ–အစ ရှာမရအောင် ရှည်လျားစွာသော ဘဝသံသရာခရီးမှာ။ အညာတိပုဗ္ဗော–ဆွေမျိုးမတော်ဖူးတဲ့ပုဂ္ဂိုလ်ရယ်လို့။ နတ္ထိ–မရှိဘူးတဲ့။

ပရိသတ်ရေ...နားလည်ဖို့ ခက်သလား။ ဘာပြော သလဲ?။ ရှည်လျားစွာသော ဘဝသံသရာမှာ ဆွေမျိုး မတော် ဖူးသော ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး။ ဒီ ဘဝသာ တစိမ်းဖြစ်ချင် ဖြစ်နေမယ်။ မမြင်ဖူး၊ မကြားဖူး၊ မတွေ့ ဖူးတဲ့သူတွေ ဖြစ်ချင်ဖြစ်နေမယ်။ ရန်ဖြစ်ချင်ဖြစ်နေမယ်။ လွန်ခဲ့တဲ့ ဘဝ–ဘဝ–ဘဝတွေတုန်းက ညီအစ်ကို မောင်နှမ၊ ဇနီး ခင်ပွန်း၊ ဆရာ တပည့် ဆွေမျိုး အချင်းချင်း ဖြစ်ချင်ဖြစ်နေမယ်။ ဆွေဟောင်း မျိုးဟောင်းတွေ ပြန်တွေ့ကြတယ်။

မြတ်စွာဘုရား သံသုမာဂီရိမြို့မှာ ခရီးဒေသစာရီ လှည့် လည်ဖို့အသွား မြို့ထဲက ပုဏ္ဏားလင်မယား နှစ်ယောက်က ဘုရားကိုယ်တော်မြတ်ကို မြင်လဲမြင်ရော ထွက်လာပြီးတော့ ဘုရား ကိုယ်တော်မြတ်ကို ပြောပါတယ်။

"ဟယ်...ငါ့သားကြီး...ငါ့သားကြီး၊ အဖေတို့ အမေတို့ အိမ် မရောက်တာကြာလှပြီပေါ့၊ အဖေတို့ အမေတို့ စောင့် နေတယ်လေ၊ လာ...လာ" ဆိုပြီးတော့ အဘိုးကြီး အဘွားကြီး ပုဏ္ဏားအိုကြီး နှစ်ယောက် ဘုရားကို အဘိုး ကြီးက လက်တစ်ဖက်၊ အဘွားကြီးက လက်တစ်ဖက် ဆွဲပြီးတော့ သူတို့အိမ်ထဲခေါ်သွား။ ဘုရား နောက်က ရဟန်း ငါးရာ ပါတယ်။ သံသုမာဂီရိမြို့မှာ၊ ပြော။ ဘယ်မြို့မှာလဲ?။

(သံသုမာဂီရိမြို့မှာပါဘုရား)

ပုဏ္ဏားအဘိုးကြီး အဘွားကြီး နှစ်ယောက်သားက ဘုရားကို ဘာလုပ်သွားလဲ?။ ငါ့သားကြီးဆိုပြီး တစ်ယောက် လက်တစ်ဖက်စီဆွဲပြီး အိမ်ပေါ်ခေါ်သွားတယ်။ သံဃာတော် ငါးရာ နောက်ကနေ ငေးပြီးတော့ ကျန်နေတယ်။ အဲဒါ အိမ်ပေါ်လဲရောက်ရော သံဃာတော်တွေပါ အကုန်ခေါ်ပြီး ဆွမ်းကပ်တယ်။ ဘုရားလဲ အေးအေးဆေးဆေး ဘုဉ်းပေး တယ်။ "ငါ့သားကြီး စား...စား" ဆိုပြီးတော့ အဘိုးကြီး အဘွားကြီး နှစ်ယောက်က ဘုရားသပိတ်ထဲ ဆွမ်းတွေ ဟင်းတွေ ထည့်ထည့်ပြီး ပေးစားတယ်။

အဲဒါ အရှင်အာနန္ဒာက မနေနိုင်ဘူး၊ သံဃာတော် တွေကလဲ ပြောကုန်ပြီ။ "ဘုရားအဖေက သုဒ္ဓေါဒန၊ ဘုရား အမေက မာယာဒေဝီရှိသားနဲ့ ဘယ့်နှယ့် ဒီပုဏ္ဏား အဘိုးကြီး အဘွားကြီးက ဘုရားကို ငါ့သားကြီးလို့ပြော။ ဘုရားကလဲ သဘောတူပြီးငြိမ်နေ၊ ဒါမဟုတ်သေး ဘူး..."ဆိုပြီး သံဃာ တော်တွေက တိုက်တွန်းတာနဲ့ အရှင်အာနန္ဒာက လျှောက် တယ်။

"အရှင်ဘုရား...အရှင်ဘုရား ခမည်းတော် ကပ္ပိလဝတ် မှာ သုဒ္ဓေါဒနရယ်လို့ ရှိသားနဲ့ ဒီပုဏ္ဏား အဘိုးကြီး အဘွားကြီးက အမေ အဖေ ဘယ်လိုတော်မလဲ"

"ချစ်သား အာနန္ဒာ...၊ မင်းတို့က ဒီတစ်ဘဝတည်း ကြည့်ပြောတာကိုး" ဘာကိုကြည့်ပြောသလဲ?။

(တစ်ဘဝတည်း ကြည့်ပြောတာပါဘုရား)

သံဃာတော်တွေက ဒီတစ်ဘဝတည်း ကြည့်ပြောတာ၊ ဘုရားကိုယ်တော်မြတ်က လွန်ခဲ့တဲ့ ဘဝတွေ ဘဝတွေကို ကြည့်ကြည့်ပြီး လက်ခံတာ၊ လွန်ခဲ့တဲ့ဘဝတွေက ဘယ်လို တော်ခဲ့သလဲ ဆိုတော့...

"ချစ်သားအာနန္ဒာ၊ အဲဒီ ပုဏ္ဏားကြီးလက်ထဲမှာ ငါ့ အဖေ တော်ပြီးတော့ ဘဝငါးရာ၊ ဟိုပုဏ္ဏေားမကြီးရဲ့ လက်ထဲ ရင်ခွင်ထဲမှာ အမေ တော်ပြီးတော့ ဘဝ ငါးရာ၊ အဲသလို ဘဝတစ်ထောင် ငါ သူတို့ရဲ့လက်ထဲမှာ သူတို့သား ဖြစ်ဖူး တယ်" ဆိုပြီးတော့ ဘုရားက ပြန်ပြောတယ်။ အဲဒီတော့မှ သံဃာတော်တွေ ကျေနပ်သွားတယ်။ ပုဏ္ဏားလင်မယားက ဘုရားကို ဘာလုပ်သွားတာလဲ။ ဘုရားကို အိမ်ပေါ်ခေါ်ပြီး တော့ ဆွမ်းကျွေးကြတာနော်။

ခု...ဘားအံကနေပြီး မြိုင်ကြီးငူလာတဲ့ လမ်းတစ် လျှောက်လုံး အုန်းအုန်းကျွက်ကျွက်နဲ့ ထွက်ထွက်ပြီးတော့ နံ့သာရည်တွေနဲ့ ပက်ဖျန်းပြီး ကြိုကြတာ။ ဘုန်းကြီးက လက်ဆွဲခံရမှာ တော်တော်ကြောက်လို့ မနည်း လက်ကို ရုပ်ထားရတယ်။ တချို့က ဆွဲချင်ပုံ ပေါက်တယ်။

(ရယ်သံများ)

လက်ထဲ နံ့သာရည်လောင်းတော့ "ဟယ်...ငါ့များ ဆွဲသွားရင်တော့ ဒုက္ခပါပဲ..."ဆိုပြီးတော့ ကားပေါ်ကနေ မနည်းကြီး ရုပ်သိမ်းထားရတယ်။

(ပို၍ ရယ်သံများ)

အဲဒါ စိတ်ထဲအောက်မေ့တယ်။ "ဩော်...ဘုရား သံသုမာဂိရိမြို့ရောက်တုန်းကလိုပဲ..."လို့။ ဟောဒီ ကရင် ပြည်နယ်တစ်ခွင်ကို နှံ့နှံ့စပ်စပ်တရားဟောဆိုလို့၊ ဘုန်းကြီး တရားဟောလာတာ နှစ်(၄၀)နီးနီး ရှိပြီ။ ခုမှ ဒီအရပ်ဒေသ ရောက်ဖူးတာ။ အဲဒါ ဒီဘဝမှာပေါ့လေ။ အရင်က မရောက်ဖူး ပါဘူး။ လွန်ခဲ့တဲ့ ဘဝကတော့ ရောက်ဖူးတဲ့နေရာ ဖြစ်မှာပါ။ ဒါ့ကြောင့် မြိုင်ကြီးငူဆရာတော်ကိုယ်တိုင် သုံးနှစ်ရှိပြီ။

ဘုန်းကြီးဆီ စာရေးပြီး ဒီကြွဖို့ပင့်တာ။ ခုမှ ကြွဖြစ်တယ်။ ဒီတော့ မြိုင်ကြီးငူ ဆရာတော်ကို မဖူးတွေ့ရပေမယ့်လဲ ဆရာတော်ရဲ့တပည့် ဒကာ-ဒကာမ သားသမီး ညီအစ်ကို မောင်နှမတွေက-

"ဟာ...တို့ဆွေမျိုး ကိုယ်တော်ကြီးလာတယ်" ဆိုပြီးတော့ ဝမ်းပန်းတသာ ကြိုကြတယ်။ ဘုန်းကြီးက တော်တော်ပဲ ဝမ်းသာသွားတယ်။ လက်ဆွဲမခံရတာ တစ်မည်ပဲ။ တော်တော်တော့ ကြိုကြတယ်။ သံသုမာ ဂီရိကို ဘုရားကြွလာတဲ့အတိုင်း ဖြစ်လာတယ်။ အဲဒီတော့-

**"နတ္ထိ ဘိက္ခဝေ အနမတဂ္ဂေသံသာရေ အညာတိ ပုဗ္ဗော"**

ဘိက္ခဝေ-ရဟန်းတို့။ အနမတဂ္ဂေသံသာရေ-အစရှာမရအောင် ရှည်လျားစွာသော ဘဝသံသရာခရီးမှာ။ အညာတိပုဗ္ဗော-ဆွေမျိုးမတော်ဖူးတဲ့ ပုဂ္ဂိုလ်ရယ်လို့။ နတ္ထိ-မရှိဘူးရယ်လို့။ သတ္ထာ-နတ်လူတို့ဆရာဖြစ်တော်မူသော ဘုရားရှင်သည်။ အဝေါစ-ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

**သဗ္ဗေသတ္တာ သုခိနောဝ။**

သဗ္ဗေသတ္တာ-သုံးဆယ့်တစ်ဘုံ အကုန်လုံး ရှိရှိသမျှ သတ္တဝါတို့သည်။ သုခိနော-ကိုယ်ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်။ သဗ္ဗေသတ္တာ-သုံးဆယ့်တစ်ဘုံ အကုန်လုံး ရှိရှိသမျှ သတ္တဝါတို့သည်။ သုခိတတ္တာ-စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်။ သဗ္ဗေသတ္တာ-သုံးဆယ့်တစ်ဘုံအကုန်လုံး ရှိရှိသမျှ သတ္တဝါတို့သည်။ ခေမိနော-အတွင်းရန် အပြင်ရန်

ဤနှစ်တန်မရှိ ပကတိ ဘေးရန် ကင်းငြိမ်းသော ငြိမ်းချမ်းရေး နှင့်လည်း ပြည့်စုံ ကြကုန်သည်။ ဟောန္တု–ဘဝန္တု–ကောင်းစွာ မသေွ ဖြစ်တော်မူနိုင်ကြပါစေကုန်သတည်း။

(သာဓု–သာဓု–သာဓု ပါဘုရား)

**သဗ္ဗေသတ္တာ သုခိနော ဟောန္တု။**

**သဗ္ဗေသတ္တာ သုခိတတ္တာ ဟောန္တု။**

**သဗ္ဗေသတ္တာ ခေမိနော ဟောန္တု။**

လို့ အဲဒီမှာ မေတ္တာ ပို့တဲ့စာ သုံးပိုဒ်ရှိပါတယ်။

**နစ ခုဒ္ဒ မာစရေ ကိဉ္စိ**–ဆိုတဲ့ စာပိုဒ်ကလေးမှာ မေတ္တာသုတ္တန်ထဲက သဗ္ဗေသတ္တာ–သုံးဆယ့်တစ်ဘုံ အကုန်လုံး ရှိရှိသမျှ သတ္တဝါတို့သည်၊ သုခိနော–ကိုယ်ချမ်းသာခြင်း နှင့်ပြည့်စုံကြကုန်သည်။ ပရိသတ်ကြီး–သုခိနော–ဘာချမ်း သာဖို့လဲ?။ (ကိုယ်ချမ်းသာဖို့ပါဘုရား) မှတ်မိအောင် မှတ်ထား။

သုခိတတ္တာ–စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်။ သုခိတတ္တာ–ဘာချမ်းသာဖို့လဲ?။ (စိတ်ချမ်းသာဖို့ပါဘုရား)

သုခိနော–ကိုယ်ချမ်းသာ။

သုခိတတ္တာ–စိတ်ချမ်းသာ။

ကိုယ်ရော စိတ်ရော ဟုတ်လား။ ပြီးတော့မှ ခေမိနော– ဘေးရန်ကင်းကြကုန်သည်။ ခေမိနော–ဘာ ဖြစ်ဖို့? (ဘေးရန် ကင်းဖို့ပါဘုရား) မေတ္တာပို့ အဲဒီမှာ ဘယ်နှချက်ပါသလဲ?။ (သုံးချက်ပါဘုရား)

သဗ္ဗေသတ္တာ–သုံးဆယ့်တစ်ဘုံအကုန်လုံး ရှိရှိသမျှ သတ္တဝါတို့သည်။ သုခိနော–ကိုယ်ချမ်းသာခြင်းနှင့် ပြည့်စုံ ကြကုန်သည်။ သဗ္ဗေသတ္တာ–သုံးဆယ့်တစ်ဘုံအကုန်လုံး ရှိရှိသမျှ သတ္တဝါတို့သည်။ သုခိတတ္တာ–စိတ်ချမ်းသာ

ခြင်းနှင့်ပြည့်စုံကြကုန်သည်။ သဗ္ဗေသတ္တာ–သုံးဆယ့် တစ်ဘုံ အကုန်လုံးရှိရှိသမျှသတ္တဝါတို့သည်။ ခေမိနော–အတွင်းရန် အပြင်ရန် နှစ်တန်မရှိ ပကတိ ဘေးရန် ကင်းငြိမ်းသော ငြိမ်းချမ်းရေးနှင့်လည်း ပြည့်စုံကြကုန်သည်။ ဟောန္တု–ဘဝန္တု–ကောင်းစွာမသွေ ဖြစ်တော်မူနိုင်ကြပါ စေကုန်သတည်း။

(သာဓု–သာဓု–သာဓု ပါဘုရား)

ကဲ...အားလုံး ဆိုကြမယ်။ လိုက်ဆို။

* **ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်ပြည့်ပါစေ။ ဘယာဝေး၍အေးပါစေ။** (သုံးခေါက်)

ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါ–သုံးဆယ့် တစ်ဘုံ၌ အထက်ဘဝဂ် အောက်အဝီစိ အနန္တစကြဝဠာ မှာရှိကြတဲ့ အနန္တသတ္တဝါတွေ၊ ပရိသတ်ကြီး–သဗ္ဗေ သတ္တာ–ဆိုတဲ့အထဲမှာ တစ်ယောက်တလေ၊ တစ်ကောင် တလေ ကိုမျှလည်း ချန်မထားနဲ့၊ သဗ္ဗေသတ္တာ–ခပ်သိမ်းသော သတ္တဝါတို့သည် ဆိုရင်–ဘယ်သတ္တဝါမျိုးမဆို အကုန်လုံး ပါဝင်တယ်၊ ချစ်သူကို မေတ္တာပို့သလို၊ မုန်းသူကိုလဲ ပါရ မယ်နော်။ မိတ်ဆွေပါသလို ရန်သူကော သဗ္ဗေသတ္တာထဲ မပါဘူးလား?။ (ပါပါတယ်ဘုရား)

သဗ္ဗေသတ္တာ–ချစ်သူမုန်းသူ ရန်သူမိတ်ဆွေ လူသုံးဦးတို့ နှစ်မျိုးဉဿုံ အလုံးစုံကုန်သော သတ္တဝါ တို့သည်၊ သဗ္ဗေ သတ္တာ–မြင့်ဖူး မမြင့်ဖူး၊ မြင်အပ် မမြင်အပ်။ ကြောက်ကြ မကြောက်ကြ။ ဝေးနေနီးနေ။ ပဝတ္တိပဋိသန္ဓေ–သွားပြီးအိပ်နေ။ ဘဝဇာတ်သိမ်း မသိမ်းများစွာ၊ သတ္တဝါအလုံးစုံတို့သည်။ သုခိနော–ကိုယ်ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်။ သုခိတတ္တာ–စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်။

ခေမိနော-အတွင်းရန် အပြင်ရန် နှစ်တန်မရှိ ပကတိ ဘေးရန်ကင်းငြိမ်းသော ငြိမ်းချမ်းရေးနှင့်လည်း ပြည့်စုံကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

**မေတ္တာနုကော ခမာသီလော**

**သဗ္ဗဒ္ဓာနေသု နိဗ္ဘယော။**

**ပရတ္တ သတ္တ နိဿန္တော၊**

**ခန္တိ မေတ္တဥ ဘာဝယေ။ (သင်္ဂဟ)**

မေတ္တာနုကော-မေတ္တာကျင့်ခန်း၊ အဖြစ်များသော။ ခမာသေယျော-သည်းခံသော အလေ့အကျင့်ကောင်းရှိသော။ ကုလပုတ္တော-အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ဘယ်သူမဆို။ သဗ္ဗဒ္ဓာနေသု-ခပ်သိမ်းဒိသာ အရပ်ဆယ်မျက်နှာတိုင်းမှာ။ နိဗ္ဘယော-ဘေးရန်ကင်းကွာ လွန်ချမ်းသာသည်။ ဟောတိ-ဖြစ်ပါပေ၏။

ပရတ္တံ သတ္တံ-မိမိအကျိုး သူတစ်ပါးအကျိုးဆိုတဲ့ ကောင်းကျိုးစီးပွား ဤနှစ်ပါးကို။ ကူဿ-ကူဿန္တော-သယ်ပိုးလို့ဆောင်ရွက်လိုသော။ ကုလပုတ္တော-အမျိုး ကောင်းသား၊ အမျိုးကောင်းသမီး ဘယ်သူမဆို။ ခန္တိစ-သည်းခံခြင်းဆိုတဲ့ ခန္တီတရား။ မေတ္တဥ-မေတ္တာတရား။ အဲဒီနှစ်ပါးကို၊ ဘာဝယေ-ဘာဝေယျာထ-တလုံလဲလဲ စိတ်မှာစွဲအောင်ပွားများတော်မူကြကုန်ရာသတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

မှတ်ထား။ လူသားဆိုတာ တစ်ယောက်ထီးတည်းနေလို့မရဘူး။ အချင်းချင်း အပြန်ပြန်အလှန်လှန် မှီပြီးနေကြရတယ်။ ရဟန်းတော်များလဲပဲ ဒီအတိုင်းပဲ၊ အထီး

တည်းချည်း နေလို့မရဘူး။ အချင်းချင်း အပြန်ပြန်အလှန်လှန် မှီပြီးတော့ နေကြရတယ်။ အဲဒါကို ပါဠိစာပေမှာ ခေါ်တယ်။ **"အညောည နိဿိတာ"** အချင်းချင်း အပြန်အလှန် မှီခို၍ နေရတယ်။ အားလုံးပြောကြည့်ပါ။

**(အညောည နိဿိတာ)**

အေး...သစ်ပင်ကြီးဟာ ဘယ်လောက်ပဲကြီးကြီး လူသုံးလေးငါးယောက်လောက် ဖက်ရတဲ့ အလွန်ကြီးမားတဲ့ သစ်ပင်ကြီးပင်ဖြစ်လင့်ကစား လွင်တီးခေါင်ထဲမှာ တစ်ပင်တည်းပေါက်နေတဲ့အခါ အနားမှာ မှီခိုစရာ တစ်ပင်မှမရှိဘဲ တစ်ပင်ထီးတည်း လွင်တီးခေါင်မှာ ပေါက်နေရင် အဲဒီကြီးမားစွာသော သစ်ပင်ကြီးကိုပင်လျှင် လေမုန်တိုင်း တိုက်တဲ့အခါ လဲသွားနိုင်တယ်။ ဘာ့ကြောင့်လဲ?။ တစ်ပင်တည်းနေလို့။

တောထဲမှာ သစ်ပင်တွေ ခြေသလုံးလောက်၊ လက်မောင်းလောက် ပေါက်ပေါက်၊ တစ်ပင့်တစ်ပင်ကို မှီပြီးတော့ ကျပ်ကျပ်စိပ်စိပ် ပေါက်နေလို့ရှိရင် မုန်တိုင်းလေ တိုက်ချင်တိုင်းတိုက်၊ ကျပ်ကျပ်စိပ်စိပ် တစ်ပင်နှင့်တစ်ပင် မှီပြီးတော့ ပေါက်တဲ့သစ်တောဟာ မုန်တိုင်းတိုက်လို့ မလဲဘူးနော်။ နားလည်တယ်မဟုတ်လား?။

(နားလည်ပါတယ်ဘုရား)

အလွန်ကြီးမားသော သစ်ပင်ကြီးသည် တစ်ပင်ထီးတည်းဆိုရင် လွင်တီးခေါင်မှာ ဘာဖြစ်နိုင်သလဲ?၊ မုန်တိုင်းတိုက်လို့ လဲသွားနိုင်တယ်။ ခြေသလုံးလောက် လက်မောင်းလောက် သစ်ပင်ကလေးတွေဟာ ကျပ်ကျပ်စိပ်စိပ် တောအုပ်ထဲမှာ ပေါက်နေလို့ရှိရင် ဘာဖြစ်သလဲ?၊ လေမုန်တိုင်းတိုက်ချင်သလောက်တိုက်၊ အဲဒီသစ်ပင်ငယ် ကလေးများကို

လှဲပစ်လို့မရဘူးတဲ့။ တို့လူတွေလဲ အဲသလို ကျပ်ကျပ်စိပ်စိပ် တစ်ပင်နှင့်တစ်ပင် မှီပြီးပေါက်နေတဲ့ သစ်တောကဲ့သို့ နေကြရမယ်။

အဲဒါကြောင့် ကျပ်ကျပ်စိပ်စိပ် တစ်ပင်နှင့်တစ်ပင် မှီပြီး ပေါက်နေတဲ့ သစ်တောကို မုန်တိုင်းတို့လဲ တိုက်လှဲလို့ မရဘူး ဆိုတာလိုဘဲ လူတွေဟာ အချင်းချင်း အပြန်အလှန် ခုနက စာလုံးလေး"**အညောည နိဿိတာ**" ဘာများပါလိမ့်?။

(အညောည နိဿိတာ ပါဘုရား)

အချင်းချင်း အပြန်အလှန် မှီခို၍နေကြခြင်း၊ အချင်းချင်း တစ်ပင်က တစ်ပင်ကိုမှီ၊ မှီတဲ့အပင်ကို ဟိုဖက်တစ်ပင်က ပြန်ထောက်ထား၊ အပြန်အလှန်မှီခိုခြင်း၊ ထောက်ပံ့ခြင်းကို ကောင်းစွာရကြတဲ့ သစ်တောလိုပဲ လူတွေဟာ တစ်ယောက် က ကံ ဉာဏ် ဝီရိယနဲ့ ရှာလို့ရတဲ့ အကျိုးကို ဒီတစ်ယောက် က မှီခို။ သူရတဲ့ အကျိုးကျေးဇူးကို ကိုယ်မှီခို။ ကိုယ်ရတဲ့ အကျိုးကျေးဇူးကို သူမှီခို။ အဲသလို နေသွားရမှာ။

နွားမတွေရဲ့နို့တိုင်က တဒီးဒီး ယိုစီးကျနေတဲ့ နို့ရည်ဟာ နွားမတွေ တစ်ခါမှ မသောက်ဖူးပါဘူး။ နွားမက ထွက်တဲ့ နို့ရည်ကို အဲဒီနွားမ ပြန်သောက်တာ မြင်ဖူးလား?၊ ဘယ်သူ သောက်လဲ?။

(နွားသားလေး သောက်ပါတယ်ဘုရား)

နွားသားလေး သောက်တယ်ဆိုတာ တကယ် မဟုတ် ဘူး။ ဒီလူတွေ သောက်နေကြတာ။ နွားသားလေး မသောက် ဘူး၊ ဒီလူတွေ အကုန်သောက်တာ၊ နွားမက ထွက်တဲ့ နို့ရည်ကို နွားမ မသောက်ဘူး၊ နွားသားလေးလဲ ကောင်း ကောင်းမသောက်ရဘူး၊ ဒီလူတွေချည်း အကုန်သောက်တာ၊

နွားမကြီး တစ်ခါမှ စိတ်မဆိုးဘူး၊ သူ့နို့ရည် ဘယ်သူ သောက်သောက်။

နွားထီးတွေ ပခုံးကိုပွန်းနေအောင်ရုန်း၊ လယ်တွေ လုပ်ကြ၊ ဂျုံတွေထွက်၊ ပဲတွေနှမ်းတွေ ပြောင်းတွေထွက်၊ စပါးတွေထွက်၊ အဲဒီ စပါးတွေ ဂျုံတွေ ပြောင်းတွေဟာ နွားထီးကြီး ပခုံးပွန်းအောင် ရုန်းပြီးမှ ထွက်လာတာ၊ အဲဒီ ဆန်စပါး ပဲ နှမ်း ပြောင်းကို ဒီနွားထီးက ဘယ်နှစေ့ စား ရသလဲ?။ ဒီလူတွေချည်း အကုန်စားတာပဲ။ ဟိုနွားက ပခုံးသာပွန်းအောင် ရုန်းလိုက်ရတယ်၊ သူစားတော့ ကောက်ရိုးပဲ။

အဲဒီတော့ လူသားတွေဟာ ဘယ်လိုဖြစ်သင့်သလဲ ပရိသတ်?။ နွားမကြီးသည် သူ့နို့ရည်ကို သူတစ်ပါး သောက်ဖို့ချည်းဆိုတာလို၊ နွားထီးလဲပဲ သူ့ပခုံးပွန်း အောင် ရုန်းပြီး ထွက်လာတဲ့ ဆန်စပါးဟာ သူတစ်ပါး စားဖို့ချည်း ဆိုတာလိုပဲ၊ ဟောဒီ ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဟာ ကိုယ်လုပ်လို့ရတဲ့၊ အားထုတ် လို့ရတဲ့၊ ဆောင်ရွက်လို့ရတဲ့ အကျိုးကျေးဇူးကို ကိုယ်ချည်း မစားဘဲ နွားမလို၊ နွားထီးလို သူများကို ဝေစားရင် မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား) လေသံက တော်တော်ပျော့သွားတယ်။ ကိုယ်လုပ်လို့ရတဲ့ အကျိုးကျေးဇူး တွေကို ကိုယ်ချည်း မခံစားပါနဲ့၊ ဝေစားရင် မကောင်းဘူး လား?။

(ကောင်းပါတယ်ဘုရား)

အဲဒါ မြတ်စွာဘုရားရဲ့ လမ်းစဉ်။ အားလုံးမှတ်ထား။ **လောကတ္ထစရိယ**-ခေါ်တယ်။ ဘာခေါ်လဲ?။ (လောကတ္ထ

စရိယ ပါဘုရား) သစ်ပင်တွေဟာ သီးသမျှ အသီးကို အဲဒီသစ်ပင်တွေက တစ်ခါမှ ပြန်မစားဘူး၊ ဒီလူတွေပဲ အကုန်စားတယ်။ မြစ်တွေ ချောင်းတွေထဲမှာ ရေတွေကို မြစ်တွေ ချောင်းတွေက သယ်လာတယ်။ မြစ်တွေ ချောင်းတွေက သူ့ရေကို သူမသောက်ဘူး၊ ဒီလူတွေ အကုန်သောက်ပစ်တယ်၊ အဲဒါ လူသားတွေက ကိုယ့်ရဲ့ အကျိုးကျေးဇူးကို မြစ်ချောင်းလိုပဲ၊ သစ်ပင်လိုပဲ၊ နွားထီးလိုပဲ၊ နွားမလိုပဲ သူများကို ကျေးဇူးမပြုနိုင်ဘူးလား?။

(ပြုနိုင်ပါတယ်ဘုရား)

ကိုယ့်ရဲ့ ကံစွမ်း ဉာဏ်စွမ်း ဝီရိယအစွမ်းမှ ဖြစ်လာတဲ့ ကောင်းကျိုးချမ်းသာတွေဟာ ကိုယ်ချည်း မစားဘဲနဲ့ သူ တစ်ပါးတို့နဲ့ ဝေစားမှ ဒီလူတွေ ကမ္ဘာမြေကြီးပေါ်မှာ တာဝန်ကျေပွန်တယ်ခေါ်တယ်။ အဲဒါမှ မဟုတ်ဘဲနဲ့ သူတစ်ပါး အကျိုးကျေးဇူးကို ကိုယ်ကချည်းယူပြီးတော့ စားသုံးတဲ့အပြင် သူတစ်ပါးအား အကျိုးကျေးဇူး မပြုရုံမကဘဲ ပစ်ပယ်တယ် ဆိုလို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ ဒီကမ္ဘာမြေကြီးနဲ့ မထိုက်တန်ဘူး ပရိသတ်ရေ...။

ဗုဒ္ဓလမ်းစဉ်ကို မမေ့သင့်ဘူး။ **လောကတ္ထ စရိယ**... တဲ့။ ဘာလဲ?။ လောကတ္ထစရိယ ဆိုတာ။ (............)

"**လောကတ္ထ စရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယဉ္စ**" ဆိုတာ ပရိတ်ရွတ်ရင် အဲဒါ ခဏခဏ ရွတ်ကြတယ်။ ကြားလဲ ကြားဖူးမှာပါ။ မှတ်ထား လောကတ္ထစရိယ ဆိုတာ (To work for the benefit of the whole world without making any distinction as regards caste, colour or creed.)

ဘာတဲ့လဲ?။ ဘာမှမသိဘူး။ ဘုန်းကြီးက အမေရိကန်တွေ အောက်မေ့လို့ ပြောတာ။ ခုတော့ မြိုင်ကြီးငူ ဖြစ်နေတယ်။

(ရယ်သံများ)

**"အားလုံးသောလူသားတွေအတွက် အကျိုးကျေးဇူးဖြစ်မယ့် အလုပ်ကို လုပ်ကြပါ"** အဓိပ္ပာယ်က။ နားလည်ပြီလား။

(နားလည်ပါပြီဘုရား)

လောကတ္ထ စရိယဆိုတာ ဘာတဲ့လဲ?၊ အားလုံးသောလူသားတွေအတွက် အကျိုးရှိမယ့် အလုပ်ကို လုပ်ကြစမ်းပါ။ အဲဒီပုဂ္ဂိုလ်ဟာ ကမ္ဘာသူ ကမ္ဘာသားများရဲ့ ကျေးဇူးရှင် ဖြစ်လာမယ်။

သတ္တဝါအားလုံးရဲ့ ကျေးဇူးရှင်ဆိုတာ သတ္တဝါအားလုံးရဲ့ အကျိုးကျေးဇူးဖြစ်အောင် ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ဟာ သတ္တဝါတို့ရဲ့ ကျေးဇူးရှင်ပဲ။ အကျိုးကျေးဇူး ပျက်စီးအောင် မလုပ်သင့်ဘူး။ ဗုဒ္ဓလမ်းစဉ်ကို စာလုံးလေး တစ်လုံးတည်း မမေ့သင့်ပါဘူး။ လောကတ္ထစရိယတဲ့။. အားလုံးပြော...။

(လောကတ္ထစရိယ)

ချစ်သူမုန်းသူ၊ ရန်သူမိတ်ဆွေ၊ လူကောင်း လူဆိုး၊ ဝေးသူ နီးသူ၊ မြင်ဖူးသူ မမြင်ဖူးသူ၊ ဘာမှမခွဲနဲ့။ သက်ရှိသတ္တဝါတိုင်းရဲ့ ကောင်းကျိုးကို ငါ ဆောင်ရွက်မယ်။ ဒီစိတ်မျိုးမွေးရင် သူတော်ကောင်း သိပ်ချီးကျူးပါတယ်။ အထူးသဖြင့် ဘုရား ချီးမွမ်းတယ်။ ပရိသတ်ရေ...ဘုရား ချီးမွမ်းခံရအောင် လောကတ္ထစရိယကို များများကြီးလုပ်ကြပါ။

ကမ္ဘာမြေကြီးပေါ်မှာ တစ်ယောက်တည်း နေလို့မှ မရတာ။ အများနဲ့ ရောနှောကာ သစ်တောကြီးလို အပြန် အလှန် မှီပြီးနေကြရတဲ့ဘဝ။ အပြန်အလှန်ကျေးဇူးပြုပြီး တော့နေမှ အဲဒါ လူသားတို့ရဲ့ ကျေးဇူးရှင်ခေါ်မယ်။

ဉာတတ္တစရိယံ = ကိုယ့်ဆွေကိုယ့်မျိုး၊ ကိုယ့်ရပ် ကိုယ့်ရွာ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးရဲ့ အကျိုးစီးပွား ဖြစ်အောင် ဆောင်ရွက်ခြင်း။

ဉာတတ္တစရိယံ = ကိုယ့်ဆွေ ကိုယ့်မျိုး၊ ကိုယ့်ရပ် ကိုယ့်ရွာ၊ ကိုယ့်တိုင်း ကိုယ့်ပြည်၊ ကိုယ့်လူမျိုးရဲ့ အကျိုး စီးပွား ဖြစ်အောင် ဆောင်ရွက်ခြင်း။

အတ္တတ္တစရိယံ = မိမိအကျိုးစီးပွားကို ဖြစ်အောင် ဆောင်ရွက်ခြင်း ဆိုတဲ့။ တိဿော စရိယာယော–သုံးပါး သော ကျင့်စဉ်ဆိုတဲ့ ဘဝရည်ရွယ်ချက်သုံးပါးတို့ကို။ ဣမသ္မိံ ဓမ္မဝိနယေ–တရားသဖြင့် ဆုံးမတဲ့ ဘုရားရှင် သာသနာ တော်မှာ။ တုမှေ–သင်တို့တစ်တွေသည်။ စရထ–ကောင်းစွာ မသွေ အားထုတ်တော် မူနိုင်ကြပါစေကုန်သတည်း။

(သာဓု–သာဓု–သာဓု ပါဘုရား)

အပင်လေး သေးပင်သေးသော်လဲ ခြေသလုံးလောက်၊ လက်မောင်းလောက် ဖြစ်ပေမယ့်လဲ တောအုပ်ထဲ ကျပ်ကျပ် စိပ်စိပ် ပေါက်နေရင် မုန်တိုင်းတိုက်လို့ မလဲနိုင်ဘူး ဆိုတာလိုပဲ အပြန်အလှန် မှီပြီးတော့ ညီညွတ်စွာ နေထိုင်ကြမှ သူတစ်ပါး အကျိုးလဲ ဆောင်ရွက်နိုင်မယ်၊ ကိုယ့်ကျိုးကိုယ့်စီးပွားလဲ ဆောင်ရွက်နိုင်မယ်။ အဲဒါမှမဟုတ်လို့ရှိရင်တော့ ကိုယ့်ကျိုးလဲ ဆောင်ရွက်လို့မရဘူး။ သူ့ကျိုးလဲ ဆောင်ရွက်လို့ မရဘဲနဲ့ သူ့ကျိုးကိုယ့်ကျိုး ဆောင်ရွက်မလို့လုပ်ရင်းနဲ့ အဲဒါ ပရပတ္တိ–

သူတစ်ပါးအဖို့ချည်း ဖြစ်သွားတတ်တယ်။ ကိုယ့်အကျိုး ဘာမှ ဖြစ်မလာဘူး။

ဒီအကြောင်းအရာကို မြတ်စွာဘုရားကိုယ်တော်မြတ်က ဘယ်မှာဟောခဲ့သလဲ ဆိုလို့ရှိရင် ပရိသတ်ရေ–ရောဟိနီ မြစ်ပေါ်မှာ ဟောဖူးတယ်။ ဘာမြစ်လဲ?

(ရောဟိနီမြစ်ပါဘုရား)

ရ–ကောက်နဲ့နော်၊ ပြန်ဖတ်ကြည့်လိုက်၊ ရောဟိနီ။ မပီရင် ယောဟိနီဖြစ်တတ်တယ်။ တချို့ကလဲ ဒေါဟိနီ ဖြစ်တတ်တယ်။ ရ–ကောက်နဲ့ လျှာကိုလိပ်ပြီးတော့ဖတ်၊ ရောဟိနီ။ ဒါက ရခိုင်တွေကမှ ပိုပီတယ်။

ရောဟိနီဆိုတဲ့မြစ်ဟာ သာကိယ–ကောလိယ အဲဒီ မင်းမျိုး နှစ်မျိုးတို့၏ တိုင်းပြည်နှစ်ပြည်ရဲ့ကြားမှာ ရှိတယ်။ ဟိမဝန္တာတောင်ပေါ်က စီးဆင်းလာတဲ့၊ အိန္ဒိယ ပြည်ကြီး ထဲကို စီးဆင်းလာတဲ့ ဂင်္ဂါမြစ်ထဲမှာ ပေါင်းဝင်ပြီးတော့ ပင်လယ်ထဲစီးသွားတယ်။ ဟိမဝန္တာဆိုတာ ဆီးနှင်းတွေ ခဲနေတဲ့ တောင်တန်းကြီးပေါ်က ဆီးနှင်းတွေ အရည်ပျော် ပျော်ကြပြီး စီးဆင်းလာတော့ မြစ်ရေက မအေးချမ်းဘူးလား"

(အေးချမ်းပါတယ်ဘုရား)

မြစ်ရေက အေးချမ်းတယ်ဗျာ၊ မြစ်ဟိုဘက်ကမ်း ဒီဖက်ကမ်းက ကောလိယမင်းတွေနဲ့ သာကိယမင်းတွေက မအေးချမ်းကြဘူး။ ဘာဖြစ်သလဲဆိုတော့ နယုန်လ ရောက် ရောက်လာပြီဆိုလို့ရှိရင်လေ ရောဟိနီ ဟိုဘက်ကမ်း ဒီဘက် ကမ်းနေကြတဲ့ သာကီဝင် လူမျိုးတွေနဲ့ ကောလိဝင်လူမျိုးတွေ၊ ကမ်းနားတစ်လျှောက်က လယ်သမားတွေဟာ လယ်ထဲကို ရေသွင်းကြတာမှာ၊ လယ်လုပ်ဖို့ စပါးစိုက်ဖို့ ရေသွင်းကြတဲ့

အခါ မြစ်တွင်းက ရေနည်းပြီဆိုတဲ့နှစ်ကျရင် အမြဲတမ်း အဲဒီကမ်းနှစ်ဖက်က လူတွေ စကားများကြတယ်။

မြစ် အနောက်ဘက်ကမ်းမှာနေတဲ့ လူမျိုးကို မှတ်ထား။ သာကီယလူမျိုး။ သာက–ဆိုတဲ့စကားလုံးသည် ကျွန်းပင်။ အဲဒီ ကျွန်းတောကြီးထဲမှာ မြို့တည်ထောင်ပြီးနေကြတဲ့ လူမျိုးတွေကို သာကီယလူမျိုး ခေါ်တယ်။ အဲဒီကျွန်းတောထဲ မြို့တည်ထောင်ပြီးနေတဲ့ လူဟာ ဘာလူမျိုးလဲ?။ သာကီယ လူမျိုး။ ကျွန်းတောထဲနေတဲ့လူမျိုးကို သာကီဝင်။ ဒါ ဘုရား အမျိုးတွေ။

ရောဟိနီမြစ် အရှေ့ဘက်ကမ်းဆိုရင် ကျွန်းတော မဟုတ်တော့ဘူး။ ကလောတော ဖြစ်သွားပြီ။ ကလောပင် တောထဲ မြို့တည်တဲ့ လူမျိုးတွေကိုကျတော့ ကောလိယ လူမျိုးတဲ့။ မှတ်ဦး။ ကလောတောထဲနေတဲ့ လူမျိုးကို ဘာခေါ်?။

(ကောလိယ လူမျိုးပါဘုရား)

ရောဟိနီမြစ်ရဲ့ ဘယ်ဘက်မှာလဲ?။

(အရှေ့ဘက်မှာပါ ဘုရား)

အနောက်ဘက်ကမ်းက ဘာတောလဲ?။

(ကျွန်းတောပါ ဘုရား)

အဲဒီ ကျွန်းတောထဲ မြို့တည်တဲ့လူမျိုးက ဘာလူမျိုး လဲ?၊ သာကီယလူမျိုး။ သာကီယလူမျိုးတို့ရဲ့ မြို့တော်က ကပ္ပိလဝတ္ထု၊ ကောလိယလူမျိုးတို့ရဲ့ မြို့တော်က ဒေဝဒဟ။ သာကီဝင်တို့ရဲ့ ရွှေမြို့တော်သည် ကပ္ပိလဝတ်။ ကောလိယ ဝင်တို့၏ ရွှေမြို့တော်သည် ဒေဝဒဟ။

မြတ်စွာဘုရားရဲ့ အဖေ သုဒ္ဓေါဒနဆိုတာက ကပ္ပိလဝတ် မြို့သား သာကီဝင်လူမျိုးနော်။ ဘုရားအမေက မာယာဒေဝီ ပေါ့ ဟုတ်လား။ အဲဒီ မာယာဒေဝီက ကောလိယဝင်လူမျိုး။ သူက ဒေဝဒဟမြို့သူပျ။ ဘုရားရဲ့ အမေက ဘာမျိုးလဲ?၊ ကောလိယမျိုး။ ဘာမြို့သူလဲ?၊ ဒေဝဒဟမြို့သူ။ အဖေက သာကီဝင်လူမျိုး။ ကပ္ပိလဝတ္ထု မြို့သား။

အလယ်ကောင်မှာ ရောဟိနီမြစ် ခြားပြီးတော့နေတယ်။ ဒီတိုင်းနှစ်တိုင်းနဲ့ မြို့နှစ်မြို့ဟာ၊ ဒေဝဒဟမြို့ဟာ မင်းသမီးရဲ့ နေရာ။ ကပ္ပိလဝတ္ထုဟာ သုဒ္ဓေါဒန မင်းကြီးရဲ့ နေရာ။ မာယာဒေဝီ မင်းသမီးဟာ ကပ္ပိလဝတ် ရွှေမြို့တော်သို့ရောက်၊ သုဒ္ဓေါဒနမင်းကြီးနဲ့ လက်ထပ်ထိမ်းမြား။ သိဒ္ဓတ္ထမင်းသား ဆိုတာကို လုမ္ဗိနီမှာ ဖွားပြီးတော့ နောင်သောအခါမှာ သိဒ္ဓတ္ထမင်းသားက ဘာဖြစ်လာသလဲ?၊ ဘုရားဖြစ်လာတယ်။ အဲဒီတော့ အမေမျိုးသည် ကောလိယ။ အဖေမျိုးသည် သာကီယ။ မြတ်စွာဘုရား ဝါတော် (၁၅) ဝါ ရတဲ့အခါ။ မှတ်ထား။ (၁၅) ဝါအရမှာ ရောဟိနီမြစ်ရေကိစ္စ ပြဿနာ ဖြစ်လာတာပဲ။ ဖြစ်ပုံက ဒီလို...။

မြစ်အထက်ပိုင်းကလူတွေက မြစ်ကို ပိတ်ပြီးတော့ တမံတုတ်ထားကြတယ်။ မြစ်ပိတ်ပြီး တမံတုတ်လိုက်တော့ ရေတွေက အပေါ်မှာ လျှောင်ပြီးသားဖြစ်နေတယ်။ အောက် ပိုင်း ဘာဖြစ်သလဲ?၊ ရေမရှိတော့ဘူး။ အောက်ပိုင်းက လယ်သမားတွေ စပါးပင်လေးတွေ ခြောက်ကုန်တော့ ဓား၊ လှံ၊ လေးမြား၊ ပေါက်တူး တူးရွင်းတွေ ကိုင်ပြီး မြစ်အထက် ပိုင်း ဆန်ပြီးတက်လာကြတယ်။ "ဘယ်ကောင်တွေ ဘယ်က ပိတ်ထားတာတုံး" ဆိုပြီး တက်လာတယ်။ တမံနားလဲ

ရောက်ရော တမံတုတ်ထားတာကြီး တွေ့တော့ အတင်း တမံကို ပေါက်ပြီးဖြိုချတယ်။ ရေတွေက ဒလဟော စီးဆင်း သွားတယ်။ နဂိုက ရေမရှိတဲ့မြစ်။ တမံကိုဖြိုချလိုက်တော့ မြစ်ထဲကရေဟာ စုမနေဘဲ တစ်မြစ်လုံး ဘာဖြစ်သွားလဲ?၊ ပြန့်ထွက်သွားတယ်။ ဘယ်မှ ရေမရတော့ဘူး ဖြစ်ကုန်တယ်။

အကျိုးစီးပွား ရှိမလားလို့ လုပ်တော့လုပ်တာပဲ။ အကုန်လုံး ဘာဖြစ်ကုန်လဲ?၊ အကျိုးမဲ့ ဖြစ်ကုန်တယ်။ အဲဒီတော့ ကျွမ်းကျင် နိုင်နင်းတယ်ဆိုတာမှာ အကျိုးမဲ့ကို ကျွမ်းကျင် နိုင်နင်းတာက တစ်မျိုး၊ တကယ်ကျွမ်းကျင် နိုင်နင်းတာက အကျိုးရှိတဲ့နေရာမှာ ကျွမ်းကျင်နိုင်နင်းရမယ်။ ဘယ်မှာ ကျွမ်းကျင်နိုင်နင်းရမလဲ?။

(အကျိုးရှိတဲ့နေရာမှာပါ ဘုရား)

မေတ္တသုတ်ကို ပြန်ဖတ်။ "**ကရဏီယ မတ္ထ ကုသလေန**" ဆိုတဲ့နေရာမှာ၊ အတ္ထကုသလေန–အကျိုး စီးပွားရှိတဲ့နေရာမှာ ကျွမ်းကျင်နိုင်နင်းတဲ့ ပုဂ္ဂိုလ်သည်။ အတ္ထကုသလဆိုတာ အကျိုးစီးပွားရှိတဲ့ နေရာမှာ ကျမ်းကျင် နိုင်နင်းတဲ့ပုဂ္ဂိုလ်သည်။ ကတ္တဗ္ဗံ–အကျိုးရှိတဲ့ လုပ်ငန်း မှန်သမျှကို။ ကရဏီယံ–ကာတဗ္ဗံ–မုချကျိန်းသေ ပြုထိုက် ပါပေ၏။ ကိစ္စ–အကျိုးရှိမယ့် ကိစ္စမှန်သမျှကို။ ကရဏီယံ– ကာတဗ္ဗံ–ပြုရမယ်။

လူဆိုတာ ကျွမ်းကျင်ပုံ နှစ်မျိုးရှိတယ်။ ပါဠိလိုမှတ်။ အတ္ထကုသလနဲ့ အနတ္ထကုသလလို့ နှစ်မျိုးမှတ်။ (၁) က အတ္ထကုသလ၊ (၂) က အနတ္ထကုသလ။

အတ္ထကုသလဆိုတာ အကျိုးရှိသည်၌ ကျွမ်းကျင် နိုင်နင်းတာ။ အနတ္ထကုသလဆိုတာ အကျိုးမဲ့တဲ့ကိစ္စတွေမှာ

ကျွမ်းကျင်နိုင်နင်းတာ။ အကျိုးမဲ့ကို ကျွမ်းကျင် နိုင်နင်းရင် ဘာလဲ?၊ အနတ္တကုသလ။ အကျိုးရှိတဲ့လုပ်ငန်းမှာ ကျွမ်းကျင်တော့ ဘာတဲ့လဲ?၊ အတ္တကုသလ။

ခုနက ရောဟိနီမြစ်မှာ အထက်ပိုင်းက တမံတုတ်ထားတော့ ရေပြည့်လာပြီ။ အဲ...အထက်ပိုင်းက လယ်သမားတွေ ကမ်းနှစ်ဖက်စလုံး လယ်မလုပ်ရဘူးလား?၊ လုပ်ရတယ်။ အဲဒီ အထက်ပိုင်း လယ်သမားတွေ လယ်လုပ်ငန်းပြီးတဲ့အထိ စောင့်လိုက်ရင် ပရိသတ်ရေ အဆင်မပြေဘူးလား?။

(ပြေပါတယ်ဘုရား)

မစောင့်ဘူး၊ တမံကို အတင်းဖြိုချတော့ အထက်ပိုင်းကလဲ ရေမရ၊ အောက်ပိုင်းကလဲ ရေမရ၊ အဲဒီပုဂ္ဂိုလ်တွေရဲ့ ကျွမ်းကျင်မှုမျိုးကို ဘာခေါ်မလဲ?၊ အနတ္တ ကုသလ။ ခေါ်ကြည့်ပါ။

(အနတ္တကုသလပါဘုရား)

ဘယ်သွားကျွမ်းကျင်တာလဲ?၊ အကျိုးမဲ့လုပ်ငန်းမှာ ကျွမ်းကျင်တာ။ ဘယ်သူမှ ကျေးဇူးမများဘူး၊ တမံကြီးဖြိုချတဲ့ကိစ္စ။ အပေါ်ကလူလဲ ရေမရဘူး၊ အောက်က လူလဲ ရေမရဘူး။ အောက်က လူတွေကော ရေ ရသလား?။

(မရပါဘုရား)

အဲ...တုတ်ထားတုန်းကမှ ရေလေးက ကမ်း မရောက်တရောက်။ အကုန်ဖြိုချတော့ မြစ်ထဲပြန့်ကျဲ ပြီးသွားတော့ အပေါ်ရော အောက်ရော အားလုံးမရ ကြဘူး။ အဲဒီမှာ အောက်ပိုင်းက တစ်ခါတုတ်ပြန်ရော။ မြစ်ချောင်းကြီးက ပိုကျယ်မသွားဘူးလား?၊ ကျယ်သွားတဲ့ မြစ်ချောင်းကြီး

တမံတုတ်တော့ ရေပြည့်ဖို့ရန် အကြာကြီးစောင့်ရတယ်။ ကျွမ်းကျင်ပုံဟာ၊ ပရိသတ် ရေ...အဆင်မပြေတာ။ အဲသလို တမံတုတ်ထား၊ ရေ ပြည့်လဲလာရော၊ ကောလိယဝင်တွေက "တို့အရင်စိုက်မယ်၊ တို့ဘက်ကို ရေအရင်ပေး"၊ သာကီဝင်တွေကလဲ "တို့အရင်စိုက်မယ်၊ တို့ဘက်ကို ရေအရင်ပေး" ဖြစ်ကုန်ရော။

ဟိုကမ်းနားက လယ်သမားတွေ အဲဒီရေကို အကြောင်းပြုပြီးတော့ အကြီးအကျယ် အဲဒီမှာ ရန်ပွဲကြီးဖြစ်ကြတယ်။ ရေကို အကြောင်းပြုပြီး အကြီးအကျယ် ရန်ပွဲကြီးဖြစ်ရော။ မြတ်စွာဘုရားက ကပ္ပိလဝတ်မြို့ နားက နိဂြောဓာရုံကျောင်းမှာ။ မနက်ခင်းနေထွက် တစ်ကြိမ်၊ နေ့လယ်ခင်း မွန်းတည့်တစ်ကြိမ်၊ ညနေစောင်း နေဝင်တစ်ကြိမ်၊ ညဦးယံ တစ်ကြိမ်၊ သန်းခေါင်ယံ တစ်ကြိမ်၊ မိုးသောက်ယံတစ်ကြိမ်၊ တစ်နေ့တစ်နေ့မှာ ကမ္ဘာလောကကို စောင့်ရှောက်ဖို့ မြတ်စွာဘုရား ခြောက်ကြိမ်ကြည့်တယ်။ ခြောက်ကြိမ် ကြည့်တော့ ဘုရားရဲ့ ဉာဏ်တော်ထဲ ပေါ်လာတာက...

"ဪ...ငါ့အဖေဘက်က ဆွေမျိုးတွေနဲ့ ဟို အမေ့ဘက်က ဆွေမျိုးတွေ။ အဲဒီအမျိုးအဆက်ဆက်က ပေါက်ပွားလာတဲ့ ကောလိယဝင်-သာကီဝင် လယ်သမားတွေ ရောဟိနီမြစ်ထဲက ရေကို လုရာက အကြောင်းပြုပြီးတော့ အချင်းချင်း ရန်တွေဖြစ်ကုန်ကြပြီ။ ငါဘုရား အချိန်မီကြွမှပဲ" ဆိုပြီးတော့ ဘုရားကိုယ်တော်မြတ် တစ်ပါးတည်း နောက်လိုက်ရဟန်းတောင် မခေါ်နိုင်ဘူး။ တစ်ပါးတည်း ကောင်းကင်ကနေပြီးတော့မှ ရန်ဖြေဖို့ကြွလာ၊ ရောဟဏီမြစ်ရဲ့အထက် ကောင်းကင်ကနေပြီး တော့မှ ရတ်တရက် ဘုရား ကိုယ်တော်

မြတ်က မှောင်မည်းနေအောင် အမှောင်ကြီးချပစ်လိုက်တယ်။ ပြီးတော့ ရောင်ခြည်တော် ခြောက်ပါးကို လွှတ်တဲ့ပြီး ဩဒါတ–ရောင်ခြည်တော် စက်ဝိုင်းထဲကနေ ဘုရားမြတ်စွာက တင်ပျဉ်ခွေထိုင်တယ်။ မှောင်ထဲက မင်းနှစ်မျိုးတို့က ကောင်းကင်က ဘုရားကို ကြည့်နေကြပြီးတော့...

"တို့တစ်တွေက ဒီမှာ စစ်ခင်းမလို့ လုပ်တုန်း၊ လောကကြီးမှောင်ချပြီး ဘုရားကြွလာတာပဲ"လို့ အားလုံးငေးမော တွေးတောပြီး နေနေကြစဉ် ဘုရားရှင်က မေးတယ်။

"ဉာတယော–ဆွေတော်ရှစ်သောင်း မျိုးတော် အပေါင်းတို့။ တုမှာကံ–သင်တို့ရဲ့။ ဣဒံ ယုဒ္ဓံ–ဤစစ်ပွဲ သည်။ ကိံ ပဋိစ္စ ဥပ္ပန္နံ–အဘယ်ကို အကြောင်းပြု၍ ဖြစ်ပါသလဲ"

"ဘန္တေ ဘဂဝါ–ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား။ အမှာကံ–အကျွန်ုပ်တို့၏။ ယုဒ္ဓံ–စစ်ပွဲ ဟာ။ ဥဒကံ ပဋိစ္စ ဥပ္ပန္နံ–ရေကိုအကြောင်းပြု၍ ဖြစ်တဲ့ စစ်ပွဲပါဘုရား"

ဘုရားရဲ့ အဖမျိုးနဲ့ အမိမျိုးတွေ ရောဟိနီမြစ်မှာ စစ်ခင်းမလို့ ပြင်ဆင်နေကြတာ။ ဘုရားရှင်က မေးတယ်။ "ဘာကြောင့်ဖြစ်ရတာတုံး" ဆိုတော့ မိမျိုး ဖမျိုး နှစ်မျိုးစလုံးက ပရိသတ်ရေ...ဘာပြောသလဲ?၊ **"ဥဒကံ ပဋိစ္စ"** ပါဠိလိုပြောဆိုကြည့်ပါ။

**(ဥဒကံ ပဋိစ္စ)**

သူတို့စစ်ဖြစ်တာ ဘာအကြောင်းပြုသလဲ?၊ ရေ ကြောင့်ဖြစ်တာ။ ဘာကြောင့်လဲ?၊ ရေကြောင့်ဖြစ်တာ။ မြေကြောင့်လဲ မဟုတ်ဘူး၊ စည်းစိမ်ဥစ္စာကြောင့်လဲ မဟုတ်ဘူး၊ ရာထူးအာဏာကြောင့်လဲ မဟုတ်ဘူး၊ ဘာကြောင့်လဲ?၊ ရေကြောင့်ဖြစ်တာ ဆိုတော့ ဘုရားက မေးတယ်။

"**ဥဒကံ ကိံ အဂ္ဃတိ**–ရေဟာ ဘယ်လောက် တန်ဖိုး ရှိသလဲ"

"**အပ္ပကံ ဘန္တေ**–တန်ဖိုး အလွန်နည်းပါတယ် ဘုရား"

"ဟယ်...အဲဒါဆို တန်ဖိုးနည်းစွာသော ရေကို အကြောင်းပြု၍ ဖမျိုး မိမျိုးတို့ စစ်ဖြစ်ကြတယ်။ သင်တို့ မင်းတို့ရဲ့သွေး မြေမကျဘူးလား"

"ကျပါတယ်ဘုရား"

"အဲဒါဆိုရင် **ခတ္တိယာနံ လောဟိတံ ကိံ အဂ္ဃတိ**–မင်းသွေး မင်းသား မင်းသမီးတို့ရဲ့ သွေးဟာ ဘယ်လောက် အဖိုး တန်သလဲ"

"**မဟဂ္ဃံ ဘန္တေ**–တန်ဖိုးသိပ်ကြီးပါတယ်ဘုရား"

"အေး...၊တန်ဖိုးနည်းစွာသော ရေကို အကြောင်း ပြုပြီး တန်ဖိုးကြီးစွာသော၊ တန်ဖိုး မဖြတ်နိုင်သော လူတို့၏ သွေး မြေကျတာဟာ၊ ယုတ္တံ ဝါ၊ အယုတ္တံဝါ၊ သင့်တော်၏ လော၊ မတော်၏လော" မေးတော့။

တစ်ဖက်က ဖခင်မျိုး သာကီဝင်၊ တစ်ဖက်က မိခင်မျိုး ကောလိယဝင်။ သာကီဝင်–ကောလိယဝင် နှစ်မျိုးစလုံးဟာ ညှိုပြီးတော့ ဖြေတဲ့အတိုင်းပဲ–

"**အယုတ္တံ ဘန္တေ**။ ဘန္တေ ဘဂဝါ–ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား။ အမှာကံ–တပည့်တော် တို့ရဲ့။ အပ္ပကံ–နည်းစွာသော။ ဥဒကံ ပဋိစ္စ–ရေကို အကြောင်းပြု၍။ ယုဒ္ဓံ–စစ်ထိုးခြင်းဆိုတာ။ နယုတ္တံ– ဘယ်လိုနည်းနဲ့မှ မသင့်တော်ပါဘုရား...ရယ်လို့၊ ဥဘယ– ရာဇာနော–ကမ်းနှစ်ဖက်ရှိကြတဲ့ မိမျိုး ဖမျိုး ဤနှစ်မျိုးသော မင်းဆွေ မင်းမျိုးတို့သည်။ ဘဂဝန္တံ –ရှေ့ဘုန်းတော်သခင်

ရှင်တော်မြတ်ဘုရားကို။ အဝေါစုံ–ရွှေနားတော် ကြားအောင် လျှောက်ထားရှာကြလေ ကုန်သတည်း။

(သာဓု–သာဓု–သာဓု ပါဘုရား)

“တန်ဖိုးနည်းစွာသောရေကို အကြောင်းပြု၍ တန်ဖိုး ကြီးမားစွာသော မင်းတို့ရဲ့သွေး မြေမကျအောင် စစ်ပွဲ ဆင်နွှဲ ခြင်းသည် မတော်ကြောင်းပါ မြတ်စွာဘုရား”လို့ မိမျိုး ဖမျိုးနှစ်မျိုးတို့က ကိုယ်တော်မြတ်ကို လျှောက်ကြားတဲ့ အခါမှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော် မြတ်က–

## ရုက္ခဓမ္မဇာတ်တော်

“ရာဇာနော–ဆွေတော် ရှစ်သောင်း၊ မျိုးတော် အပေါင်းတို့...

အတိတ်ဝေးစွာ ရှေးကမ္ဘာတစ်ခုတုန်းက ငါဘုရား ကိုယ်တော်မြတ် အလောင်းတော် ဟိမဝန္တာမှာ တစ်တော လုံးကို အုပ်စိုးတဲ့ ရုက္ခစိုးဖြစ်လို့နေစဉ်တုန်းက ဝေဿဝဏ် နတ်မင်းကြီးက ဟိမဝန္တာတစ်တောလုံးကို အုပ်ချုပ်တယ်။ အုပ်ချုပ်တဲ့ ဝေဿဝဏ် နတ်မင်းတစ်ပါး ကွယ်လွန်တဲ့ အချိန်မှာ နောက်ထပ် ဝေဿဝဏ်နတ်မင်းတစ်ပါး ပေါ်ပေါက် လာတယ်၊ နောက်တက်လာတဲ့ ဝေဿဝဏ် နတ်မင်းက တောထဲက သစ်ပင်တွေ သစ်ပင်တွေ၊ မြို့နားကသစ်ပင်တွေ သစ်ပင်တွေမှာနေကြတဲ့ ရုက္ခစိုးတွေကို ဒီသစ်ပင်ကရုက္ခစိုး ဟိုသစ်ပင်ပြောင်း၊ ဟိုရွာက ရုက္ခစိုး ဒီရွာပြောင်း၊ အဲဒီလို ရုက္ခစိုးတွေကို နေရာပြောင်းရွှေ့၊ ပြောင်းရွှေ့ပြီးတော့ ခန့်ထား တယ်။

အဲဒီတော့ ဘုရားအလောင်းတော်ကလဲ ဟိမဝန္တာရဲ့ တစ်ခြမ်းကို အုပ်စိုးတဲ့ ရုက္ခစိုးဖြစ်တယ်။ သူအုပ်စိုးရတဲ့ ရုက္ခစိုးတွေ၊ ရုက္ခစိုးတွေကို ခေါ်ပြောတယ်။ "ဟေ့... ဝေဿဝဏ်နတ်မင်း အသစ်တစ်ယောက်တော့ ပေါ်ပေါက်လာတယ်၊ ပေါ်ပေါက်လာတဲ့ အသစ် ဝေဿဝဏ် နတ်မင်းက တို့ရုက္ခစိုးအားလုံးကို နေရာချထားတဲ့ကိစ္စ၊ မင်းတို့ ငါ့စကားနားထောင်ကြ၊ သစ်ပင်တွေမှာ နေရာယူလို့ရှိရင်လေ ဟိမဝန္တာတောထဲမှာ တစ်ပင်နှင့်တစ်ပင် ကျပ်ကျပ်ပိတ်ပိတ် ပေါက်နေတဲ့သစ်ပင်တွေမှာ နေရာယူကြ၊ မြို့နား ရွာနားမှာ ကပ်နေတဲ့ သစ်ပင်ကြီးကြီးမှာ နေရာမယူကြနဲ့"

ပရိသတ်ရေ...ဘုရားလောင်း ဆရာရုက္ခစိုးက ရုက္ခစိုးတွေကို နေရာယူနည်း ဩဝါဒပေးတာ၊ အဲဒီရုက္ခစိုးတွေထဲမှာ ဒေဝဒတ်လဲ ရုက္ခစိုးဖြစ်ပြီး ပါနေတယ်၊ အဲဒီတော့ ဒေဝဒတ်လောင်း ရုက္ခစိုးက ထပြီးတော့...

"ဆရာ ကျွန်တော် နည်းနည်း စောဒကတက် ချင်တယ်" အစည်းအဝေးမှာ၊ အစည်းအဝေးမှာ။

"ဘာစောဒကတက်မလဲ ပြော"

"ဆရာကြီးပြောသလို ဟိမဝန္တာ တောကြီးထဲမှာနေဆိုတော့ အဲဒါ ဆရာက ဘာအကျိုးမျှော်ပြီး ပြောတာလဲ" သူက မကျေနပ်ချင်ဘူး။ တောထဲမှာနေခိုင်းတာကို။

"ဟာ...တောထဲမှာ တစ်ပင်နဲ့ တစ်ပင် ကျပ်ကျပ်စိပ်စိပ်ပေါက်နေတဲ့ သစ်ပင်ဟာ လေမုန်တိုင်းတိုက်ရင် မလဲဘူး။ မြို့နား ရွာနားကသစ်ပင်ဆိုတာကတော့ တစ်ပင်ချင်းပေါက်တာမို့လို့ လေတိုက်ရင်လဲသွားနိုင်တယ်၊ လေမတိုက်တောင်မှ ဟိုလူကခုတ်၊ ဒီလူကလှဲ၊ အဲသလို ခဏခဏ

လဲသွားနိုင်တယ်ကွ၊ အဲဒီတော့ ခုတ်လှဲခံရတာရယ်၊ လေမုန်တိုင်းဒဏ် ခံရတာရယ် ခဏခဏပျက်စီးကြတော့ မင်းတို့ ဒုက္ခတွေ့နိုင်တယ်၊ ဒါကြောင့် မြို့နား ရွာနားနီးတဲ့ သစ်ပင်မှာမနေကြနဲ့" ဘုရားလောင်း ရုက္ခစိုးက ပြောတယ်။ ဒေဝဒတ်လောင်း ရုက္ခစိုးက ပြန်ပြောတယ်။

"ခုတ်ချင်ခုတ်၊ လှဲချင်လှဲ၊ မုန်တိုင်းတိုက်ချင်လဲတိုက်၊ ကျုပ်တော့ တောကြီးထဲ တောင်ကြီးထဲနေရတာ မစားရမသောက်ရဘူးဗျို့၊ ကျုပ်ကတော့ ရွာနားက သစ်ပင်မှာပဲ နေမယ်"

ရွာနားက အပင်မှာ နေချင်တာက ဘာရုက္ခစိုးလဲ?၊ ရွာနားနေရင် တော်တော်စားရတယ်၊ ဟုတ်လား မသိဘူး၊ မြို့ကြီးငှက လူတွေ တော်တော်သွားပြီး တင်ရဲ့လား?၊ တင်မယ်ဆိုလို့ရှိရင် ငှက်ပျောသီးလေး သွားတင်လိုက်၊ အုန်းသီးလေးသွားတင်လိုက်၊ ကြက်ပေါင်ကြော်လေးသွားတင်လိုက်။ တချို့က ဘီယာလေး ဘာလေး သွားတင်လိုက်၊ တချို့အရပ်မှာ၊ တချို့ အရပ်မှာ။ အဲဒီတော့ ရွာနားကနေတဲ့ ရုက္ခစိုးက ကောင်းကောင်းလေး စားရတယ်။ တော်ကြာ သူ့ သစ်ပင်ကြီး လမ်းနဲ့မလွတ်လို့ဆိုပြီးလှဲရင် ဘယ့်နှယ်လုပ်မလဲ?

အဲဒီလိုဖြစ်မှာစိုးလို့ ဘုရားလောင်းက သတိပေးတာကို ဒေဝဒတ်ရုက္ခစိုးက–

"မဟုတ်ဘူးဗျာ၊ ကျုပ်တော့ ရွာနားပဲကြိုက်တယ်"

"ကဲ–ပြောမရလဲသွားကွာ"ဆိုပြီး လွှတ်လိုက်တော့ ဘုရားလောင်းရဲ့ အဆုံးအမကို လက်ခံတဲ့ ရုက္ခစိုးတွေက အားလုံး ဘယ်မှာနေရာယူကြသလဲ? ဟိမဝန္တာမှာ။ နား

မထောင်တဲ့ ဒေဝဒတ်ခေါင်းဆောင်တဲ့ သူ့နောက်ပါတဲ့ ရဟန္တာစိုး တချို့က မြို့နား ရွာနားက သစ်ပင်တွေမှာ နေရာယူတာ။ အဲဒါ ခုနေပြီးလို့ (၇)ရက် မကြာသေးဘူး ပရိသတ်ရေ–

ဘစ်နာရီမှာ မိုင် ၂၀၀ လောက် အရှိန်အဟုန်ပြင်း ထန်တဲ့ ဆိုင်ကလုန်း မုန်တိုင်းကြီး တိုက်လာတယ်။ မြို့နား၊ ရွာနားက သစ်ပင်တွေ အကုန်လုံး ဗုန်းဗုန်းလဲ။ ဟိမဝန္တာ တောထဲက သစ်ပင်တွေ တစ်ပင်မှမလဲဘူး။ အဖျား လေခတ် ရုံပဲတဲ့။ ဟိမဝန္တာက သစ်ပင်တွေ ပရိသတ်ရေလဲသေးလား?

(မလဲပါဘုရား)

ဘာဖြစ်လို့၊ ကျပ်ကျပ်စိပ်စိပ် ပိတ်ပိတ်ပေါက်နေတဲ့ အတွက်ကြောင့် မုန်တိုင်းသည် အဖျားကိုပဲ လေခတ်နိုင် တယ်။ အရင်းက လဲနိုင်သလား။ မလဲနိုင်ဘူး။ တစ်ပင်ချင်း ပေါက်တဲ့ မြို့နား၊ ရွာနားက သစ်ပင်တွေကျတော့ ဘာဖြစ် ကုန်သလဲ?။ လဲကုန်တယ်၊ အဲဒါ မြတ်စွာဘုရားက ပြန်ပြော ပြတယ်။

ဟေ...ဆွေတော် ရှစ်သောင်း မျိုးတော်အပေါင်းတို့၊ တုမေ–သင်တို့တစ်တွေသည်၊ ရက္ခသဘာဝ်–သစ်ပင်ရဲ့ သဘောကို။ ဇာနာထ–သိကြကုန်လော့။ ပဿ–ရှုစမ်းကြ ကုန်လော့၊ အညောညနိဿိတာ–အချင်းချင်းကျပ်ကျပ်စိပ်စိပ် မှီရှိ၍သာနေကြမယ်ဆိုရင်။ တုမှာကံ–သင်တို့၏။ သကဟတ္ထိ– သကဟတ္ထိယာ–မိမိတို့အတွက် အားတက်ခြင်းသည်သာ။ သဒါ–အခါခပ်သိမ်း မိမိတို့ အဖို့သာလျှင်။ ဘဝိဿန္တိ– ဖြစ်ကြရကုန်လိမ့်အံ့။

အကယ်၍များ မြို့နားရွာနားမှာ တစ်ပင်ချင်း ပေါက် နေတဲ့ သစ်ပင်တွေလို ကွဲကွဲပြားပြား ဖြစ်နေမယ် ဆိုလို့ရှိရင်

တော့၊ တုမှာကံ-သင်တို့ရဲ့။ ဝါယမတ္ထ-အားထုတ်ခြင်း မှန်သမျှဟာ။ ပရပတ္တိယာ-သူတစ်ပါး၏ အဖို့တွေချည်း။ ဘဝိဿန္တိ-ဖြစ်ကြပေကုန်လိမ့်လတ္တံ့ဟူ၍။ သတ္ထာ-နတ်လူတို့ ဆရာ မြတ်စွာဘုရားသည်။ ဝတွာ-မိန့်ကြားတော်မူပြီးတော့မှ၊ ဘိက္ခဝေ-ဥာတယော-ဆွေတော် ရှစ်သောင်း မျိုးတော် အပေါင်းတို့၊ အညမည- ဝိဝါဒါ-အချင်းချင်း ငြင်းခုံ၍နေခြင်း သည်။ အညမည- ကလဟံ-အချင်းချင်း ခိုက်ရန်ပြု၍ နေခြင်းသည်။ ပရပတ္တိယာ-သူတစ်ပါး၏ အဖို့သည်။ ဘဝိဿတိ-ဘဝိဿန္တိ-ဖြစ်ကြပေကုန်လိမ့်မယ်လို့။ ဝတွာ- မိန့်ကြား တော်မူပြီးတော့မှ။ ဇာတကံ-ဇာတ်တော်ကို။ သမောဓာ နေသိ-ကောင်းစွာမသွေ ပြတော်မူခဲ့ပါပေ သတည်း။ (ဇာတက-၁၊ နှာ-၁၇)

(သာဓု-သာဓု-သာဓု ပါဘုရား)

ဘုရားလောင်းကို မှီခို၍နေနေကြတဲ့ ရက္ခစိုးအပေါင်း သည် ဒီကနေ့ ဒီအခါ ငါဘုရားရဲ့ စကားကို လိုက်နာတဲ့ ဆွေမျိုးများ ငါဘုရားရဲ့ပရိသတ်များ ဖြစ်လာခဲ့ပါတယ်။

ဟို အစားကောင်းကောင်းစားရဖို့ မျှော်ပြီးတော့ သစ်ပင် ကြီးကြီး ရှာနားနီးနီး ချဉ်းကပ်ပြီးတော့ နေခဲ့တဲ့ရက္ခစိုးသည် ရှင်ဒေဝဒတ်ဖြစ်လာခဲ့တယ်။ ဆိုပြီးတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်က၊ ရက္ခဓမ္မ-သစ်ပင်ရဲ့သဘောကို ကောင်းစွာ ဖော်ပြတဲ့ ဇာတ်တော်ဖြင့် ဆွေတော်မျိုးတော်တို့ရဲ့ ရန်ငြိမ်း ကြောင်းနဲ့ ညီညွတ်ကြောင်း ကောင်းစွာဖော်ပြတဲ့ တရား ဒေသနာတစ်ခုတဲ့။

ဘယ်ကနေ ဟောတုန်းဆိုရင် ရောဟိနီမြစ်ရဲ့ ကောင်းကင်အထက်ကနေပြီးတော့ ဟောပါတယ်။ အဲ...

ကောင်းကင်ကနေ ဟောသွားတာ စုစုပေါင်းဇာတ်တော်ငါးခုနဲ့ သုတ္တန်တစ်ခု ဟောပါတယ်။ ဒီကနေ့ ဒီနေရာမှာ ဟောဖို့ အချိန်မရှိဘူး။ ချန်ထား။ ဇာတ်တော် ငါးခုမှာ တစ်ခုပြော ထားပြီးပြီ။ ကျန်တဲ့လေးခုကို အနှစ်ချုပ်ပြီးတော့ တိုတိုလေး ဟောမယ်။ တစ်ခုကဘာလဲဆိုရင် **"သမ္မောဒမာနဇာတ်"**ပဲ။

## သမ္မော ဒမာန ဇာတ်တော်

ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းတို့၊ ငါဘုရား အလောင်း ဘဝတစ်ခုမှာ ငုံးဖြစ်ဖူးတယ်။ ဘာဖြစ်ဖူး တယ်။ ငုံးဖြစ်ဖူးတယ်။ ငုံးအကောင်တစ်သောင်းလောက်ကို အုပ်ချုပ် ပြီးတော့ နေနေတဲ့အခါ အစာရှာများထွက် ကြပြီဆိုရင် ငုံးအကောင် တစ်သောင်းကို ငါဘုရားပေးတဲ့ ဩဝါဒက "ကောင်းကင်မှာ ထပျံရင်လဲ အကောင်တစ်သောင်း တညီ တည်း ထပျံရမယ်။ မြေပြင်မှာ အစာစားဖို့ ဆင်းရင်လဲ ခြေထောက်တွေအားလုံး မြေပြင်ကို တညီတည်း ကျရမယ်။ အဲဒါ နားထောင်၊ ဒါမှ တို့အမျိုး ကြီးပွားမယ်" "ကောင်းလှ ပါပြီလို့ ဝန်ခံထား"။ တစ်ခုသောနေ့ အစာရှာထွက်၊ တောထဲက တလင်းပြင် တစ်ပြင်မှာ မုဆိုးက စပါးတွေ ဆန်တွေကြဲထားပြီးတော့ ပိုက်ကွန်ကြီးနဲ့ ခြုံထဲက ချောင်း နေတယ်။ အဲတော့... ဘုရားလောင်းက ငုံးတစ်သောင်း အုပ်ချုပ်လို့ ပျံလာ။

"ဟော့...ဟိုမှာ စပါးတွေ ဆန်တွေ ကြဲထားတယ်၊ စားမလို့ဆင်းမယ်ဆိုရင် တညီတည်းဆင်းကြနော်..."

"ကောင်းပါပြီ"ဆိုပြီး၊ ငုံးအကောင်ကဘယ်လောက် ပါလဲဗျာ။

(တစ်သောင်းပါ ဘုရား)

အကောင်တစ်သောင်းကို တညီတည်းဆင်းနိုင်းဖို့ ကိစ္စ တော်တော်တော့မလွယ်ဘူး၊ ဒါပေမယ့် စကား နားထောင်တဲ့ အခါမှာ မြေကြီးပေါ်မှာ အကောင် တစ်သောင်းဆိုတော့ ခြေထောက်က တစ်ကောင် တစ်ကောင်မှာ နှစ်ချောင်း ပါတယ်၊ အားလုံးပေါင်း ခြေထောက်က ဘယ်နှချောင်းလဲ?။

(နှစ်သောင်းပါဘုရား)

အဲဒါတွေ တညီတည်း မြေကြီးပေါ်ကျတယ်။ တော် တော် အဆင်ပြေတယ်။ အဲဒါ စားနေတဲ့အချိန် မှဆိုးက "ဖြုန်း" ဆို ပိုက်ကွန်ကြီးနဲ့ အုပ်ချလိုက်တယ်။ အကုန်လုံး ပိုက်ကွန်အောက်မှာ မိသွားတယ်။ မိသွားတော့ ဘုရား လောင်း ငုံးမင်းက ပြောတယ်–

"ဟော့ကောင်တွေ၊ ပိုက်အပေါက်ကလေးတွေ၊ အပေါက် ကလေးတွေထဲကို ခေါင်းလျှိုထားကြ" စနစ် နော်။ (Well train.)၂ "ချွတ်" ခနဲဆို ခေါင်း ဘယ်နှခေါင်း ထွက်လာ သလဲ?။

(တစ်သောင်းပါဘုရား)

ဘယ်ထဲက ထွက်လာသလဲ?။

(ပိုက်အပေါက်တွေထဲက ထွက်လာပါတယ်ဘုရား)

ဟိုက မုဆိုး မျက်လုံးကို ပြူး၊ အံ့အားကိုသင့်ပြီး "ဒီကောင်တွေ ညီလိုက်တာ" ပိုက်အပေါက်ထဲက ခေါင်း တစ်သောင်း ထွက်နေတယ်။ ပြီးတော့ ဘုရားလောင်းက...

"ဟော့ကောင်တွေ ပျံကြစို့"ဆို တစ်ညီတည်း ထပျံ တော့ ပိုက်ကွန်ကြီးဟာ ဘယ်မှာ ပါသွားလဲ?၊ ငုံး အကောင် တစ်သောင်းရဲ့ ကျောပေါ်မှာ ပါမသွားဘူးလား?၊ အကောင်

လေးတွေ သေးသေးလေးတွေပေမယ့် ညီညွတ်တဲ့အတွက် ကြောင့် အင်အားရှိတယ်နော်။

(မှန်ပါဘုရား)

Unity ဆိုတာ Strength ပဲ၊ အင်အားပဲ၊ အဲဒီ အင်အားနဲ့ မ,ချီထွက်သွားတဲ့ အတွက်ကြောင့် မုဆိုး ပါးစပ်ဖြဲပြီး ငေးကျန်ရစ်တယ်။ ပြီးတော့မှ ကောင်းကင်လဲ ရောက်ရော ဘုရားလောင်းက အမိန့်ပေးတယ်–

"ဟော့ကောင်တွေ ဟိုမှာ ဆူးချုံကြီးနော်၊ အဲဒီ ဆူးချုံ ကြီးအကြား အကြားမှာ တစ်ကောင်တစ်ကောင် တညီတည်း တိုးတိုးဝင်ပြီးတော့ ပျံကြ" ဘယ်ထဲ တိုးရမှာလဲ?။

(ဆူးချုံထဲကိုပါဘုရား)

ဆူးချုံထဲ အကောင်တစ်သောင်း တိုးပျံ အောက်ကနေ ထွက်သွားတော့ ပိုက်ကွန်ဟာ ဆူးချုံပေါ်ငြိပြီး ကျန်ရစ်တယ်။ မုဆိုး စိတ်ပျက်လက်ပျက်နဲ့ ပိုက်နဲ့ဆူး၊ ဆူးနဲ့ပိုက်ကို ဖျဉ်ပြီး မိုးချုပ်သွားတယ်။ တစ်ကောင်မှ မစားရဘူး။ ဘယ်အချိန်လဲ?၊ မုဆိုးအစာငတ်သွားတာ။ ညီညွတ်တဲ့အချိန်။ ဟုတ်လား?၊ ပရိသတ်ကြီး ဘယ် အချိန်လဲ?။

(ညီညွတ်တဲ့အချိန်ပါဘုရား)

နောက် ဘာဖြစ်တုံးဆိုတော့ တညီတညွှတ်တည်း ဆင်းဖို့ ပြောထားပါလျက်က နဲ့ တစ်ခုသောနေ့ အစာရှာရင်းနဲ့ ဆန်တလင်းတစ်ခုကိုတွေ့တယ်။ အကောင်တစ်သောင်းဟာ တစ်ကောင်ကလွဲရင် တညီတည်းကျတယ်။ အကောင် တစ်ကောင်က နည်းနည်းကလေး သူက မိနစ်ကလေး နောက်ကျပြီးတော့ ဆင်းတယ်။ အောက်မှာ အကောင်တွေ ကျပ်မနေဘူးလား?၊ ကျပ်နေတဲ့ အကောင်တွေကြားထဲမှာ

နောက်ကျတဲ့အကောင် ဆင်းဖို့ အပေါက်မရဘူး။ ဘယ်နား ဆင်းရမလဲ၊ ဘယ်နား ဆင်းရမလဲနဲ့ ဆင်းစရာနေရာ ရှာမရတာနဲ့...

"ကိုင်းကွာ၊ မိရာအကောင်ပဲ ငါ နင်းဆင်းတော့မယ်" ဆိုပြီး ဆင်းချလိုက်တာ။ အကောင်တစ်ကောင်ရဲ့ ခေါင်းကို နင်းမိလိုက်တယ်။ ဘာဖြစ်လို့လဲ?၊ နောက်ကျလို့။

အေး...ညီညွတ်တဲ့နေရာမှာ ကိုယ်လဲ ညီညွတ်ရမယ်၊ စိတ်လဲ ညီညွတ်ရမယ်၊ ဘယ်နှမျိုးလဲ?။

(နှစ်မျိုးပါဘုရား)

"Physical unity and Mental unity"

ညီညွတ်ခြင်း နှစ်မျိုးရှိတယ်။ စိတ်ဓာတ်ရေးရာ ညီညွတ် တယ်ဆိုပေမယ့် ကာယသာမဂ္ဂီ မဖြစ်တော့ နောက်ကျတဲ့ အကောင်က ရှေးဦးစွာရောက်နေတဲ့ အကောင်ကို ခေါင်း နင်းမိတယ်။ အနင်းခံရတဲ့ အကောင်က...

"ဘယ်အကောင်လဲကွ၊ ငါ့ခေါင်းနင်းတာ" ဖြစ်လာ တယ်။ ငါ့ခေါင်းနင်းတာ ဘယ်အကောင်လဲပေါ့။

"အိုဗျာ...ကျုပ်ဗျာ၊ နင်းစရာ မြေကွက်ရှာမရလို့ ကြိုးစားပြီးတော့ ရှောင်နင်းတာပါပဲ၊ ဒါပေမယ့် ခင်ဗျား ခေါင်းနင်းမိတယ်ဗျာ၊ သည်းခံပါ"

"ဘာသည်းခံရမလဲကွ၊ မင်း တညီတည်းဆင်းပါဆို မင်းက နောက်ကျမှ ဆင်းပြီး သူများခေါင်း တမင်နင်းတာ"

အကောင်နှစ်ကောင် ရန်ဖြစ်ပြီးနေနေကြတုန်း မုဆိုးက "ဖျော" ဆို ပိုက်ကြီးနဲ့ ပစ်ချလိုက်တာ မိသွားကြပြန်ရော။

အဲဒီတော့ မုဆိုးရဲ့ ပိုက်အောက်မှာ အကောင်တွေ အကုန်လုံး ရောက်နေတုန်းမှာ ဟိုနှစ်ကောင်ဘာဖြစ်နေကြတုံး။

ရန်ဖြစ်တုန်းပဲ။ နှစ်ကောင်ရန်ဖြစ်တော့ သူတို့အနားမှာနေတဲ့ အကောင်တွေက...

"ဟေ့...မင်း ဘာဖြစ်တာတုံး"

"ဟာကွာ၊ ငါ့ခေါင်းကိုနင်းလို့"

"တောင်းပန်လဲ မကျေနပ်ဘူးကွ၊ ဒီကောင်တယ် ဆိုးတဲ့ကောင်" ဆိုတော့ အနင်းခံရတဲ့ အကောင်ရော၊ နင်းတဲ့အကောင်ရော အဲဒီနှစ်ကောင် မျက်နှာမြင်၊ အနားက ကောင်တွေက နည်းနည်း နည်းနည်း ဘက်လိုက် ဘက်လိုက် ပါသွားလိုက်ကြတာ၊ နှစ်ခြမ်း ကွဲကြီး ဖြစ်သွားတယ်။

မှဆိုး ပိုက်ကွန်က အပေါ်က အုပ်ထားတာ။ ဘုရား လောင်းက "ဟေ့ကောင်တွေ ပိုက်အပေါက်ထဲ ခေါင်းလျှိုကြ" ဆိုတော့ ဟိုရန်ဖြစ်တဲ့ အကောင် နှစ်ကောင်ကလွဲရင် ကျန်တဲ့အကောင်တွေ ခေါင်းလျှို တယ်။ "ကိုင်း...ထပျံကြ" လဲဆိုရော နင်းတဲ့ကောင် ကရော၊ အနင်းခံရတဲ့ အကောင် ကရော ဘာပြောသလဲ ဆိုတော့...

"မင်းက သူများခေါင်းနင်းတဲ့ကောင်ပဲ၊ အဲဒါကြောင့် မင်းက လူစွမ်းကောင်း၊ သူများခေါင်းတောင်နင်းသေး တယ်ဆိုတော့ ဒီပိုက်ကြီးကို မင်းကပဲ မ,ပေါ့" ကတ်တာ၊ ကတ်တာ။

"မင်းကကွာ၊ ငါ တောင်းပန်တာတောင် မကျေဘူး၊ တော်တော်မာနကြီးတဲ့အကောင်၊ ဒီပိုက်ကို မင်းပဲ မ"

အဲဒီအချိန်မှာ ရန်ဖြစ်နေတုန်းဆိုတော့ ပိုက်ကွန် ကြီးကို မသယ်မီ၊ မ မ,မီမှာ မှဆိုးက အကုန်လုံး ပိုက်ကွန်ကို ရုပ်သိမ်းပြီး ဆွဲယူလိုက်တာ ငုံးအကောင် တစ်သောင်း ဘာဖြစ်သွားလဲ?၊ မှဆိုးအစာ ဖြစ်သွား တယ်။

ဒါကို မြတ်စွာဘုရားက ပြောပြတယ်။ ဖခင်မျိုးက ဘာလဲ?၊ သာကီဝင်။ မိခင်မျိုးက ကောလိယဝင်။ ကောလိယဝင်–သာကီဝင် မိခင်မျိုး၊ ဖခင်မျိုး နှစ်မျိုး တို့ဟာ၊ အညမညနိဿိတာ–အချင်းချင်း မှီခိုကြကုန်သည်ဖြစ်၍သာ လျှင်။ သမ္မောဒမာနာ–အချင်းချင်း ဝမ်းမြောက် ဝမ်းသာ ဖြစ်ကုန်၍သာလျှင်။ ဝိဟရထ–နေကြကုန်လော့။

တုမှေ–သင်တို့တစ်တွေသည်။ အညမညကလဟာ–အချင်းချင်း ရန်ပွားကြကုန်သည်ဖြစ်၍သာလျှင်။ အညမည ဝိဝါဒါ–အချင်းချင်းခိုက်ရန်များကြကုန်သည် ဖြစ်၍သာလျှင်။ မာဝိဟရထ–မနေကြပါကုန်လင့်။

အညမညဝိဝါဒါ–အချင်းချင်း ခိုက်ရန်ဖြစ်ပွားကြ သော ပုဂ္ဂိုလ်တို့သည်။ ပရပတ္တိယာ–မုဆိုးအစာချည်း သာလျှင်။ ဘဝိဿန္တိ–ဖြစ်ကြပေကုန်လိမ့်မယ်လို့။ သတ္ထာ–နတ် လူတို့ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝတွာ–မိန့်ကြား တော်မူပြီးမှ။ ဇာတကံ–သမ္မော ဒမာနဇာတ်ဒေသနာတော်ကို။ သမောဓာနေသိ–ကောင်း စွာမသွေ စုပေါင်း၍ ပြတော်မူခဲ့ပါ ပေသတည်း။

(သာဓု–သာဓု–သာဓု ပါဘုရား)

ဉာတယော–ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်း တို့။ တဒါ–ထိုအခါတုန်းက။ ဝဋ္ဋကရာဇာ–ငုံးအားလုံး တို့ရဲ ချမ်းသာရာ ချမ်းသာကြောင်း ကောင်းစွာပြောပြ ဆုံးမ၍ နေသော ငုံးမင်းသည်။ ဣဒါနိ–ယခုအခါ၌။ အဟမေဝ– ငါဘုရားသည်သာလျှင်။ အဟောသိ–ဖြစ်လာ ခဲ့ပြီ။

တဒါ–ထိုအခါတုန်းက။ ဒုဗ္ဗစဝဋ္ဋကော–ပြောဆိုဆုံးမ အလွန်ခက်ပြီးတော့ သူတစ်ပါးခေါင်းကို နင်းခဲ့တဲ့ငုံးသည်၊

ဣဒါနိ -ယခုအခါ၌။ ဒေဝဒတ္တော -ဒေဝဒတ်သည်။ အဟောသိ -ဖြစ်လာခဲ့ပြီ။

ညီညွတ်စွာနေလို့ ဘယ်လိုပဲပြောပြော သူတစ်ပါး ခေါင်းကိုနင်းတဲ့ငုံးသည် ဘယ်သူဖြစ်လာ?၊ ဒေဝဒတ်ဖြစ် လာတယ်။ ငုံးအပေါင်း ချမ်းသာကြောင်းဆုံးမ၍ နေခဲ့သော ငုံးမင်းသည် ယခုအခါ ငါဘုရားဖြစ်လာတယ် ရယ်လို့ ဇာတကံ သမ္မောဒမာန်-ဇာတ်တော်ဒေသနာကို။ သမောဓာ နေသိ-ကောင်းစွာမသွေ စုပေါင်း၍ ပြတော် မူခဲ့ပါပေ သတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

**(ဇာတက-၁၊ နှာ-၉၉)**

## ဖန္ဒနဇာတ်တော်

ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းတို့... တစ်ခု သောဘဝ ငါဘုရားကိုယ်တော်မြတ် ဟိမဝန္တာမှာပဲ တစ်တော လုံးကို အုပ်စိုးတဲ့ ရုက္ခစိုးဖြစ်တဲ့ဘဝ။ ကြို့ပင်တစ်ပင်မှာ ရုက္ခစိုးတစ်ယောက်နေနေတယ်။ ဝက်ဝံ တစ်ကောင်သည် တောထဲမှာ ဝအောင်စားပြီး သောက်ပြီးတော့ အပန်းဖြေဖို့ ဆိုပြီး ကြို့ပင်ရိပ်မှာ အိပ်နေတယ်။ ပရိသတ်ရေ ကြို့ပင်ရိပ်မှာ ဘယ်သူအိပ်-

(ဝက်ဝံအိပ်နေပါတယ်ဘုရား)

ကြို့ပင်မှာ ဘာရှိလဲ ? ရုက္ခစိုး။ ကြို့ကိုင်းတစ်ကိုင်း ဟာ ဆွေးပြီးတော့ လေလေး နည်းနည်းတိုက်လို့ ကြို့ကိုင်း ဟာ ကျိုးကျတယ်။ အေးအေးချမ်းချမ်း အိပ်နေတဲ့ ဝက်ဝံ

အပေါ်ကျတယ်။ သူ့ဟာသူ ဆွေးပြီး ကျိုးကျတာနော်။ အဲဒါကို အိပ်နေတဲ့ ဝက်ဝံက ကြို့ကိုင်း သူ့အပေါ်ကျတာနဲ့ လန့်နိုးပြီး ထွက်ပြေးသွားတယ်။ အဝေးက ပြန်ကြည့်ပြီး–

"ဟာ–ကြို့ကိုင်းခြောက် ငါ့အပေါ်ကျတယ်၊ ငါ အေးအေးချမ်းချမ်း သစ်ပင်ရိပ်အိပ်နေတာ ဒီကြို့ကိုင်း ပင်က ရက္ခစိုးက မနာလိုဘူး"ဆိုပြီး တွေးတယ်။ ဒီအတွေး မှန်ရဲ့လား?ကြို့ကိုင်းက ရက္ခစိုးပစ်ချတာလား? သူ့သဘာဝ အတိုင်း ကြွေတာလား?

(သူ့သဘာဝအတိုင်း ကြွေတာပါဘုရား)

သဘာဝအတိုင်း ကြွေကျတာကို တစ်ယောက်ယောက် က လုပ်ကြံတယ်ဆိုတဲ့ အတွေးဟာ အတွေးမှားပဲ။ အဲဒီတော့ ခုနက ဓမ္မစကြာကို အမျိုးကောင်း သမီးလေးတွေ ရွတ်တော့ သမ္မာသင်္ကပ္ပ ဆိုတာဘာလဲ? မှန်ကန်သော အကြံ (Right Thinking) အတွေးမှန်။ သဘာဝအတိုင်း လေတိုက်လို့ ကျိုးကျတာ။ ရက္ခစိုးက ငါ့အပေါ်ပစ်ချတယ်ဆိုတဲ့ အတွေးဟာ မှန်သလား?

(မမှန်ပါဘုရား)

အဲသလို အကြောင်းမဲ့ မတွေးရဘူး။ အကြောင်းနဲ့ အကျိုးနဲ့ စနစ်တကျ ဆက်စပ်ပြီးတော့တွေးမှ၊ ဒီအတွေး ဘာခေါ်လဲ? သမ္မာသင်္ကပ္ပ။ အတွေးမှန်မှ နိဗ္ဗာန်လမ်း ကြောင်းပေါ် ရောက်တယ်၊ အတွေးမှားရင် နိဗ္ဗာန်လမ်း ကြောင်းပေါ်ရောက်မယ်။ အတွေးမှားတာကို ခေါ်သေး တယ်။ (Wrong Thinking)

ခု ဝက်ဝံဘာဖြစ်လဲ?

(အတွေးမှားပါတယ်ဘုရား)

"ငါအေးအေးချမ်းချမ်းအိပ်နေတာ၊ ရက္ခစိုးက မနာလိုလို့ ငါ့ကို သစ်ကိုင်းခြောက်နဲ့ပစ်တယ်။ ငါ့ကို အကျိုးမဲ့လုပ်ရင် ငါလဲနင့်ကို အကျိုးမဲ့ လုပ်မယ်"တဲ့၊ အဲဒီလို အမျက်ထွက်ခြင်းဟာ မှန်သလား? အရာမဟုတ်သည်၌ အမျက်မထွက်အပ်ဘူးနော်။

(မှန်ပါဘုရား)

အဲဒီတော့ ဝက်ဝံက ကြို့ပင်ရင်းမှာ အိပ်နေပြီး တော့ ဒီကြို့ပင်ကို ဘာလုပ်မလဲ? ဖျက်ဆီးဖို့ကြံတယ်။ အရိပ်လဲ ခိုသေးတယ်။ အရိပ်ခိုတဲ့ သစ်ပင်ကိုလဲ ဖျက်ဆီး ဖို့ကြံတာ၊ ပရိသတ်ရေ သူ့ရဲ့ အကြံအစည်ဟာ ဘယ်လောက် မှား သွားလဲ ? စဉ်းစားကြည့်။ မှားပြီးရင်းမှားပြီး ဖြစ်နေတယ်။ အဲဒီတော့–

"ငါ့ကို မနာလိုလို့ ကြို့ကိုင်းနဲ့ပစ်တဲ့ ရက္ခစိုးကွာ၊ မင်းအပင်တော့ ငါဖျက်ဆီးပစ်ဦးမယ်"လို့ ချောင်းပြီးတော့ အကွက်ရှာနေတုန်းမှာ တောသားတစ်ယောက် လှည်းတွေ၊ ဓားတွေနဲ့ တောထဲဝင်လာတာ သွားတွေ့။ ဝက်ဝံက ချဉ်းကပ်တယ်။

"ဗျို့ဆရာ သစ်ခုတ်သမား၊ ခင်ဗျား ဘာလုပ်မလို့လဲ?

"ကျုပ် လှည်းလုပ်မလို့ သစ်ရှာတာ"သစ်ခုတ် သမားက လှည်းလုပ်ဖို့ သစ်ရှာတာဆိုတော့ ဝက်ဝံက ပြောတယ်။

"လှည်းလုပ်ရင် ခင်ဗျား ဘာအသားကောင်းတယ် ထင်သလဲ?

"အိုဗျာ တို့များ ဆိုတော့ကွာ သစ်ရာတို့ ပျဉ်းကတိုးတို့ ပိတောက်တို့၊ ကျွန်းတို့ ဒါမျိုးကောင်းတယ်ထင်လို့ လုပ်နေကြတယ်"

"မဟုတ်ဘူး၊ ကြို့သားအကောင်းဆုံးပဲ"တဲ့၊ ဝက်ဝံက သွားပြောတာ။ ဘာအသားအကောင်းဆုံးတဲ့လဲ ?

(ကြို့သားအကောင်းဆုံးပါတဲ့ ဘုရား)

"အဲဒါဆို ကြို့ပင် ဘယ်မလဲ ? ပြ"ဆိုတော့-

"လာ လာ ကျုပ်ပြမယ်"ဆိုပြီးတော့ သူအရိပ်ခို အိပ်ခဲ့တဲ့ ကြို့ပင်ကြီးကိုပြတယ်။ ဝက်ဝံ၊ ဝက်ဝံ သူကိုယ်တိုင် အေးအေးဆေးဆေး အိပ်ခဲ့တာ ကြို့ပင်အောက်မှာ နှစ်ပေါင်းများစွာ။ သူ့ကို အရိပ်ပေးခဲ့တဲ့ ကြို့ပင်ကြီးကို ဒီဝက်ဝံက ဘာလုပ်တော့မတဲ့လဲ ? ဖျက်ဆီးတော့မယ်။ အဲဒီတော့ သစ်ခုတ်သမားကို ပြောတယ်-

"ဟောဒီ အပင်ပဲဗျ၊ အသက်ကြီးလာပြီ။ ဒီအပင် အသက်တော်တော်ကြီးပြီ၊ အဲဒါ အနှစ်ရှိတယ်။ ခင်ဗျား ဒီအပင် လှဲသွား"ဆိုတော့-

သစ်ခုတ်သမားက အားရပါးရ အပင်ရင်းကနေ လွှနဲ့ တိုက်ပြီးတော့ လှဲရော။ အပေါ်က ရုက္ခစိုးက တော်တော် စိတ်ပျက်သွားတယ်။ ရုက္ခစိုးက-

"ဩော် ဒီအကောင်ဟာ ငါ့အရိပ်မှာ အိပ်အိပ် ပြီးတော့ နေလာတာ နှစ်ပေါင်းများစွာ၊ သူမှီခိုခဲ့တဲ့အရိပ်ကို သူ ဖျက်ဆီးမလို့ကြံတာ၊ ဒီကောင် တော်တော်မိုက်တဲ့အကောင်၊ သစ်ကိုင်းခြောက် သူ့ဟာသူကျတာကို ငါက မနာလိုလို့ သူ့ကိုနှင်ထုတ်တယ်ထင်၊ ငါ့အပင်ကို ဖျက်ဖို့ကြံတယ်၊ ငါလဲ မနေဘူး။ ဒင်းကိုလဲဖျက်ဆီးဦးမယ်" တဲ့ပြန်တာနော်။

(မှန်ပါဘုရား)

ကြို့ပင်ကြီးလဲသွား၊ အဖျားတွေဖြတ်၊ အရင်းတွေဖြတ်၊ အပေါက်တွေပေါက်၊ အကာတွေခွာ၊ အနှစ်တွေ ရွေးခုတ်

ပြီးတော့ သစ်ခုတ်သမားက တစ်ခါတည်း ကြို့သားကြီးတွေ ထမ်းသွား၊ ဝက်ဝံက ပျော်လို့ပေါ့လေ။ ကြို့ပင်စောင့်နတ်တော့ စိတ်ညစ်သွားပြီ။ နေစရာမရှိ တော့ဘူး။ ကြို့ပင်စောင့်နတ်က လိုက်ချောင်းပြီးတော့ သစ်ခုတ်သမားကို သွားပြော–

"ခင်ဗျား ကြို့သား ဘာလုပ်ဖို့လဲ"

"လှည်းလုပ်မလို့ဗျ"

"လှည်းလုပ်ပြီးရင် လှည်းကိုဘာနဲ့ကွပ်"

"အိုဗျာ တို့များတော့ကွာ သံနဲ့လဲကွပ်တယ်။ ဘီးဆို သံနဲ့ကွပ်တယ်ပေါ့။ လှည်းအိမ်ဆိုလို့ရှိရင် သားရေနဲ့ ကွပ်တယ်"

"ဘာသားရေနဲ့ ကွပ်သလဲ"

"နွားသားရေ ကျွဲသားရေပေါ့"

"မကောင်းဘူး၊ အဲဒီ သားရေတွေက"

"ဒါဖြင့် ဘယ်သားရေအကောင်းဆုံးလဲ"

"ဝက်ဝံသားရေက အကောင်းဆုံးပဲ"

(ရယ်သံများ)

နှစ်ပေါင်းများစွာ အတူတူ ဒီအရိပ်မှာ ဒီဝက်ဝံ အိပ်တယ်။ ဒီဝက်ဝံကို ဒီအပင်က အရိပ်ပေးတယ်၊ မတော်တဆ သစ်ကိုင်းခြောက်ကလေး ကြွေကျတာကို အကြောင်းပြုပြီး တစ်ကောင့်တစ်ကောင် ဖျက်ဆီးကြတယ်။

"အဲဒါဆို ဝက်ဝံသားရေ ဘယ်က ရနိုင်မလဲ"

"လာ လာ ကျုပ်ပြမယ်"ဆိုပြီး ရက္ခစိုးက သူ့ အပင်အောက်မှ အိပ်ပြီး ဒီအပင်ကြီးလှဲပစ်တဲ့ ဝက်ဝံကို ညွှန်ပြပြီး–

"ဒီအကောင်ပဲ၊ ဒီအကောင်ပဲ၊ ဒီအကောင် အကောင်းဆုံးပဲ"

သွားရော ပရိသတ်ရေ၊ ဝက်ဝံလဲသေရော၊ ကြို့ပင်လဲပျက်စီးရော။

ကြားထဲက စားသွားတာ ဘယ်သူလဲ? သစ်ခုတ်သမားပဲ၊ ဟုတ်လား ? ကြားထဲက ဘယ်သူစားသွားလဲ? သစ်ခုတ်သမား စားသွားတယ်။ ဝက်ဝံလဲပျက်စီးတာပဲ၊ ကြို့ပင်လဲ ပျက်စီးတာပဲ၊ အဲဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်က--

အညမညဝိဝါဒကံ- အချင်းချင်း ရန်ဖြစ်ကြမယ်ဆိုရင်တော့။ ဘာတဲ့လဲ?၊ ပရပတ္တိယာ-သူတစ်ပါးအဖို့တွေချည်းသာလျှင်။ ဘဝိဿန္တိ -ဖြစ်ကြပေကုန်လိမ့်မယ်။

ကိုယ့်အတွက် လိုလို့နဲ့ လုပ်ရင်းလုပ်ရင်း ကိုယ်မစားရဘူး၊ ကြားထဲက ဘယ်သူစားသွားလဲ? သစ်ခုတ်သမားစားသွားသလိုပဲ။ ဝက်ဝံနဲ့ကြို့ပင်စောင့်နတ် ရန်ဖြစ်တဲ့ကြားကသစ်ခုတ်သမား စားသွားတာကို ဘုရားက ဥပမာထားပြောပြပြီးတော့---

ဟေ မိမျိုးဖမျိုး ကောလိယဝင်-သာကီဝင်တို့၊ ရေလေးတစ်ပေါက် အကြောင်းပြုပြီးတော့ ရန်မဖြစ်ကြနဲ့နော်၊ ကြားလူအကုန်စားသွားမယ်။

အဲဒီတုန်းက တစ်တောလုံးကို အုပ်စိုးနေခဲ့တဲ့ ရုက္ခစိုးဟာယခုအခါ ငါဘုရား။ ဟိုတုန်းက အရိပ်ကိုလဲခို အပင်ကိုလဲဖျက်ဆီးတဲ့ ဝက်ဝံသည်၊ အရာမဟုတ်သည်၌ အမျက်ထွက်ပြီးတော့ သူ့အရိပ်ကိုခိုပြီး သူ့အပင် ဖျက်ဆီးတဲ့ ဝက်ဝံသည်ယခုအခါ ဒေဝဒတ်ဖြစ်လာတယ်၊ ရယ်လို့ ဇာတက်

ဖန္ဒနဇာတ် အတ္ထုပ္ပတ် ဒေသနာ တော်ကို သမောဓာနေသိ- ကောင်းစွာမသေ့ စုပေါင်း၍ ပြတော်မူခဲ့ပါပေသတည်း။

(သာဓု သာဓု သာဓု ပါဘုရား)

**(ဇာတက-၁၊ နှာ-၂၅၉)**

ကောလိယနဲ့ ကပ္ပိလနှစ်ပြည်ထောင် ကောလိယဝင်တို့ ဘက်က ကမ်းနားမှာ စစ်ခင်းပြီးချီတက်လာတဲ့ ရှင်ဘုရင်က မဟာနာမ်၊ အဲဒီမင်းကြီးနှစ်ပါးကို ဘုရားက မေးမြန်းတယ်-

"သင်တို့မင်းနှစ်ပါးကို ငါမေးစမ်းပါရစေ၊ ဟောဒီ ကမ်းနားမှာ သင်တို့ရှင်ဘုရင်တွေကိုယ်တိုင် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေသည်တပ် အင်္ဂါလေးပါးရှိတဲ့ စစ်တပ်ကိုပြင်ပြီးတော့ စစ်ခင်းကြတာ ဘယ်ကစပြီး သင်တို့ ဖြစ်တယ်ဆိုတာ ပြဿနာရဲ့ အကြောင်းရင်းကို သင်တို့ သိရဲ့လား?

"တကယ်တော့ တပည့်တော်တို့ဟာ ဘယ်ကစပြီး ဘာဖြစ်တယ်ဆိုတာ မသိဘူး။ စစ်ပြင်ပြင် ဆိုလို့သာ ပြင်ရတာ"

ရှင်ဘုရင်နှစ်ပါးက ကမ်းနားသာ ရောက်နေတယ်၊ ဘယ်ကစရမှန်းမသိဘူး။

"အဲသလိုဆိုလို့ရှိရင် စစ်ပြင်ဖို့ သင်တို့ကို ဘယ်သူ ပြောလဲ?"

"ဟောဒီဝန်ကြီး ပြောတာ"

"ဝန်ကြီးတွေ၊ သင်တို့ကော ဘာဖြစ်တယ်ဆိုတာ မူရင်းသိသလား?"

"မသိဘူး၊ အပတ်ကြီးတွေပြောတာ"

"ဟဲ့-အပတ်ကြီးတွေ၊ နင်တို့ကောသိသလား?"

"မသိဘူး၊ တိုင်းသူကြီးတွေပြောတာ"

"တိုင်းသူကြီးတွေ၊ နင်တို့ကောသိသလား?"

"မသိဘူး၊ မြို့သူကြီးပြောတာ"

"မြို့သူကြီး၊ နင်တို့ကောသိသလား?"

"မသိဘူး၊ ရွာသူကြီးပြောတာ"

"ရွာသူကြီးကော နင်တို့ဘာကြောင့်ဖြစ်တယ် ဆိုတာ သိလား?"

"မသိဘူး၊ ရုတ်ရုတ်အသံကြားတာနဲ့ ရွှေနန်းတော် တိုင်လိုက်တာပဲ"

"ကဲ–ဘာကစ ဘာဖြစ်မှန်းမသိဘဲနဲ့ သင့်တို့ နှစ်ဦးသား ဒီနေရာမှာ စစ်ခင်းကြတယ်"

## ဒုဒ္ဒုဘဇာတ်တော် (ပထဝိဥန္ဒြိယဇာတ်)

"ရှေးတုန်းက ဟိမဝန္တာမှာ ယုန်ကလေးတစ်ကောင် တွေးပြီးကြောက်ရာကနေ တစ်တောလုံးပျက်ရတဲ့ကိန်းမျိုး ပဲ"ဆိုပြီးတော့ ဒုဒ္ဒုဘဇာတ်တော် ဟောပါတယ်။ ဘာ ဇာတ်လဲ?"

(ဒုဒ္ဒုဘဇာတ်ပါဘုရား)

အဲဒါလဲ စိတ်ဝင်စားဖို့ကောင်းပါတယ်။

ဆွေတော် ရှစ်သောင်း မျိုးတော် အပေါင်းတို့ အတိတ် ဝေးစွာ ရှေးအခါက ငါဘုရားဟာ ဟိမဝန္တာမှာ ကေသရာဇာ ခြင်္သေ့မင်းဖြစ်လို့ တစ်တောလုံးကို ရှင်ဘုရင်လုပ် အုပ်ချုပ်လို့ နေခဲ့ဖူးတယ်။ အဲဒီခေတ်တုန်းကကွယ် ဟိမဝန္တာမှာ ယုန် ကလေးတစ်ကောင်သည် ထန်းပင်ပေါက်ကလေးတွေအောက်

ထန်းရွက်အောက် မှာယုန်ကလေးအစာစားတယ်။ ပရိသတ်ရေ၊ ကြည့်ထား၊ ယုန်ကလေး ဘယ်အောက်မှာလဲ?"

(ထန်းရွက်အောက်မှာပါ ဘုရား)

ထန်းပင်ပေါက် ထန်းရွက်ခြောက်အောက်မှာ ယုန်ကလေးအစာစားတယ်။ စားနေရင်း ယုန်တွေးတာက "သတ္တဝါ တွေအားလုံး ကမ္ဘာမြေကြီးကိုမှီပြီးတော့ နေကြတယ်" (ပရိသတ်ရေ၊ ဘာတဲ့လဲ?) သတ္တဝါအားလုံး ကမ္ဘာမြေကြီးကို မှီပြီးနေကြတယ်။ အကယ်၍များ ဒီကမ္ဘာ မြေကြီး ပြိုကျသွားရင်"တဲ့။ ဒါမျိုးတွေဖို့ လိုသလား?

(မလိုပါဘုရား)

အကယ်၍များ မြေကြီးပြိုသွားရင်၊ ဒါတွေးဖို့ လိုသလား? လကြီးများ နှစ်ခြမ်းကွဲ၍ ကျသွားလျှင်၊ နေများ အစိတ်စိတ်အမြွာမြွာ ကွဲသွားရင် ဒီလိုတွေးဖို့ လိုသလား?။

(မလိုပါဘုရား)

မလိုတာတွေတွေးမနေနဲ့ ပရိသတ်ကြီး၊ တွေးသင့်တာပဲတွေး။ ခုတော့ ကမ္ဘာမြေကြီး ဘာဖြစ်သွား။ "ပြိုသွားရင် ဒီမြေကြီးပေါ်က သတ္တဝါတွေ ဘယ်လိုလုပ်မလဲ? အမလေး၊ မြေကြီးပြိုရင်ဒုက္ခ" မြေပြိုမှာကို တွေးကြောက်နေတုန်း။ အပေါ်မှာ ဥသျှစ်ပင်ရှိတယ်။ ဥသျှစ်သီးတွေက မှည့်နေတယ်။ "ဖြုန်း"ဆို ဥသျှစ်သီးကြွေကျ၊ ထန်းရွက်ခြောက်ပေါ်ကျတယ်၊ ထန်းရွက်ခြောက်အောက်မှာ ဘာရှိလဲ?

(ယုန်ကလေးရှိပါတယ်ဘုရား)

ယုန်ကလေး နားရွက်နား ထန်းရွက်ခြောက်ပေါ် ဥသျှစ်သီး ကြွေကျတဲ့အသံဟာ ကမ္ဘာပြိုတဲ့အသံပဲ။

(ရယ်သံများ)

တွေးနေခိုက်မှာ ဥသျှစ်သီးကြွေတာ။ ထန်းရွက်ခြောက်ပေါ်မှာ "ဖြုန်း"ဆို ကြွေလိုက်တဲ့ ဥသျှစ်သီး အသံဟာ ယုန်ရဲ့နားထဲမှာ ဘာဖြစ်လဲ? ကမ္ဘာပြိုပြီတဲ့။ သူကလဲ ဒါတွေးနေတာကိုး။ မြင်းကြီးငူက လူတွေ သိပ်အတွေးမခေါင်နဲ့နော်။

ကမ္ဘာမြေကြီးပြိုရင် ဘယ်လိုလုပ်မလဲ တွေးနေတုန်းမှာ "ဖြုန်း"ဆို ထန်းရွက်ခြောက်ပေါ် ဥသျှစ်သီး ကြွေကျတော့ "ဟာသေချာပေါက်မြေပြိုပြီ"ဆိုပြီးတော့ ယုန်းကလေး ပြေးတယ်။ တရကြမ်း ကဆုန်ပေါက်ပြီးပြေးတော့ ယုန်တစ်အုပ်က ဟိုရှေ့နား အစာရှာနေတယ်။ ယုန်အုပ်ထဲ ကမ္ဘာပြိုတဲ့ယုန်ဖြတ်ပြေးတော့ ဟိုယုန်အုပ် က "ဟာ–ဟိုယုန်ပြေး တယ်ဟေ့"ဆိုပြီး နောက်ကအကုန် လိုက်ပြေးတယ်။

(ရယ်သံများ)

အဲတော့ မီတဲ့အကောင်က မေးတယ်။

"ဟေ့ကောင် ဘာဖြစ်တာလဲ?။ ဘာဖြစ်လို့ ပြေးတာလဲ?"

"မြေပြိုလို့" သူက ဒါပဲပြောတယ်။

"ဟာ–မြေပြိုရင်တော့ မိုခိုစရာမရှိဘူး။ တို့လဲပြေးမှပဲ"ဆိုပြီး ယုန်တွေတစ်အုပ်ကြီးပြေးတယ်။ တစ်တောလုံးရှိတဲ့ယုန်တွေ ရုန်းရုန်း ရုန်းရုန်းနဲ့ အကုန်ပြေးတယ်။ ဆိတ်အုပ်ကြီး အစာစားနေတဲ့ နေရာရောက်တော့ "ဟာ၊ ဘာဖြစ် တယ်မသိဘူး"ဆိုပြီး ဆိတ်အုပ်ကြီး လိုက်ပြေးတယ်"

ဝက်အုပ်ထဲ ဖြတ်ပြေးတော့ ဝက်အုပ်လဲလိုက်ပြေးတယ်။ ဘယ်နှအုပ် ဖြစ်သွားပြီလဲ?

(သုံးအုပ်ပါဘုရား)

ဝက်အုပ်ရယ်၊ ဆိတ်အုပ်ရယ်၊ ယုန်အုပ်ရယ်၊ နွားအုပ်ထဲ ပြေးတော့ ဘယ်နှအုပ်လဲ?။

(လေးအုပ်ပါဘုရား)

အဲဒီလေးအုပ်က ကျွဲအုပ်ထဲဖြတ်ပြေးတော့ ဘယ်နှအုပ်လဲ?။

(ငါးအုပ်ပါဘုရား)

တစ်ခါ ခြင်္သေ့အုပ်ထဲကို ခုနက ငါးအုပ်ဖြတ်ပြေး၊ ခြင်္သေ့အုပ်၊ ကျွဲအုပ်၊ နွားအုပ်၊ ဝက်အုပ်၊ ဆိတ်အုပ်၊ ယုန်အုပ် အဲဒီတိရစ္ဆာန်တွေ ဆင်အုပ်ထဲ ပြေးတော့။ အမလေး တစ်တောလုံးရှိတဲ့ သတ္တဝါတွေ "အုံးအုံး အုံးအုံး"နဲ့ တစ်တောလုံး ပြေးနေကြတယ်။ နောက်ဆုံးမှာ ပြေးတဲ့ ဆင်အုပ်ဟာ အကောင်ကြီးတော့ လေးလေးပဲ။ ဆင်ရဲ့ ရှေ့က ခြင်္သေ့၊ ခြင်္သေ့ရှေ့က ကျွဲ၊ ကျွဲရှေ့က နွား၊ နွားရှေ့က ဝက်၊ ဝက်ရှေ့က ဆိတ်၊ ဆိတ်ရှေ့က ယုန်၊ ယုန်ကရှေ့ဆုံးပဲ၊ သူက အကြောက်ဆုံးပဲ။ အဲဒီယုန်အုပ် ထဲက ဟိုမြေကြီး ပြိုတဲ့ယုန်က ရှေ့ဆုံးပဲ။ ပြေးရင်းပြေးရင်းနဲ့ တစ်ပြို့လုံး ဘယ်ရောက်တုံးဆိုတော့ ပင်လယ်ကမ်းနဖူး ရောက်သွား တယ်။ ပရိသတ်ကြီး ဘယ်ရောက်ပြီလဲ?။

(ပင်လယ်ကမ်းနဖူးရောက်ပြီဘုရား)

အတွေးနဲ့ ပြေးလာတာ ဘယ်ရောက်ပြီလဲ? ပင်လယ် ကမ်းနဖူးရောက်ပြီ။ ရှေ့ဆက်ပြေးမယ်လို့လဲ ကြံရော၊ ပင်လယ်လှိုင်းက ကမ်းကို ရိုက်လိုက်တယ်။ "ဝုန်း"ဆို လှိုင်းလုံးကပုတ်လိုက်တယ်။ "ဟာ၊ နောက်က မြေပြို၊ ရှေ့ကရေပြို"

(ရယ်သံများ)

မြေပြိုလို့ ဒုက္ခဖြစ်ရတဲ့အထဲ ရှေ့က ရေပြိုတာနဲ့ တွေ့၊ ဘယ်ပြေးရမလဲဆိုပြီး တစ်အုပ်လုံး ကမ်းနားမှာ တွေပြီး ရပ်နေကြတယ်။ အဲဒါကို ဟိုးတောင်ပေါ်ကနေပြီး ဘုရားလောင်း ကေသရာဇာခြင်္သေ့မင်းကြီး မြင်တယ်။

"ဟယ်၊ ဟိုအကောင်တွေ ပြေးကြတာ ကမ်းစပ်ရောက်ပြီ။ ရှေ့ဆက်ပြေးရင်တော့ ပင်လယ်ထဲ အကုန်သေကုန်တော့မှာ၊ ငါတားမှပဲ"ဆိုပြီး ဘုရားလောင်း ကေသရာဇာခြင်္သေ့မင်းက တောင်ထိပ်ကနေ တအားကုန်တွန်းပြီး ဟောက်လိုက်တာ။ ပရိသတ်ရေ၊ ဒုက္ခဘယ်နှမျိုး ဖြစ်နေသလဲ?၊ နောက်ကမြေပြိုတာ၊ ရှေ့ကရေပြိုတာ၊ ကောင်းကင်က ခြင်္သေ့ဟောက်တာ။ ပြီးရော၊ ပြေးစရာမြေမရှိတော့ဘူး။ ဒုက္ခကိုမြင်လို့၊ ဒုက္ခပေါ်မှာ ဒုက္ခဆင့်၊ ရှေ့လဲမတိုးသာ၊ နောက်လဲမဆုတ်သာ၊ အပေါ်က ခြင်္သေ့ကလဲ ဟောက်လိုက်သေးတယ်။ "တို့တတွေတော့ ဒုက္ခပဲဟေ့" ထိတ်ထိတ်လန့်လန့်နဲ့ ရှေ့မတိုး နောက်မဆုတ်နဲ့ တစ်အုပ်ကြီး ရပ်နေတယ်။ ခြင်္သေ့ကြီးက ဆင်းလာပြီး မေးတယ်။ နောက်ဆုံးက ဘာလဲ ပရိသတ်ကြီး။

(ဆင်ပါဘုရား)

ဆင်အုပ်ကို ခြင်္သေ့မေးတယ်။

"ဒီမှာ၊ ဒီမှာ မင်းတို့ ဘာဖြစ်ကြတာတုံးကွ"

"ဘာမှန်းမသိဘူးဗျ၊ ဟိုရှေ့ကကောင်တွေပြေးလို့ ကျုပ်တို့ လိုက်ပြေးတာ"

"ရှေ့က ဘယ်သူတွေလဲ"

"ခြင်္သေ့တွေ"

အဲဒီတော့ ခြသေ့်မင်းကြီးက ဆင်အုပ်ကြားထဲက တိုးဝင်ပြီး ခြသေ့်အုပ်ကိုမေး။

"ဘာဖြစ်တာလဲကွ"

"မသိဘူးဗျ၊ ရှေ့ကကောင်တွေပြေးလို့ ကျုပ်တို့ ပြေးတာ" ခြသေ့်မင်းကလဲ တိုးပြီးတော့ ရှေ့သွား၊ ရှေ့မှာ ဘာအုပ်လဲ?

(ကျွဲအုပ်ပါဘုရား)

"ဟေ့ကျွဲတွေ၊ မင်းတို့ ဘာဖြစ်တာလဲကွ"

"မသိဘူးဗျ၊ ဟိုနွားတွေပြေးလို့ ကျုပ်တို့ပြေးတာ"

(ရယ်သံများ)

နွားတွေသွားမေးတော့-

"မသိဘူးဗျ၊ ဟိုဝက်တွေပြေးလို့ ကျုပ်တို့ပြေးတာ"

ဝက်တွေကိုမေးတော့-

"မသိဘူးဗျ၊ ဟိုဆိတ်တွေပြေးလို့ ပြေးရတာ" ဆိတ်ကို မေးတော့လဲ-

"မသိဘူးဗျ၊ ယုန်တွေပြေးလို့ ကျုပ်တို့ပြေးလိုက် တာ" ယုန်တွေကိုမေးတော့ ဘယ်သူမှလဲတိတိကျကျ မသိဘူး။

"ဟိုးရှေ့ဆုံးကကောင်ကိုမေး။ အဲဒီကောင် ခေါင်းဆောင်ပဲ"

(ရယ်သံများ)

ခြသေ့်မင်းကြီးက ယုန်လေးနားကပ်ပြီးတော့-

"ဟေ့ကောင်၊ မင်းသိပ်ကြောက်နေသလား?"

"ဟာဗျာ- ခင်ဗျားနှယ်၊ ကြောက်တဲ့ဘဝကတော့များ၊ နောက်ကလဲ မြေပြိုတယ်၊ ရှေ့ကလဲရှေပြိုတယ်၊ အပေါ်က

ခင်ဗျားကလဲ ဟောက်လိုက်သေးတယ်။ ကျုပ်တို့ ဘယ်လို လုပ်နေမလဲဗျ"

"ပြောစမ်းပါ၊ ခင်ဗျားဘာဖြစ်လို့ ပြေးတာတုံး"

"မြေပြိုလို့ဗျ"

"ဟယ်၊ ဘယ်ကပြိုတာလဲ"

"ကျုပ်မြက်စားနေတဲ့ ထန်းပင်လေးအောက်က စပြီး မြေပြိုတာဗျ"

"မင်း သေသေချာချာမြင်လို့လား?"

"မြင်တော့မမြင်ဘူး။ နားထဲမှာ သေသေချာချာကို ကြားတယ်"

"ဘယ်လိုကြားသလဲ"

"'ဝုန်း' ခနဲဆိုပြီး အသံကြီးကြားတယ်"

"အဲဒါ မြေပြိုတာပဲလား?"

"ဟုတ်တယ်၊ မြေပြိုတာ"

"နေပါဦး၊ အဲဒီတုန်းက မင်းဘာတွေ တွေးနေသလဲ?၊ ပြောစမ်းပါ"

"သတ္တဝါတွေ၊ ပထဝီနိဿာယ–မြေကြီးကို အမှီပြု ပြီးတော့မှ၊ ဝိဟရန္တိ–နေကြတယ်။ မြေကြီးကို အမှီပြုနေတဲ့ သတ္တဝါတွေ မြေပြိုရင်ဘယ်လိုလုပ်မလဲ?၊ ကျုပ် ဒါတွေး နေတာ၊ အဲဒီလို တွေးနေတုန်း ပြိုသွားတာပဲဗျာ"

"ဟာ၊ ဒါဆိုရင်တော့ ဟော့ကောင် အဲဒီပြိုတဲ့နေရာ ငါ့ကိုလိုက်ပြစမ်းကွာ"

"မြေပြိုတယ်ဆိုမှ ခင်ဗျားကို ဘယ်လိုလုပ် ပြရဲမလဲဗျ" မပြရဲဘူးဖြစ်နေတယ်"

"ဟော့ကောင် ဘာမှမပြောနဲ့၊ ငါ့ကျောပေါ်တက်၊ ငါ့ကျောပေါ် အေးအေးဆေးဆေးလိုက်။ မြေပြိုရင် ငါပဲ ပါမယ်၊ မင်းမပါဘူး"

"အေး၊ ဒီလိုဆိုတော်သား"

အသိဉာဏ်နည်းရှာတဲ့ သတ္တဝါတွေ ဒီလိုပဲနော်။ အသိဉာဏ်နည်းပြီဆိုရင် ဒီအတိုင်းပဲ။ မြေပြိုရင် ငါပဲပါမယ်၊ မင်းမပါဘူး၊ ငါ့ကျောပေါ်တက်ဆိုတော့-

"အေး၊ ခင်ဗျားကျောပေါ်က လိုက်မယ်"ဆိုပြီး ခြင်္သေ့မင်းကြီးက ယုန်ကလေးကို ကျောပေါ်တင်ပြီးတော့ မြေပြိုတာကို သွားရှာတယ်။ သွားရှာတော့-

"ဘယ်နားလဲ?၊ ဘယ်နားလဲ?"

"ဒီနားပဲ၊ ဒီနားပဲ၊ ဟိုးရှေ့က ထန်းပင်လေးနား ဥသျှစ်ပင်နားက စပြိုတာပဲဗျာ။ ခင်ဗျားပဲသွားတော့၊ ကျုပ်မသွားရဲတော့ဘူး၊ အဲဒီကစပြိုတာ"ဆိုတော့-

ခြင်္သေ့မင်းကြီးက သွားကြည့်တော့မှ ထန်းရွက် ခြောက်အောက်မှာ ဥသျှစ်သီးတစ်လုံး။ အုန်းသီးလောက်ရှိတယ်။ ခြင်္သေ့ကြီးက ဥသျှစ်သီး ကောက်ပြီးကြည့်လိုက်တော့။ ထန်းရွက်ခြောက် အပေါ်က ဥသျှစ်သီးမှည့်နေတဲ့ ဥသျှစ်ပင်၊ ဥသျှစ်သီးက ထန်းရွက်ခြောက်ပေါ်ကြွေ၊ ဒီယုန်ကလဲ ထန်းရွက်ခြောက်အောက်မှာ အစာစားနေတုန်း၊ သူက မြေပြိုတဲ့ကိစ္စကို တွေးနေတယ်။ သူ့အတွေးနဲ့ ဥသျှစ်သီး ကြွေတာနဲ့ တိုက်ဆိုင်သွားတယ်။ ဒါကိုသူက မြေပြိုတယ်လို့ သရုပ်ဖော်လိုက်တာ။ "အတွေးကို အတွေးနဲ့ သရုပ်ဖော်တဲ့ အကောင်"ဆိုပြီးတော့ ဥသျှစ်သီးကို ကိုင်လာပြီး ပြောပြတယ်၊ ခြင်္သေ့ကြီးက-

"ဟော့–ဒီမှာကြည့်၊ ဥသျှစ်သီးက ထန်းရွက်ခြောက် ပေါ်ကြွေကျတာကွ။ မင်းက ထန်းရွက်ခြောက်အောက်မှာ မြွေပြို့တဲ့အကြောင်း စဉ်းစားနေတုန်းမှာ ဒီဥသျှစ်သီးကြွေတဲ့ အသံဟာ မင့်နားထဲမှာ၊ မင့်နားပေါက်က သေးသေးလေး ဆိုတော့ ကမ္ဘာမြေကြီးပြို့တဲ့ အသံကြီးဖြစ်တာပေါ့ကွာ"

အဲဒါကြောင့် အကြောင်းမဲ့ မတွေးတောသင့်တာကို တွေးတောပြီးတော့ မစိုးရိမ်အပ်ဘူး။ မစိုးရိမ်ကောင်းဘူး။ အသိဉာဏ် ပင်ကိုဉာဏ်ကို အသုံးချရမယ်။ အကြောင်းမဲ့ အသိဉာဏ်မရှိဘဲ တွေးတဲ့ပုဂ္ဂိုလ်တွေဟာ အဲဒီအတွေးဖြင့် သတ္တဝါအပေါင်းကို ဘာဖြစ်စေသလဲ? ဒုက္ခဖြစ်စေတယ် ဆိုပြီးတော့ ဘုရားလောင်း ခြင်္သေ့မင်း က ဥသျှစ်သီးကိုင်ပြီး ဟိုသတ္တဝါတစ်အုပ်ကြီးကို ထန်းပင် နား ဥသျှစ်ပင်အောက် ခေါ်လာတယ်။ သက်သေ ရှင်းလင်းပြမှ တစ်တောလုံး တစ်တောင်လုံးမှာရှိတဲ့ သတ္တဝါတွေ စိတ်ချမ်းသာရာရကြ ပါတယ်။ သတ္တဝါတွေကို ကယ်သွားတာ အသိဉာဏ်ရှိသော ခြင်္သေ့မင်း ဖြစ်ပါတယ်။

အဲဒါကြောင့် ခြင်္သေ့စိတ်မွေးပြီးတော့ ပရိသတ်ရေ၊ မကြောက်ရွံ့သင့်သည်ကို မကြောက်ရဘူး။ မတွေးတောသင့် သည်ကိုလဲ မတွေးရဘူး။ ကြောက်ရွံ့တဲ့ သတ္တဝါတွေကိုလဲ စောင့်ရှောက်နိုင်စွမ်းရှိရမယ်နော်။ အကြောင်းမဲ့ တွေးတော ခြင်းဟာ ပျက်စီးခြင်းအကြောင်းပဲ ဆိုပြီးတော့ အဲဒီမြေပြို့တဲ့ ဇာတ် ပထဝီဥန္ဒြိယဇာတ်တော်ကို ဟောပါတယ်။

အဲဒီတုန်းက အကြောင်းမဲ့ တွေးတောပြီးတော့ သတ္တဝါ အားလုံးကို ပင်လယ်ထဲ တွန်းပို့လုနီးနီး ဖြစ်အောင် ဒုက္ခ ပေးခဲ့တဲ့ယုန်သည် ယခုအခါ ဒေဝဒတ်။ သတ္တဝါအားလုံးကို

အသိဉာဏ်ရှိရှိနဲ့ စောင့်ရှောက်ခဲ့သော ခြင်္သေ့မင်းက–ယခုအခါ ငါဘုရားဖြစ်တော်မူလာတယ်ရယ်လို့–

ဇာတကံ–ပထဝီဥန္ဒြိယဇာတ် အတ္တုပ္ပတ် ဒေသနာတော်ကို။ သမောဓာနေသိ–ကောင်းစွာမသွေ စုပေါင်း၍ ပြတော်မူခဲ့ပါပေသတည်း။ **(ဇာတက–၁၊ နှာ–၁၀၄)**

(သာဓု–သာဓု–သာဓု ပါဘုရား)

**နဟိ ဝေရေန ဝေရာနိ၊**

**သမ္မန္တီဓ ကုဒါစနံ။**

**အဝေရေန စ သမ္မန္တိ၊**

**သေဓမ္မော သနန္တနော။** **(ဓမ္မပဒ)**

ဉာတယော–ဆွေတော်ရှစ်သောင်း မျိုးတော် အပေါင်းတို့၊ ဝေရာနိ–ရန်တို့သည်၊ ဝေရေန–ရန်ချင်းမှာ တုံ့ပြန်လို့နေကြမယ်ဆိုရင်။ ကုဒါစနံ–ဘယ်သောခါမှ။ န သမ္မန္တိ–ငြိမ်းရိုးထုံးစံ မရှိကြပေကုန်။ ဝေရာနိ– ရန်တို့သည်။ အဝေရေန–မေတ္တာနှင့် တုံ့ပြန်ကြမှ။ သမ္မန္တိ –ငြိမ်းကြလေကုန်၏။ ဧသောဓမ္မော–ဤသဘော တရားသည်။ သနန္တနော–သနန္တနလို့ ကမ္ဘာမှလူတွေ ကျင့်သုံးကြတဲ့ သနန္တနဓမ္မပါပဲရယ်လို့။ သတ္ထာ–နတ် လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ အဝေါစ–မေတ္တာရှေ့ထား ကရုဏာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု–သာဓု–သာဓု ပါဘုရား)

ရောဟိနီ–မြစ်ပေါ်က ဟောတော်မူတဲ့ ဇာတ်တော်က အားလုံး ငါးခုရှိပါတယ်။ ခု ဘုန်းကြီးတို့ အကျဉ်းချုံးပြီး ဝါကပြတာ လေးခုပြီးပါတယ်။ တရားဟောတဲ့အချိန် နှစ်နာရီကိုက်ခါနီးသွားပါပြီ။ ဇာတ်တော် တစ်ခုကျန်တယ်။ ကျန်နေ

ပေမယ်လို့လဲပဲ၊ ဒါလောက်ဆိုရင် ဇာတ်တော်လေးခုနဲ့ပဲ ဓမ္မကထာကို နိဂုံးချုပ်ကြရအောင်။ ညမှာလဲပဲ ဘားအံမြို့မှာ တရားပွဲရှိသေးတော့ ဘုန်းကြီးတို့ပြန်မယ့်ခရီး၊ ဘုန်းကြီးတို့ ပရိသတ် ထမင်းမစားရသေးတဲ့လူတွေလဲ ဒီအထဲ အများကြီး ပါတယ်ဆိုတော့ အဲဒါ ခု အားလုံးသော သူတော်ကောင်း တွေ----

၁-က ၊ ရုက္ခဓမ္မ=သစ်ပင်တို့ရဲ့သဘော၊ တစ်ပင် တည်းနေခြင်းဖြင့် ခွန်အားမရှိဘူးနော်။တစ်ပင်နှင့်တစ်ပင် ကြပ်ကြပ်စိပ်စိပ်မှီပြီးမှပေါက်ရင် ခွန်အားရှိတယ်ဆိုတာကို အားလုံးသောဘဝဟောင်းက ညီအစ်ကိုမောင်နှမတွေ--။

ဘုရားရှင်ရဲ့ ဟိုဘက်ကမ်း ကြည့်လိုက်ပြန်တော့လဲ ဆွေမျိုး၊ ဒီဘက်ကမ်း ကြည့်လိုက်ပြန်တော့လဲ ဆွေမျိုး၊ ရောဟိနီမြစ်ရဲ့ ကမ်းတစ်ဖက်စီက မိမျိုး ဖမျိုး ဆွေမျိုး တွေဆိုတာလဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာ လူမျိုးတွေ ဘယ်လောက်ပဲရှိရှိ လွန်ခဲ့တဲ့ ဘဝဟောင်းက ညီအစ်ကိုမောင်နှမများဖြစ်ကြတယ်။ ဒီကနေ့ ဒီဘဝမှာလဲ ညီအစ်ကိုမောင်နှမစိတ်ဓာတ် မွေးပြီးတော့ သစ်ပင်တို့ရဲ့ သဘောကဲ့သို့ ကြပ်ကြပ်စိပ်စိပ် ပေါက်ပြီးတော့ အချင်း ချင်း ညီညွတ်စွာ မှီခို၍ နေကြပါမည့်အကြောင်း ကောင်းစွာ ထုတ်ပြသော ရုက္ခဓမ္မ ဇာတ်တော်။

နောက်တစ်ခု ငုံးဇာတ်၊ ဝမ်းမြောက်၍နေကြတုန်းမှာ သူများအစာမဖြစ်ခဲ့ဘူး။ တစ်ယောက်နဲ့တစ်ယောက်မတည့် ကြတဲ့အခါ မုဆိုးအစာဖြစ်ရတယ်ဆိုတဲ့ သမ္မောဒမာနဇာတ် တော်ကိုကြည့်ပြီးတော့ သူတစ်ပါးစားပေါက် မဖြစ်ရလေ

အောင် အချင်းချင်း ဝမ်းမြောက် ဝမ်းသာနေသင့်ကြောင်း ကောင်းစွာဖော်ပြသော သမ္မောဒမာန ငုံးဇာတ်တော်။

နောက် တတိယဇာတ်တော်က ဟိုနှစ်ပေါင်းများစွာ အရိပ်ခိုပြီးတော့ အိပ်စက်နားနေခဲ့တဲ့ ကြို့ပင်ကြီးကို အရာမဟုတ်သည်၌ အကြောင်းမဟုတ်သည်၌ အမျက်ထွက်ပြီးတော့ ကိုယ်မှီခိုခဲ့တဲ့၊ ကိုယ့်အရိပ်ကို ဖျက်ဆီးခဲ့တဲ့ ဝက်ဝံကြီးဟာ သူကိုယ်တိုင်ပါ ပျက်စီးသွားရတယ်ဆိုတဲ့ထုံးကို နှလုံးမူပြီးတော့ ကိုယ်မှီခိုခဲ့တဲ့ အရိပ်အာဝါသကို မဖျက်ဆီးသင့်ကြောင်း၊ ကိုယ်မှီခိုခဲ့တဲ့ အရိပ်၊ အရိပ်အာဝါသကို ကိုယ်ကိုယ်တိုင် စောင့်ရှောက်သင့်ကြောင်းကို ကောင်းစွာဖော်ပြသော ဖန္ဒနဇာတ်ဒေသနာတော်။

နောက်တစ်ခုက ပထဝီဥန္ဒြိယဆိုတဲ့ ဇာတ်တော်၊ အကြောင်း မဟုတ်သည်ကို အကြောင်းလုပ်ပြီး အကျယ်ချဲ့ပြီးတော့ အတွေးခေါင်ပြီးတော့ နေခြင်းဖြင့် ကိုယ်ရော ကိုယ့်ပတ်ဝန်းကျင်ကိုပါဒုက္ခပေးတတ်တယ်။ အဲဒါကြောင့် အကြောင်းမဟုတ်သည်ကို အကြောင်းလုပ်၍ အကျယ်ချဲ့ ယိုးမယ်ဖွဲ့ပြီးတော့ ထိတ်ထိတ်လန့်လန့်နဲ့ မတွေးတောသင့်ကြောင်း။ အဲဒီအတွေးကို အကျယ်ချဲ့ပြီးတော့ ကောလာဟလတွေ ကျယ်ပြန့်စွာ မလုပ်သင့်ကြောင်း။ ယုန်ကလေးတစ်ကောင် လုပ်လိုက်တဲ့မြေပြိုတယ်ဆိုတဲ့ ကောလာဟလကြောင့် တစ်တောလုံးက သတ္တဝါတွေပျက်စီးလုလုဖြစ်တာကို အသိဉာဏ်ကြီးမားတဲ့ သတ္တိအလွန်ကောင်းတဲ့ ကေသရာဇာခြင်္သေ့မင်းကြီးက ကယ်တင်စောင့်ရှောက်ခဲ့သလို–

သူတစ်ပါးတို့ရဲ့ အကျိုးစီးပွားကို ကေသရရာဇာခြင်္သေ့မင်းထုံး နှလုံးမူပြီးတော့ စောင့်ရှောက်သင့်ကြောင်း။

အကြောင်းမဲ့ တွေးတောပြီးတော့ သူတစ်ပါးတို့အား ဒုက္ခ မပေးသင့်ကြောင်း ကောင်းစွာ ဖော်ပြသော ပထဝီဥန္ဒြိယ ဇာတ်တော်။

ဤဇာတ်တော်လေးခုကို နာကြားရတဲ့ သူတော် ကောင်းတွေသည် မိမိတို့ရဲ့ အကျိုးစီးပွား၊ သူတစ်ပါး တို့ရဲ့အကျိုးစီးပွား၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးနဲ့ ကိုယ့် အမျိုးဘာသာ သာသနာရဲ့ အကျိုးစီးပွားကို ဆောင်ရွက် လိုကြတဲ့ ဘုန်းကြီးတို့ ညီအစ်ကို မောင်နှမတစ်တွေ ဘုရားရှင်ကိုယ်တော်မြတ်က မိမျိုး, ဖမျိုး နှစ်မျိုးတို့အား ဟောကြားတဲ့ ဤဇာတ်တော်လေးခုမှ လာသော သင်ခန်းစာ များကို ကောင်းမွန်စွာ ကျင့်သုံးပြီးတော့ အကျိုးဖြစ်ထွန်း အောင် ဆောင်ရွက်နိုင်ကြပါစေလို့ အားလုံးကို တိုက်တွန်းပြီး တော့ ဒေသနာတော်ကို နိဂုံးချုပ်ပါတယ်။

**သုသုခံ ဝတ ဇီဝါမ၊**
**ဝေရိသု အဝေရိနော။**
**ဝေရိနေသု မနုဿေသု၊**
**ဝိဟရာမ အဝေရိနော။ ။**

**(ဓမ္မပဒ)**

ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဇာတ်တော်ငါးခု၊ နောက် "အတ္တဒဏ္ဍ"ဆိုတဲ့ သုတ်တော် နိဂုံးဆုံးတဲ့အခါမှာ ကောလိယ ဝင်တို့ဘက်က မင်းသားစစ်သည်ပေါင်း ၂၅၀၊ သာကီဝင်တို့ ဘက်က မင်းသားစစ်သည်ပေါင်း ၂၅၀၊ ရောဟိနီမြစ်မှာ ကိုင်စွဲထားတဲ့ လက်နက်တွေ အားလုံးကို မြစ်ထဲစွန့်ပစ်၊ ရေမျှောပြီးတော့ မိမျိုး၊ ဖမျိုး နှစ်မျိုးဘက်က မင်းသား စစ်သည်တော် ၂၅၀-စီ ဘုရားထံ ရဟန်းပြုကြသဖြင့်

"ငြိမ်းချမ်းရေးမြစ်နဒီ" ဖြစ်တယ်ဆိုတဲ့အကြောင်းကို အားလုံးပဲ ကြားနာခဲ့ ကြရပြီ။ ဘုရားရှင်ရဲ့ သာသနာတော် ဓမ္မအရိပ်၊ သာသနာ အရိပ်မှာ မှီခိုပြီးတော့ အားလုံးပဲ ငြိမ်းချမ်းစွာ ကျင့်သုံးနိုင်ကြပါစေ။

ဝေရီနေသု–ရန်ပြုနေသူ လူတို့ရဲ့အလယ်မှာ၊ မယံ–ငါတို့တစ်တွေသည်။ အဝေရိနော–ရန်မပြုကြပါဘဲလျက် ရန်မပြုဘဲနေကြမှ။ သုသုခံ–အလွန်ချမ်းသာစွာ။ ဇီဝါမဝတ–အသက်ရှည်ကြရပေကုန်ပေစွတကား။ တသ္မာ–ထို့ကြောင့်။ မယံ–ငါတို့တစ်တွေသည်၊ ဝေရိ နေသု–ရန်ပြုသူ လူတို့ရဲ့ အလယ်မှာ၊ အဝေရိနော–မည် သူ့ကိုမျှ ရန်မပြုကြပါဘဲ လျက်၊ ဝိဟာရိသာမ–နေကြပါ ကုန်စို့ရယ်လို့။

သတ္တာ–နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည်၊ ရောဟဏိယာ–နဒိယာ–ရောဟိနီ မြစ်ရဲ့ အလယ်ကောင်းကနေပြီးတော့၊ အာကာသေဌတွာ–ကောင်းကင် မှာနေလျက်ကယ်နှင့်၊ ဉာတကာနံ–ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းတို့အား၊ အဝေါစ–ကရုဏာ ရှေးရှုမေတ္တာ ထုဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု–သာဓု–သာဓု ပါဘုရား)

ကဲ–အားလုံး မေတ္တာအမိဋ္ဌာန်နဲ့ နိဂုံးချုပ်ကြရအောင်၊ လိုက်ဆိုကြပါ။

• **ဘေးရန်ပေါ်လှ၊ လောကတွင်းမှာ၊**
**သူသူငါကို၊ ချမ်းသာပြုလတ်၊**
**အေးဓာတ်မေတ္တာ၊ လရောင်ဝါ၊**
**ပြောင်စွာထွန်းယပါစေသော်။ ။**

* **မေတ္တာဖွေးလျှပ်၊ အအေးဓာတ်ဆောင်၊**
**အရောင်ဖွေးလတ်၊ ဇာတ်အဖြာဖြာ၊**
**သတ္တဝါ ချမ်းသာပါစေသော်။ ။**

* **သဉ္ဇိတံ မေ မဟာပုညံ၊**
**ဓမ္မဒေသန သဉ္ဇိတံ။**
**တေနသဗ္ဗေ သုခါယန္တု၊**
**ဇနာ ဣဋ္ဌသမဂ်ိနော။ ။**

မေမယာ–ဒေသက ဖြစ်သော တရားဟောဆရာ ငါသည်။ ဓမ္မဒေသန သဉ္ဇိတံ–သဗ္ဗောဒမာနဆိုတဲ့ ဓမ္မကထာ ဒေသနာတော်ကို ထုတ်ပြန်ကာ ဟောဆိုရခြင်းနှင့် စပ်ယှဉ်သော။ ယံ မဟာပုညံ–အကြွင် ဓမ္မဒါန တရားအလှူတည်းဟူသော ပုညကြီးယာ ကုသိုလ်ထူးကို။ သဉ္ဇိတံ–တရားလိုလားကြတဲ့ အမျိုးသား အမျိုးသမီးတို့အတွက် ကြိုးစား၍ ဆည်းပူးလိုက်ရပေပြီ။

တုမှေပိပိ–တရားချစ်ခင် စိတ်ကောင်းဝင်သည့် အသင်သူတော်စင်အပေါင်းတို့သည်လည်း၊ ယံ မဟာ– ပုညံ–အကြွင်ဓမ္မဿဝန တရားနာကြားရတဲ့ ဘာဝနာ ပုည ကုသိုလ်ထူးကို၊ သဉ္ဇိတံ–ကောင်းစွာမသွေ ဆည်းပူးမိကြရပေပြီ။

တေန–ထိုသို့ ဆည်းပူး ဓမ္မဒါန ဓမ္မဿဝန ဘာဝနာမယ ပုညကြီးယ ကုသိုလ်ထူးကြောင့်၊ သဗ္ဗေ– လူအရပ်ရပ်နတ်အဖြာဖြာ ဗြဟ္မာမကြွင်း ခပင်းဉဿုံ အလုံးစုံကုန်သော၊ ဇနာ–တရားနာပရိသတ်နှင့်တကွ သတ္တဝါဟူသမျှတို့သည်၊ ဣဋ္ဌသမဂ်ိနော–မိမိတို့လိုလား တောင့်တအပ်သော ကောင်း

ကျိုးချမ်းသာ ဣဋ္ဌအထွေထွေ ကျက်သရေမင်္ဂလာအပေါင်း နှင့် ပြည့်စုံကြ ကုန်သည်ဖြစ်၍၊ သုခါယန္တ၊-ယနေ့ကစ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် စိတ်ရွှင်လန်း၍ ကျန်းကျန်း မာမာ ချမ်းချမ်းသာသာ ရှိတော်မူနိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

**"သီတဂူစန်းလပမာ၊ ချမ်းမြသာယာရှိကြပါစေ"**

# ကာလပေါ်ဖြင့် ကြိုးနှင့်မယ်

ညနေ ၃း၅၀ နာရီ။

သီတဂူဆရာတော်ဘုရားကြီး တရားဟောကြား ချီးမြှင့်ခဲ့သည်မှာ နှစ်နာရီကျော်ခဲ့ပြီ။ ဓမ္မသဘင် စတင်သောအချိန်မှ ရေတွက်လျှင် နှစ်နာရီခွဲကျော်ခဲ့ပြီ။ ညကျလျှင်လည်း ဘားအံမြို့ပေါ်မှာ တရားဆက်ဟော ရဦးမည်မို့ ဟောကြားသော တရားတော်ကို အဆုံးသတ်လိုက်သည်။

၎င်းနောက် တိုက်အုပ်ဆရာတော်နှင့်အတူ ဘေသင္ဂမုနိကြေးသွန်း ရုပ်ရှင်တော်မြတ် စံကျောင်း တော် ဂန္ဓကုဋိရှိရာသို့ ကြွရောက်သည်။

ဘေသင္ဂမုနိ–ရုပ်ရှင်တော်မြတ်မှာ မြိုင်ကြီးငူ၏ အဓိကထင်ရှားသော အရာဖြစ်သည်။ မြိုင်ကြီးငူဆရာတော်သည် လွန်ခဲ့သော လေးနှစ်ကျော်ကာလက **"အေးချမ်းတည်ထားတယ်"**ဟူသော နိမိတ်ကောက်၍ ကြေးပိဿာချိန်ပေါင်း ၁၂၇၇၇ (တစ်သောင်းနှစ်ထောင် ခုနစ်ရာခုနစ်ဆယ့်ခုနစ်) ပိဿာဖြင့် တည်ထားသည်။ မူလ ဘေသင္ဂမုနိ ရုပ်ပွားတော်၏ ဉာဏ်တော်မှာ ၁၇–လက်မသာရှိသော်လည်း ပလ္လင်တော်အပါအဝင် ၂၉ ပေမြင့်သော ဉာဏ်တော်ဖြင့် ပုံစံတူသွန်းလုပ်ပူဇော် ထားခြင်း ဖြစ်သည်။

မူလရုပ်ပွားတော်ကို အတွင်းမှာထည့်သွင်း ဌာပနာ အမှု ပြုခဲ့သည်။

ရုပ်ပွားတော်မြတ် သွန်းလုပ်ပူဇော်ပြီးနောက် မင်္ဂလာ တရား ၃၈–ပါးကို ရည်ရွယ်၍ ရွှေစင်ရွှေသားစစ် (၃၈)ပိဿာ ဖြင့် မကိုဋ်မှတော်၊ သရဖူတော်၊ သင်းကျစ်တော်၊ နားပန်တော်၊ စလွယ်တော်၊ တဘက်တော် စသော အဆင်တန်ဆာတော် တို့ကို ပန်းထိမ်တော်တို့အား လက်ရာမြောက်စွာ ထုဆစ်စေ လျက် ပူဇော်ထားသည်။ စံကျောင်းတော် ဂန္ဓကုဋိကိုလည်း သံကူ ကွန်ကရစ်ဖြင့် ဘုံကိုးဆင့် အခိုင်အမာ ပြုလုပ်ထား သည်။ တာရှည် ခံအောင် အမိုးကအစ အားလုံး ကွန်ကရစ် ဖြင့်ချည်း ပြုလုပ်ထားသည်။ မြစ်သံလွင်ကမ်းနဖူးဝယ် အသွင် ထူးစွာဖြင့် ခန့်ညားထည်ဝါစွာ တည်ရှိနေပေသည်။ နိုင်ငံအလုံး အေးချမ်းစေရန် ရည်သန်၍ တည်ထား ကိုးကွယ်သမှု ပြုထားခြင်းဖြစ်သည်။ ကာလတန်ဖိုး ကျပ် သိန်းပေါင်း ၈၀၀၀ (ရှစ်ထောင်)ကျော် ကုန်ကျခဲ့သည်။

သီတဂူ ဆရာတော်ဘုရားကြီးသည် စံကျောင်းတော် ဂန္ဓကုဋိသို့ရောက်ရှိပြီး ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ရှင်တော် မြတ်ကြီးအား ရှိခိုးပူဇော်ပြီးနောက်–

"အိမ်း–ပြုလုပ်ထားတာ တော်တော်ကောင်းပါလား၊ သပ္ပာယ်တော်မူပါတယ်"ဟု မိန့်မြွက်လေသည်။ ထို့နောက် ရင်ပြင်တော်ပေါ်မှ သံလွင်မြစ်ပြင်ရှုခင်းကို ခေတ္တမျှ ရှုမျှော် ကြည့်ရှုသည်။

ညနေ ၄း၀၀ နာရီ ရှိလေပြီ။ အချိန်နည်းနေပြီ။ ဘားအံသို့ပြန်ရန် အရေးကလည်း ရှိသေးသဖြင့် ကားဖြင့် ပြန်လည် ထွက်ခွာသွားသည်။ တိုက်အုပ်ဆရာတော်သည်

လည်း သီးခြားကားဖြင့် ဆရာတော်ကြီး၏ အပြန်ခရီးကို လိုက်ပါပို့ဆောင်သည်။

ကျုံပကိုရွာသို့အဝင် ကတ္တရာစေး ခင်းပြီးဖြစ်၍ လမ်းကြောင်းကောင်းမွန်သော နေရာသို့ အရောက်တွင် တိုက်အုပ်ဆရာတော်သည် ကားပေါ်မှဆင်း၍ သီတဂူ ဆရာတော်ဘုရားကြီးအား နောက်ဆုံး နှုတ်ဆက်သောအားဖြင့် ဦးချရှိခိုးသည်။ ဆရာတော်ဘုရားကြီးက–

"အိမ်း–ဒီခမ္ဘခရီးကို လာရတာ ဘုန်းကြီး စိတ်ထဲတော်တော်ပျော်သား" ဟု မိန့်ကြားသည်။

"မှန်ပါဘုရား၊ တပည့်တော်နှင့်တကွ အားလုံးသောတပည့်ဒကာ ဒကာမများကလည်း အရှင်ဘုရား ကြွရောက်တော်မူပြီး တရားချီးမြှင့်တော်မူသည်ကို အထူး အားရွှင်လန်းနှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ကြရပါတယ်ဘုရား၊ နောင်ကိုလည်း အလျဉ်းသင့်သောအခါတိုင်းမှာ အနည်းဆုံး တစ်နှစ်မှာ တစ်ခေါက်တော့ တပည့်တော်တို့ဆီ ကြွရောက်ပြီး ယခုလိုတရားချီးမြှင့်ပေးတော် မူစေလိုပါတယ်ဘုရား"

"အေး–အေး၊ လာမယ်–လာမယ်၊ လာနိုင်အောင်ကြိုးစားမယ်၊ ဟုတ်ပလား?"

"မှန်ပါဘုရား၊ ကြွဖြစ်အောင် ကြွလာဖို့ကိုလည်း ယခုကတည်းက ဘုရားတပည့်တော် ကြိုတင်ပင့်လျှောက် ထားပါတယ်ဘုရား"

စကားပြောအပြီးမှာ ဆရာတော်ဘုရားကြီးနှင့် ပါလာသော တပည့်ဒကာများ စီးနင်းလိုက်ပါသော ကားများသည် ဘားအံမြို့ဆီသို့ မောင်းနှင်ထွက်ခွာကြလေတော့သည်။

တိုက်အုပ် ဆရာတော်သည် မောင်းနှင်ထွက်ခွာသွားသော ကားတန်းကိုမျှော်ကြည့်ရင်း "နောင်နှစ်များမှာလည်း ယခုလို ကြွရောက်ခဲ့သော် ပွင့်လင်းရာသီ ဖြစ်သော အခါသမယများမှာ ကြွရောက်ခဲ့လျှင် ယခုနှစ်ထက် ပိုမိုစည်ကားမည်ဖြစ်ကြောင်း" တွေးမိလိုက်သည်။

မှန်၏။ ယနေ့မှာ မိုးမရွာလို့တော်သေးသည်။ အကယ်၍ မိုးများသာရွာခဲ့သည်ရှိသော် ဟူသော အတွေးကိုကား ဆက်မတွေးဝံ့အောင် ရှိပေတော့သည်။

တိုက်အုပ် ဆရာတော်သည် မြိုင်ကြီးငူသို့ ပြန်ရန် ကားပေါ်အတက်တွင် နေ့ခင်း ဆွမ်းဘုဉ်းစဉ်က သီတဂူဆရာတော်ဘုရားကြီး မိန့်ကြားသော စကားတစ်ခွန်းကို သတိရလိုက်မိသည်။

"ကရင်ပြည်နယ်ရောက်လို့ မြိုင်ကြီးငူသို့များ ရောက်ရှိခဲ့လျှင် ကရင်ရိုးရာအစားအစာ ဖြစ်သော **"တာလပေါ့"** ဟင်းတော့ စားရတန်ကောင်းထင်ခဲ့တာ၊ ခုတော့ ဒါမျိုးတွေ စားရလွန်းလို့ ရိုးအီနေပြီ" တဲ့။

"သီတဂူဆရာတော်ဘုရားကြီးကဲ့သို့သော တိုင်းတကာနယ်အနှံ့ ပျံ့နှံ့ကျော်ကြား ကမ္ဘာတလွှားသို့ပင် သွားချည်ပြန်ချည် အလီလီဖြင့် ဒေသစာရီ လှည့်လည် တော်မူလေ့ရှိသော ဆရာတော်ဘုရားကြီးအား တောသူ တောင်သားများသာ စားသုံးလေ့ရှိသော **'တာလပေါ့'** ဟင်းမယ်ဖြင့် ပူဇော်ရမှာအားနာသဖြင့် သက်သတ်လွတ်ပင် ဖြစ်လင့်ကစား မြို့ကြီးများမှာ စားသုံးသော ဟင်းမယ်အလား ယိုးမားဖွယ် ဟု၍ ပီကျာပါက်ဆွမ်းအလှူကို အားယူ၍ ဆက်ကပ်ခဲ့ပါသည်။

ရှိရာ **'တာလပေါ့'** ဟင်းမယ်ကို အားပေး ချီးမြှင့်လိုသော အာသီသ ရှိတော်မူ သည်ဟု သိရှိရသည်။

ယခုတော့ဖြင့် လွန်သွားချေပြီ။ နောင်နှစ်ခါ ကြွရောက်တော်မူလာသည့်အခါမှ ရှိရာ **'တာလပေါ့'** ဟင်းမယ်ကို ဂုဏ်ယူဖွယ်အနေအထားဖြင့် အားပါးတရ ဆက်ကပ်ပူဇော်ရပါတော့မည်" ဟူသော အတွေးစဖြင့် တိုက်အုပ်ဆရာတော်မှာ ကြည်နူးမှန်းဆရင်း မြို့ကြီးငူ အပြန်လမ်းသို့ မြန်းခဲ့ရလေတော့သတည်း။

ဤတရားပွဲ ကျင်းပရာတွင် မှတ်တမ်းတစ်ရပ် အနေဖြင့် တင်ရန် ကျန်ရှိသေးသည်မှာ ...

နဝကမ္မဝတ္ထုငွေသည် ဒီကေဘီအေ အဖွဲ့မှ လှူဒါန်းငွေ ကျပ်တစ်သိန်းနှင့် တရားပွဲလာသူ သူတော်စင်များမှ ထည့်ဝင်လှူဒါန်းငွေ ရေတွက်ပြီးစာရင်းအရ ခုနစ်သောင်းကျော်ဖြစ်၍၊ ရေတွက်ပြီးနောက် စာအိတ်အားဖြင့် လှူဒါန်းငွေလည်း သီးခြားရှိသေးသည်။

၎င်းအပြင် ဆရာတော်ဘုရားကြီး ဆေးပစ္စည်းအဖြစ် အသုံးပြုနိုင်ရန် တိုက်အုပ်ဆရာတော်က နှီးဆော်ချက်အရ ဒေသထွက်ဖြစ်သော ပျားရည်စစ်စစ် ပုလင်းပေါင်း ၃၀ ခန့်လည်း ထူးခြားသည့်လှူဖွယ်ဝတ္ထု အဖြစ်ပါဝင်သေးသည်။ ယင်းတို့အနက် ပျားရည်ပုလင်း ရှစ်ပုလင်းမျှသာ ယူဆောင်စေပြီး ကျန်သည်ကို တိုက်အုပ် ဆရာတော်အမှူးရှိသော မြို့ကြီးငူရှိ သံဃာများအား ပြန်လည်စွန့်လှူတော်မူကြောင်းကိုလည်း မှတ်တမ်းတစ်ရပ်အဖြစ် တင်ထားလိုက်ရပေသည်။

ဤတွင်ရွေ့ ...

(၁) အဂ္ဂမဟာပဏ္ဍိတ (၂) မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ (၃) အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ရတော်မူသော မဟာဓမ္မကထိက အကျော်အမော်ဖြစ်သည့်စစ်ကိုင်း တောင်ရိုး သီတဂူဆရာတော် ဘုရားကြီး၏...

၁၃၆၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၇) ရက် (၅-၆-၉၉) စနေနေ့တွင် မြို့ကြီးငှသို့ ကြွရောက်တော်မူသော "ငြိမ်းချမ်းရေးမြစ်နဒီ" တရားတော် မှတ်တမ်းတစ်ရပ် အပြီးသတ်ဖြစ်ပါသတည်း။

**မြိုင်နန်းဆွေ**

မြို့ကြီးငှအထူးဒေသ

၁၀-၆-၉၉

# “စကားကြွင်း

သီတဂူဆရာတော်ဘုရားကြီး ဟောကြားတော်မူ သော ဓမ္မကထာအစဉ်တွင် ‘...အချိန်ကိုငဲ့၍ ဇာတ်တော် ငါးခုအနက် လေးခုကိုသာ အကျဉ်းချုံးပြောရကြောင်း’ မိန့်ကြားတော်မူခဲ့ ပါသည်။ အချိန်မရသဖြင့် ဟောကြားခြင်း မပြုနိုင်ခဲ့သော ဇာတ်တော်မှာ အဘယ်သို့ပါနည်း? စစ်ခင်းကြသောနှစ်ဖက် မျိုးဆွေတို့အား အသို့ဆုံးမလို သနည်း? ဆတတင့်ငံ့ သိလိုသူတို့အတွက် “ပုဏ္ဏာဗျာကရဏ **သုတ္တဝဏ္ဏနာ**ကျမ်းမှ ထုတ်နုတ်၍ မြိုင်ကြီးငူ ဆရာတော်၏ ညွှန်ကြားချက်အရ **လဋုကိကဇာတ်** တော်ကို စားကြွင်းအနေဖြင့် ဖော်ပြလိုက် ပါသည်။ ။ (ကျကားအမှာတည်း။ စာရေးသူ)

အို ...မင်းမြတ်တို့−

ရံခါ အားနည်းသူသည်လည်း အားကြီးသူ၏ ပျက်စီး ကြောင်းအခွင့်အရေးကိုမြင်နိုင်သည်။ ရံခါ အားကြီးသူသည် အားနည်းသူ၏ ပျက်စီးကြောင်းအခွင့်အရေးကို မြင်နိုင်သည်။ နှံစုတ်ငှက်မယ်သည် အားနည်းသော သေးငယ်သည့်သူပင် ဖြစ်လင့်ကစား အားကြီးသော ဆင်ပြောင်ကြီးကိုပင် သေအောင် သတ်ဖူးလေပြီ... ဟု မိန့်တော်မူ၍ **‘လဋုကိက ဇာတ်တော်’** ကို ဟောတော်မူ ပါသည်။

## လဋုကိကဇာတ်တော်

လွန်လေပြီးသောအခါ ဘုရားလောင်းသည် ဆင်မျိုး၌ ဖြစ်၍အရွယ်သို့ရောက်လတ်သော် ကြည်ညိုဖွယ် ရှိ၏။ ကြီးသောကိုယ်ရှိ၏။ ဆင်ရှစ်သောင်းခြံရံလျက် ဆင်းမင်းဖြစ်၍ ဟိမဝန္တာ၌နေ၏။ ထိုအခါနှံစုတ်ငှက်မ တစ်ကောင်သည် ဆင်တို့၏သွားရာလမ်း၌ ဥတို့ကို ဥထား၏။ အချိန်တန်သော် ဥတို့မှ ငှက်ငယ်တို့ပေါက်လာကုန်၏။ ထိုငှက်တို့ အတောင် မပေါက်သေး၍ပျံခြင်းငှာ မစွမ်းနိုင်မီ တစ်နေ့တွင် ဘုရား လောင်းသည် ဆင်ရှစ်သောင်းခြံရံလျက် ထိုအရပ်သို့ ရောက် လာ၏။ ဘုရားလောင်း ဆင်မင်းကို နှံစုတ်ငှက်မငယ်မြင်၍

"...ဤဆင်မင်းသည် ငါ့သားငယ်တို့ကို နင်းမိလိမ့် မည်။ ယခု သားငယ်တို့အတွက် ဆင်မင်းကို တရားနှင့် လျော်သော အစောင့်အရှောက်ကို ဆောင်ရပါမှ ကောင်း လေစွ..."ဟု ကြံပြီးလျှင် နှံစုတ်ငှက်မသည် အတောင် နှစ်ဖက်ယှက်၍ ဆင်မင်းရှေ့တွင်ရပ်ကာ...

"ဆင်အပေါင်းကို အုပ်ချုပ်သော အသင်ဆင်မင်းကို အတောင်တို့ဖြင့် လက်အုပ်ချီခြင်းအမှုကို ပြုလျက် ကျွန်တော်မ ရှိခိုးပါ၏။ ငယ်နုသေးစွာသော ကျွန်တော်မ၏ သားငယ်တို့ကို မသတ်ပါလင့်..."ဟု တောင်းပန်၏။ ဘုရားလောင်း ဆင်မင်းက...

"နှံစုတ်ငှက်မငယ်...သင်မစိုးရိမ်လင့်၊ ငါသည် သင်၏ သားငယ်တို့ကို စောင့်ရှောက်အံ့..."ဟု ဆို၍ ငှက်ငယ်တို့ အပေါ်၌ခွရပ်လျက် ဆင်အပေါင်းကိုသွားစေ ပြီးသော် နှံစုတ် ငှက်မကိုခေါ်၍...

"နှံ့စုတ်ငှက်မယယ်၊ ငါတို့နောက်မှာ တစ်ကောင်တည်း သာ နေလေ့ရှိသော ကေစာရဆင်သည်လာလတ္တံ့၊ ထိုဆင် သည် ငါတို့ပြောစကားကိုလည်း နားမထောင်ချေ။ ထိုဆင်လာ ခဲ့သော် သူ့ကိုလည်းတောင်းပန်၍ သင့်သားငယ်တို့၏ ချမ်းသာခြင်းကိုပြုရစ်လော့..."ဟု မှာကြား၍ သွားနှင့်ပြီးသော ဆင်တို့နောက်သို့လိုက်သွားလေ၏။

အတန်ကြာလတ်သော် ဘုရားလောင်း ပြောပြခဲ့သော ကေစာရဆင်ကြီး လာလတ်သည်ကိုမြင်၍ နှံ့စုတ်ငှက်မသည် ခရီးဦးကြိုဆိုကာ အတောင်နှစ်ဖက်ကို ယှက်၍ လက်အုပ် သဖွယ် ချီပြီးလျှင်-

"တစ်ဦးတည်းသာ သွားလာ ကျက်စားလေ့ရှိသော အသင်ဆင်မင်းကို အတောင်နှစ်ဖက်ယှက်၍ ကျွန်တော်မ ရှိခိုးပါ၏။ ကျွန်တော်မ၏ သားငယ်တို့ကို မသတ်ပါလင့်" ဟု တောင်းပန်၏။ နှံ့စုတ်ငှက်မ၏ စကားကို ကြားလျှင် ကေစာရဆင်ကြီးသည်-

"အဘယ်နှံ့စုတ်ငှက်မငယ်၊ သင်၏ သားငယ်တို့ကို ငါသတ်အံ့၊ သင်ကား အားနည်းသူဖြစ်၏။ သင်သည် ငါ့အား အသို့ပြုနိုင်မည်နည်း။ သင်ကဲ့သို့သော ငှက်မပေါင်း အကောင် တစ်သိန်းကိုသော်လည်း လက်ဝဲခြေ တစ်ဖက်တည်းဖြင့် ငါသတ်နိုင်၏" ဟု ဆိုကာ နှံ့စုတ်ငှက်မငယ်၏ သားငယ်တို့ကို ခြေဖြင့်နင်းချေ၍ ကျင်ငယ်ဖြင့်မျောစေပြီး အသံကုန် မြည် ဟည်းကာ ထွက်သွားလေ၏။ နှံ့စုတ်ငှက်မငယ်သည် သစ် ခက်၌ နား၍-

"ဟယ်-ဆင်ဆိုး၊ ယခုသင်သည် ငါ့သားငယ် တို့ကို သတ်၍ အသံမြည်လျက်သွား၏။ မကြာမီ ငါပြုသောအမှုကို

သင်သိရစိမ့်မည်။ ကိုယ်အားထက် ဉာဏ်အား သာသော အဖြစ်ကို သင်မသိသေး။ မကြာမီသော ကာလအတွင်း ငါ့အကြောင်း သင်သိရမည်” ကြိမ်းဝါး၍–

“အို–ကေစာရ ဆင်ဆိုးကြီး၊ အရာအားလုံး၌ ကာယ ဗလ စွမ်းအားနှင့်ချည်း ပြုအပ်သည်မဟုတ်။ ဗလအားကိုး သည် လူမိုက်အတွက်သာ ဖြစ်၏။ သင်၏အကျိုးမဲ့ကို ငါပြု ပေအံ့”ဟု အော်ပြောလေ၏။

နံ့စုတ်ငှက်မငယ်သည် ကျီးတစ်ကောင်ထံ ချဉ်းကပ် ခစားရာ နှစ်ရက်သုံးရက်ရှိလျှင် ကျီးသည် နှစ်သက် သဘော ကျ၍–

“သင့်အတွက် ငါဘာလုပ်ပေးရမည်နည်း”ဟု မေး၏။

“တစ်ကောင်တည်းသာ သွားလာကျက်စားလေ့ ရှိသော ကေစာရ ဆင်ဆိုးကြီး၏ မျက်စိတို့ကို အရှင်ကျီး၏ နှုတ်သီး တို့ဖြင့် ထိုးဖောက်ပေးစေလိုပါသည်”

“ကောင်းပြီ၊ သင်ဆိုတိုင်း ငါလုပ်ပေးမည်”ဟု ကျီးက ဆိုသည်။

တစ်ဖန် နံ့စုတ်ငှက်မသည် ယင်မမဲရိုင်းထံ ချဉ်းကပ် ပြန်သည်။ ယင်မမဲရိုင်းက–

“သင့်အတွက် ငါဘာလုပ်ပေးရမည်နည်း”ဟု မေးသည် တွင် ကျီးနှင့် ပြောခဲ့သောစကားကို ပြောပြလျှင်–

“ကျီးထိုးဖောက်၍ ပေါက်သွားသော ကေစာရ ဆင်ဆိုး ကြီး၏ မျက်စိတို့မှာ အရှင်တို့က ပိုးလောက်တို့ကို ဥချစေ လိုပါသည်”

“ကောင်းပြီ၊ သင့်အလိုအတိုင်း ဖြစ်စေရမည်”ဟု ယင်မ မဲရိုင်းက ဝန်ခံလေ၏။ နံ့စုတ်ငှက်မငယ်သည် ဖားတစ်ကောင် ထံ ခစားချဉ်းကပ်ပြန်၍ ဖားက–

"သင့်အတွက် ကျွန်ုပ် ဘာလုပ်ပေးရမည်နည်း"ဟု မေး၏။

နှံစုတ်ငှက်မယယ်က အကြောင်းခြင်းရာစုံ ပြောပြပြီး–

"ကေစာရ ဆင်ဆိုးကြီး မျက်စိမှာ ပိုးလောက်ကိုက်၍ ကန်းသည့်အခါတွင် ရေငတ်သော် ရေရှာပါလိမ့်မည်။ ထိုအခါ အရှင်ဖားက တောင်ထိပ်မှနေ၍ အသံပြုပေးပါ။ ကေစာရ ဆင်ဆိုးကြီး တောင်ထိပ်သို့ တက်လာပြီး ရောက်ရှိလျှင် အရှင်ဖားသည် တောင်အောက်သို့ ပြန်ဆင်းကာ ကမ်းပါး ပြတ်မှာနေ၍ အသံပြု ပေးစေချင်ပါသည်"ဟု ဆို၏။ ဖားကလည်း–

"ကောင်းပြီ သင်မစိုးရိမ်လင့်၊ သင့်ဆန္ဒအတိုင်း ပြည့်စေပါမည်"ဟု ဝန်ခံလေ၏။

သို့ဖြင့် အခွင့်သာသောတစ်နေ့တွင် ကျီးသည် ဆင်ဆိုးကြီး၏ မျက်စိတို့ကို နှုတ်သီးဖြင့် ထိုးဖောက်လိုက်၏။ မျက်စိ အနာဖြစ်သည်တွင် ယင်မမဲရိုင်းက ပိုးလောက်တို့ကို ဥချပေး၏။ ပိုးလောက်ကိုက်သော ဝေဒနာဖြင့် ကေစာရ ဆင်ဆိုးကြီး မျက်စိနှစ်လုံး စုံကန်းသောအဖြစ်သို့ ရောက်လေ၏။

တစ်နေ့ ဆင်ဆိုးကြီးသည် မမြင်မစမ်း သွားလာလျက် ရေငတ်သဖြင့် ရေရှာသည်တွင် နှံစုတ်ငှက်မယယ်က အချက်ပေးလိုက်ရာ ဖားသည် တောင်ထိပ်သို့တက်၍ အသံပြု၏။ ဖားရှိလျှင် ရေရှိမည်ဟု ကေန်တွေးလျက် ဆင်ဆိုးကြီးသည် ဖားသံရှိရာ တောင်ထိပ်သို့တက်၏။ တောင်ထိပ်ရောက်လျှင် ဖားက တစ်ဖန် တောင်အောက်သို့ ပြန်ဆင်း၍ ကမ်းပါးပြတ် အစွန်းမှာနေကာ အသံပြုပြန်၏။ ရေငတ်နေသော ဆင်ဆိုးကြီးသည် ရေရှိရမည့်သာတည်းဟု ဖားသံကြားရာ ကမ်းပါး

ပြတ်ဘက်သို့ ရေးရှုသွားလတ်သော် ကမ်းပါးပြတ်မှ တလိမ့် ခေါက်ကွေးကျ၍ အသက်ကုန်ခြင်းသို့ ရောက်လေတော့၏။ ထိုအခါ နှံစုတ်ငှက်မငယ်သည် ဆင်သေသည်၏ အဖြစ်ကို သိ၍ ဆင်သေပေါ်၌ လူးလာခေါက်တုံ့သွားလျက်–

"ငါ့ရန်သူ၏ ပျက်စီးခြင်းကို မြင်ရပေပြီ"ဟု နှစ်သက် အားရခြင်း လွန်မင်းစွာ ဖြစ်လေတော့သတည်း။

မြတ်စွာဘုရားသည် ဤသို့ အတိတ်ကို ဆောင်တော် မူ၍–

"အို...မင်းမြတ်တို့၊ နှံစုတ်ငှက်၊ ကျီး၊ ယင်မမဲရိုင်း၊ ဖား၊ ဤလေးကောင်သော သတ္တဝါတို့သည် သေးပင် သေးငယ်သော်လည်း အားကြီးသော ဆင်ပြောင်ကြီးကိုပင် သေအောင်သတ်ခဲ့ဖူးကြလေပြီ။ ထို့ကြောင့် မိမိ မချစ်မနှစ် သက်သော မည်သူ တစ်ဦးတစ်ယောက်နှင့်လည်း ရန်မဖြစ်ကြ လေရာ"ဟု ဆုံးမတော်မူပြီးနောက်–

ထိုအခါက ကေစာရ ဆင်ဆိုးကြီးသည် ယခုအခါ ရှင်ဒေဝဒတ် ဖြစ်လာခဲ့ပြီ။ ထိုအခါတုန်းက ဆင်မင်းသည် ယခုအခါမှာ ငါဘုရားဖြစ်တော်မူလာသည်ဟု လဋုကိက ဇာတ်တော်ကို ပေါင်း၍ ပြတော်မူပါသည်။

(ပြည်တော်ဝင် သားငယ်၊ သမီးငယ်တို့ အတွက် ရည်စူး၍ ဤစာကြွင်းကို ဖြည့်စွက်ရေးသားပါသည်။)

**မြိုင်နန်းဆွေ**

မြိုင်ကြီးငူအထူးဒေသ

၂၅–၆–၉၉

# ခန်းဆောင်အတွင်းမှ
# အလင်းပုံရိပ်များ

စန္ဒာငွေလ၏ ရွှန်းမြသော လရောင်အောက်ဝယ် ကမ္ဘာသူကမ္ဘာသားများသည် ကြည်နူးမွေ့ချမ်း ပီတိတွေ လျှံမ်းလျက် ငြိမ်းချမ်းစွာနေကြရသည်မှာ ဓမ္မတာပင်။

* * *

၁၃၆၁ ခုနှစ် နယုန်လပြည့်ကျော် (၇) ရက် ၅-၆-၉၉ (စနေနေ့) မြတ်ပန်းဝတ်မှုန်ခန်းမဆောင်။

မြိုင်ကြီးငူအထူးဒေသ၏ အထင်ကရ တစ်ခုတည်းသော ခန်းမဆောင်ဖြစ်သည်။ ကရင်ရိုးရာဝတ်စုံ ကိုယ်စီဝတ်ဆင်ထားကြသော ဒေသခံ တိုင်းရင်းသားတို့သည် ခန်းမဆောင်အပြည့် နေရာယူကာ သီတဂူ ဆရာတော်ဘုရားကြီးအား ငံ့လင့်ကြိုဆိုနေကြသည်။ မြိုင်ကြီးငူမုခ်ဦးမှသည် ခန်းမဆောင်အထိ အဓိကလမ်းမကြီးဖြစ်သော "ခတ္တာ"လမ်းတစ်လျှောက် တစ်မိုင်နီးပါးခန့် ခရီးတာအတွင်း

သာသနာ့အလံများကို စိုက်ထူထားပြီး ဒေသခံ ပြည်တော်ဝင် တိုင်းရင်းသားများက စီတန်းရပ်တန့်၍ လက်အုပ်ချီကြိုဆို ပူဇော်နေကြသည်။ နေ့လယ် ၁၁း၃၀ နာရီ မြိုင်ကြီးငူမုခ်ဦးသို့ သီတဂူ ဆရာတော်ဘုရားကြီး၏ကား ရောက်ရှိလာသည့် တွင်–

သီတဂူ ဆရာတော်ဘုရား ကျန်းမာပါစေ၊ ချမ်းသာ ပါစေ

သီတဂူဆရာတော်ဘုရား သက်တော်ရာကျော်ရှည် ပါစေ။

အစရှိသော မေတ္တာပို့ကြိုဆိုသံများက တစ်ခဲနက် သံပြိုင်ညီညာစွာ ထွက်ပေါ်လာရာ စိတ်ထဲတွင် ဝမ်းမြောက် ခြင်း ကြည်နူးခြင်း ပီတိဖြစ်ခြင်းအပြင် အမည်မဖော်ပြတတ် သော ခံစားမှုဝေဒနာတစ်ရပ်ကို ခံစားလိုက်မိသည်။ သီတဂူ ဆရာတော်ဘုရားကြီး မြိုင်ကြီးငူသို့ အမှန်တကယ် ရောက်ရှိ လာချေပြီကောဟု သိလိုက်ရသောကြောင့် ဖြစ်သည်။

သီတဂူဆရာတော်ဘုရားကြီးအား ကျွန်တော်တို့ စောင့်မျှော် ကြိုလင့်နေခဲ့သည်မှာ လွန်ခဲ့သောနှစ် ကတည်းက ဖြစ်သည်။ ဖြစ်ပုံမှာ မြိုင်ကြီးငူ ဆရာတော်ဘုရား၏ အနီးကပ် ငယ်ရင်းဆွေဖြစ်သော ဆရာမြိုင်နန်းဆွေက ပြောခဲ့သည်။

ကမ္ဘာကျော် သီတဂူ ဆရာတော်ဘုရားကြီး မြိုင်ကြီးငူ မှာ တရားလာဟောရန် ရှိကြောင်း၊ (၇)ရက် (၇)လီတိုင် တရားဓမ္မချီးမြှင့်မည်ဖြစ်ကြောင်း၊ မြိုင်ကြီးငူ ဆရာတော်က ပြည်တော်ဝင်များအတွက် မေတ္တာ စေတနာထား၍ သီတဂူ ဆရာတော်ဘုရားကြီးက လာရောက် တရားချီးမြှင့်ရန် ပင့်လျှောက် စီစဉ်ထားကြောင်း၊ ရောက်လာမည့်ရက်ကို

ကြိုပြောမည်ဖြစ်၍ သီတဂူဆရာတော်ဘုရားကြီး မြိုင်ကြီးငူတွင် (၇)ရက် တိတိ တရားချီးမြှင့်ရာ၌ လိုအပ်သောကြိုတင်ပြင်ဆင်မှုများပြုထားရန်နှင့် သီတဂူ ဆရာတော်ဘုရားကြီး၏ တရားတော်ကို အစအဆုံးအသံ ဖမ်းယူထားရန် အစရှိသော ပြုဖွယ်ကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ထားရန် ပြောပြခဲ့သည်။

မျှော်တလင့်လင့်ဖြင့် အချိန်ကြာမြင့်လာခဲ့သော်လည်း ရောက်ရှိမလာခဲ့ပါ။ ဟော ယခု သီတဂူဆရာ တော်ဘုရားကြီး အမှန်တကယ် ရောက်ရှိလာခဲ့ပါလေပြီ။ သို့သော် မိမိတို့အားလုံးအတွက် စေတနာမေတ္တာထားပြီး သီတဂူဆရာတော်ဘုရားကြီးအား ပင့်လျှောက်ခဲ့သော မြိုင်ကြီးငူ ဆရာတော်ဘုရားသည်ကား ရက်ပေါင်း ၁၆၆၀ မဟာအဓိဋ္ဌာန်စခန်းကြီးဝင်ကာ ကေစာကျင့်၍ အဓိဋ္ဌာန် ပါရမီကို ဖြည့်ကျင့်ဆည်းပူးနေခဲ့ပြီဖြစ်ရာ ဆရာတော် နှစ်ပါးအား တူယှဉ် ဖူးမြင်ခွင့်မရနိုင်ပါချေပြီ၊ ဤအတွက် မဖော်ပြတတ်သော ခံစားမှုတစ်ရပ် ခံစားနေရပြန်သည်။ ခံစားမှုအတွေးများ ထွေပြားနေဆဲမှာ

သီတဂူထေရ်မဟာ မြတ်ဆရာ နှစ်ဖြာကိုယ်စိတ်ကျန်းမာစေ၊ လန်းပါစေ၊

ဗုဒ္ဓမြတ်စွာသာသနာ ရှည်ကြာလေးမြင့် တည်ပါစေ၊ တည်ပါစေ။

ဟူသော မြိုင်ကြီးငူဓမ္မစကြာ အဖွဲ့သူများ၏ သံပြိုင်ညီညာစွာ သီကျူး ပူဇော်ကြိုဆိုသံက ထွေပြားသောအတွေးကို လှုပ်ခတ်နိူးလိုက်သည်။ ကြက်သီးမွေးညင်း ထသွားသည်အထိ ပီတိဖြစ်သွားသည်။

မြတ်ပန်းဝတ်မှုန်ခန်းမဆောင်အတွင်း ပရိသတ်များသည် သီတဂူဆရာတော်ဘုရားကြီး ကြွတော်မူလာ သည်ကို ဖူးမြော်ရင်း မင်းလမ်းတစ် လျှောက်လုံးမှာ တဘက်ပဝါများ အသီးသီး ဖြန့်ခင်းထားရှိပြီး သီတဂူ ဆရာတော်ဘုရားကြီးအား ရိုကျိုးစွာ ရှိခိုးပူဇော်ကြသည်။

ကျွန်တော်တို့သည် မြိုင်ကြီးငူ ဆရာတော်ဘုရား၏ တပည့်သားမြေးများဖြစ်ကြပါသည်။ ကျွန်တော်တို့၏ အရှင်သခင် မြိုင်ကြီးငူဆရာတော်ဘုရား ကိုယ်တိုင် ကြည်ညို လေးစား၍ ကျွန်တော်တို့အတွက် တရားဓမ္မ ချီးမြှင့်ပေးပါရန် ပင့်လျှောက်စီစဉ်ခဲ့သော သီတဂူဆရာတော်ဘုရားကြီးအား ဆရာသခင်မရှိချိန်၌ ထိခြင်းငါးပါးဖြင့် ကြည်ညိုရိုသေ ရိုကျိုးစွာ ရှိခိုးပူဇော်ရင်း ဆရာ သခင်အား တမ်းတစိတ်က ရိပ်ခနဲ ဝင်ရောက်လာသည်။ သို့သော် တမ်းတစိတ်က ကြာမြင့်စွာ အချိန်မရလိုက်၊ သံပြိုင်ညီညာစွာ တစ်ပြိုင်တည်း တစ်သံတည်း ထွက်ပေါ်လာသော မြိုင်ကြီးငူဓမ္မစကြာအဖွဲ့သူများ၏ ဓမ္မစကြာ ဒေသနာတော် ရွတ်ဆိုပူဇော်သံက လွှမ်းဖုံးသွားခဲ့သည်။ သီတဂူ ဆရာတော်ဘုရားကြီး ဆွမ်းဘုဉ်းစဉ်နိုက် မြိုင်ကြီးငူ ဓမ္မစကြာ အဖွဲ့သူများက ဓမ္မစကြာဒေသနာကို ရွတ်ဆို ပူဇော်ခြင်းဖြစ်ရာ ရင်ထဲတွင် ဆွတ်ပျံ့ကြည်နူးမိသွားရသည်။

မြတ်ပန်းဝတ်မှုန်ခန်းမဆောင်ကြီးတစ်ခုလုံး ပရိသတ်ကျပ်ပိတ်ပြည့်လျှံနေရုံသာမက ခန်းဆောင် ဘေးဝန်းကျင် တစ်ခုလုံးမှာလည်း ပရိသတ်များ ပြည့်နှက်နေသည်။ မျက်နှာချင်းဆိုင်ရှိ စေတီသာလေရုပ်ကြီးမှာလည်းအပြည့်ပင်၊ ဆရာတော်ဘုရားကြီး၏ အံ့ဖွယ် ဘုန်းတန်ခိုးဖြစ်တော့သည်။ ဤသို့သော

ပရိသတ်မျိုးကို ဘုန်းတံခိုးကြီးမား၍ လူထုကြည်ညိုလေးစား ကိုးကွယ် သော ဆရာတော်ကြီးများမှာသာ တွေ့နိုင်သည်။ တစ်ချိန်က လယ်တီဆရာတော်ဘုရားကြီး၏ ပရိသတ်၊ တောင်တန်းသာသနာပြု ရေဆူဆရာတော်ဦးဥတ္တမသာရ ပရိသတ် ဤပရိသတ်မျိုးသည် တစ်အိမ် တစ်ယောက် မလာမနေရအမိန့်ဖြင့် ဆင့်ခေါ်၍ ရောက်လာခြင်းမဟုတ်၊ ကြည်ညိုလေးစား ဖူးမြင်ချင်လွန်းလှ၍ အတင်းတိုးဝေ့ နေရာယူကာ အချိန်ကြာမြင့်စွာကပင် စောင့်ဆိုင်းနေခဲ့ကြ သော ပရိသတ်ထုကြီးဖြစ်သည်။ ကမ္ဘာကျော် ဆရာတော် ဘုရားကြီးကား ဤထက်မက ပိုမိုများပြားသော ပရိသတ် ထုကို အကြိမ်များစွာ တရားဓမ္မ ချီးမြှင့်လာခဲ့သည်ဖြစ်ရာ မည်သို့မျှ အံ့သြဟန်မတွေ့ရ။ ကျွန်တော့်အနေနှင့်ကား ဝမ်းမြောက်ကြည်နူးခြင်းအပြင် ဆရာတော်ဘုရားကြီး၏ အံ့ဖွယ် ဘုန်းတန်ခိုးကြောင့် အံ့သြမှု တစ်စိတ်တစ်ဒေသ ဖြစ်ရသည်။ ကျောင်းစာထဲ သင်ဖူးခဲ့ရသည်ကို ဤကား "အဗ္ဘုတ" ရသမျိုးပါ တည်းဟု နားလည်လိုက်သည်။

လူပင်လယ် တရားနာပရိသတ်ထုကြီး အားလုံးမှာ တိတ်ဆိတ်ငြိမ်သက်စွာပင် ဆရာတော်ဘုရားကြီးအား မော်၍ မော်၍ ဖူးကြသည်။ ဓမ္မစကြာရွတ်ဆိုပူဇော်၍ ပြီးဆုံးသွား ချိန်တွင် မြိုင်ကြီးငူ ပြည်တော်ဝင်များကိုယ်စား ဓမ္မစကြာ အဖွဲ့သူ(၂၅)ဦးနှင့် မြိုင်ကြီးငူ၏ ပင်တိုင်အဆိုတော် "နန်းကြော့ သူဇာခိုင်"တို့က ဓမ္မဂီတိကဗျာများကို အလိုက်တစ်မျိုးစီဖြင့် သာယာနာပျော်ဖွယ်ရာ သီကျူးရွတ်ဆို ပူဇော်ကြသည်။ မြိုင်ကြီးငူအထူးဒေသ ပြည်တော်ဝင်များ၏ ကန်တော့ပန်း ဖြစ်ပါ[illegible]သည်။ နန်းကြော့ သူဇာခိုင်၏ အသံက အေးအေး

ငြိမ့်ငြိမ့် ချိုသာစွာ ခန်းမဆောင်အတွင်း ဆွတ်ပျံ့ကြည်နူးဖွယ်ရာ လွင့်ပျံ့လျက်ရှိသည်။

သီတဂူဆရာတော် နိုင်ငံကျော်၊ စိတ်တော်မြဲ့ ချမ်းလန်းဖြာစေ၊ လန်းပါစေ။

သီတဂူထေရ်မဟာ မြတ်ဆရာ၊ နှစ်ဖြာကိုယ်စိတ်ကျန်းမာစေ၊ လန်းပါစေ။

မြတ်ပန်းဝတ်မှုန်ခန်းမဆောင်အတွင်း ဓမ္မဂီတိသံသာက ဆွတ်ပျံ့ဖွယ်ရာ လွှမ်းနေပါသည်။ ဤဓမ္မဂီတိကိုရေးဖွဲ့ပူဇော်ထားသူကား "မြို့င်နန်းဆွေ"ဖြစ်သည်။ ဤဓမ္မသဘင်အခမ်းအနား၌ အခမ်းအနားမှူးအဖြစ် လည်းကောင်း၊ ဗီဒီယိုရိုက်စက်တစ်လုံးဖြင့် ပြေးလွှား ရိုက်ကူးမှတ်တမ်းတင်နေသူအဖြစ်လည်းကောင်း အလုပ်များနေသူကား မြို့င်နန်းဆွေပင်တည်း။

သူသည် မြို့င်ကြီးငှအထူးဒေသ စာပေနှင့် ယဉ်ကျေးမှုဦးစီးကော်မတီ၏ ဒု-ဥက္ကဋ္ဌ(၁)အဖြစ် တာဝန်ယူထားရပြီး အဘိဓမ္မာသင်တန်း၊ ဓမ္မစကြာသင်တန်းကို သင်ကြားပေးနေသူ၊ မြို့င်ကြီးငှအတွင်း ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင်စီစဉ်ဆောင်ရွက်သူမြို့င်ကြီးငှ အထူးဒေသဆိုင်ရာနှင့် မြို့င်ကြီးငှဆရာတော်ဘုရား၏ ဘဝအချိုးအကွေ့များအစရှိသည့် စာအုပ်စာတမ်းများ ရေးသားပြုစုနေသူ အစရှိသဖြင့် မြို့င်ကြီးငှနှင့်ပတ်သက်သည့် လုပ်ငန်းများအားလုံးကို ဝိုင်းဝန်းဆောင်ရွက်ပေးနေသော ပညာရှင်တစ်ဦးဖြစ်သည်။ ဆရာ"မြို့င်နန်းဆွေ"ကို မြို့င်ကြီးငှ ဆရာတော်ဘုရားသည် အားထားရသောယယ်ရင်းဆွေအဖြစ် မြို့င်ကြီးငှအခြေပျိုးစကတည်းက ခေါ်ယူထားခြင်းဖြစ်သည်။

သီတဂူဆရာတော်ဘုရားကြီးအား ပူဇော်မှုများအပြီး မွန်းလွဲ ၁း၀၀ နာရီတွင် ဓမ္မပလ္လင်ပေါ်သို့ ပင့်လျှောက်ကာ တရားပွဲကို စတင်သည်။ ပြည်တော်ဝင် ပရိသတ်များက ဩကာသကန်တော့ချီးဖြင့် ရှိခိုးပူဇော်ကြသည်။ ဆရာတော်ဘုရားကြီးဟောကြားသော တရားကို "ငြိမ်းချမ်းရေးမြစ်နဒီ" ဟု အမည်ပေးတော်မူသည်။ ပဏာမ အဖွင့်ဂါထာတော်ကို ရွတ်ဆိုဟောကြားအပြီး ဆရာတော်ဘုရားကြီးက ပရိသတ်တို့အား တိုင်ပေး၍ မေတ္တာပို့စေသည်။ ထို့နောက်မှ ဆက်လက်၍ တရားဟောတော်မူပါသည်။

"မြိုင်ကြီးငူဆရာတော်ရဲ့ တပည့် ဒကာ ဒကာမတို့အား ဘုန်းကြီးတို့လာရောက်မေတ္တာထားပြီးတော့ မေတ္တာပွားမဲ့ ဓမ္မသဘင်ကို ယခုအခါ မေတ္တာအာသီသ၊ မေတ္တာပတ္ထနာနဲ့ စတင်ဖွင့်လှစ်ပါပြီ"

ဆရာတော်ဘုရားကြီး၏ အောင်မြင်ခန့်ညားပြီး ဩဇာတိက္ကမ ပြည့်ဝသော အသံတော်သည် မြတ်ပန်းဝတ်မှုန်ခန်းမဆောင်အတွင်းရှိ တရားနာပရိသတ် ထုအကြား ပဲ့တင်ရိုက်ခတ်လွင့်ပျံ့လျက်ရှိသည်။ အသံတော်၌ မေတ္တာသံအပြည့် ပဲ့တင်ထပ်လျက်ရှိကြောင်း သတိပြုမိသည်။ ဆရာတော်ဘုရားကြီးသည် မြိုင်ကြီးငူ အထူးဒေသရှိ ပြည်တော်ဝင်များအား ၎င်းတို့နှင့် အံဝင်ခွင်ကျ လိုက်လျောညီထွေသော တရားတော်ကို ဟောကြား ချီးမြှင့်တော်မူသည့် အဖြစ်မှာ တိုး၍ပင် ပို၍ ကြည်ညိုသဒ္ဓါ ပွားမိရပါသည်။

❁ ❁ ❁

တရားတော်အစနိဒါန်းတွင် "မြိုင်ကြီးငူဆရာတော် ကိုယ်တိုင် (၃)နှစ်ရှိပြီး ဘုန်းကြီးဆီစာရေးပြီး ဒီကြွဖို့ပင့်တာ ခုမှ ကြွဖြစ်တယ်။ ဒီတော့ မြိုင်ကြီးငူဆရာတော်ကို မဖူးတွေ့ ရပေမယ့်လည်း ဆရာတော်ရဲ့ တပည့် ဒကာ ဒကာမ သားသမီး ညီအစ်ကို မောင်နှမတွေက 'ဟာ တို့ဆွေမျိုး ကိုယ်တော်ကြီး လာတယ်' ဆိုပြီးတော့ ဝမ်းပန်းတသာ ကြိုကြ တယ်"

ဟူ၍ တခုတ်တရ ထည့်သွင်းဟောကြားသွားရာ ဆရာတော်ဘုရားကြီးနှင့် တရားနာပရိသတ်မှာ တစ်သား တည်း ဖြစ်သွားသလို ခံစားလိုက်ရသည်။ "ပုဂ္ဂိုလ်ခင်မှ တရားမင်" ဆိုစကားကိုလည်း ပြေးသတိရမိ လိုက်သည်။ ဆရာတော်ဘုရားကြီး၏ မေတ္တာတရားကြောင့် အစပိုင်းက အလှမ်းကွာသယောင် ခပ်တွန့်တွန့်ခပ်ရွံ့ရွံ့ မဝံ့မရဲဖြစ်နေမှုများ လွင့်ပြယ်သွားပြီး နှလုံးစိတ်ဝမ်း အေးချမ်းရွှင်ပျစွာဖြင့် တရားတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆက်လက်နာကြား နေမိပါသည်။ တရားအဖွင့်မှာ ဟာသများ နှောသွား၍လည်း စိတ်ဓာတ် လွတ်လပ်ပေါ့ပါးသွားကြပါသည်။

မေတ္တာသုတ္တန်ထဲမှ ပါဠိအချို့ကို အနက်ဖွင့်ဆို ရှင်းလင်း သွားပြီး "မေတ္တာ" အရေးကြီးပုံကို ဟောကြားတော်မူသွား သည်မှာ ရိုးရိုးစင်းစင်းနှင့် စိတ်ထဲစွဲသွားရသည်။ ဆရာတော် ဘုရားကြီးသည် အရပ်ဌာန၊ အရပ်ဒေသအားလျော်စွာ လူစဉ်ကြည့်၍ လျော်ညီသောတရားဓမ္မမျိုးကို လိုက်လျော ညီထွေစွာ ဟောကြားတတ်ပြီး ကြားနာသူအားလုံး နားစွဲ အောင် ဟောကြားလေ့ရှိကြောင်း ဟောပြီးတရားခွေများမှ တစ်ဆင့် ကြားနာရဖူးသည်မှာ မှန်ပေစွ။ ဆရာတော် ဘုရား

ကြီး၏ တရားတော်ကိုနာကြားရင်း လန်းဆန်းတက်ကြွ ကြည်နူးနေမိသည်။ ကျွန်တော်နှင့်အတူ တရားနာ ပရိသတ် အားလုံးသည်လည်း တရားတော်ထဲမှာပင် အာရုံစိုက်နစ်ပြီး ကြည်နူးနေသည်ကို တွေ့ရသည်။

ဤတွင် ဘုရားရှင်လက်ထက် တစ်ချိန်သော အခါက မြတ်စွာဘုရားရှင်သည် နောက်ပါသံဃာ ငါးရာတို့နှင့်ဝိဒေဟ တိုင်းသို့ ဒေသစာရီ ကြွချီတော်မူလာစဉ်က "ထိမိလာ"မြို့နေ ဗြဟ္မာယု ပုဏ္ဏားကြီးက ဂေါတမဗုဒ္ဓထံ ၎င်း၏ လက်ရုံး တပည့်ကြီး ဥတ္တရလုလင်အား စေလွှတ်ပြီး ဘုရားရှင်ဗုဒ္ဓ ဟုတ်,မဟုတ် အသေး စိတ်လေ့လာစုံစမ်းရန် စေလွှတ်လိုက် သည်။ ဥတ္တရလုလင်က "ဗုဒ္ဓမန္တန် မဟာပုရိသလက္ခဏာ ကျမ်း"နှင့် ညီ,မညီ ဘုရားရှင်အား သွားရောက်စုံစမ်းပြီး ပြန်လာသတင်းပို့ ပုံကို သတိရမိသည်။

ဥတ္တရလုလင်က "ဗုဒ္ဓရဲ့ အသံတော်က အင်္ဂါရှစ်ပါး ရှိပြီး ကြားရတာ အလွန်အရသာရှိပါတယ် ဆရာကြီး၊ တရားထဲမှာ ခြောက်တာ မြှောက်တာ မရှိသော်လည်း နာကြားရတဲ့သူတွေ အားလုံးဟာ လန်းဆန်းတက်ကြွပြီး ကြည်နူးနေကြရတာချည်းပဲ။ ဒီတရားပွဲလာမိတာ မှားပြီ၊ တရားကလည်း ရှည်လိုက်တာလို့ ဘယ်သူမှမဖြစ်ဘဲ အားလုံး တရားထဲမှာ အာရုံစိုက်နစ်သွားကြပါတယ်"ဟူ၏။

သီတဂူ ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဘုရားရှင် ဟော ကြားခဲ့သော "နတ္ထိဘိက္ခဝေ၊ အနမတဂ္ဂေ၊ သံသာရေ၊ အညတိပုဗ္ဗော"ကို အနက်ဖွင့်ဆို ဟောပြော သည်မှာ-

"ရဟန်းတို့၊ အစရှာမရအောင် ရှည်လျားစွာသော ဘဝသံသရာ ခရီးမှာ ဆွေမျိုးမတော်ဖူးတဲ့ ပုဂ္ဂိုလ်ရယ်လို့

မရှိဘူးရယ်လို့ နတ်တို့ဆရာ ဖြစ်တော်မူသော ဘုရားရှင်သည် ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြား တော်မူခဲ့ပါပေသတည်း"

"သာဓု-သာဓု-သာဓု"

တရားနာ ပရိသတ်ထုကြီး၏ သာဓု ခေါ်သံသည် မိုးယံ ထွင်းဖောက်လုမတတ် မြည်ဟိန်း ပျံ့သွားသည်။ ဆရာတော်ဘုရားကြီး ထပ်မံဟောကြားလိုက်မှ ပို၍ အတွေး ရှင်းသွားသည်။ ဘဝသံသရာ အဆက်ဆက်က ဆွေတော်မျိုးတော်တွေ စုံစုံညီညီဖြင့် စုံနှံသာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူ အထူးဒေသ)တွင် ကျွန်တော်တို့ စုရုံး နေထိုင်ကြပါသည်။ မြန်မာပြည် တစ်ဝန်းတွင်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများတို့ ဤအတိုင်းပင် စုရုံးနေထိုင်ကြပါသည်။ တစ်ခါတစ်ရံ စိတ်အခန့် မသင့်မှုလေးများကြောင့် ကျွန်တော်တို့ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမအချင်းချင်း မာန ပြိုင်ကြ စိတ်ဝမ်းကွဲ၍ ရန်ပွဲခင်းကာ မေတ္တာမထားနိုင်ကြသူ အချို့ ရှိကောင်းရှိနိုင်ပေလိမ့်မည်။ ထိုအခါ သံသရာအဆက်ဆက်က ပိပိဆွေမျိုးသားချင်း တော်စပ်ဖူးသူပေပဲဟု တရားနှင့် အညီ ဖြေနိုင်က ငြိမ်းအေးချမ်းသာပြီး ပြဿနာ လုံးဝ မရှိကြောင်း လောကီအတွေးဝင် ခံစားလိုက်မိသည်။

ထို့ပြင်-"လူသားဆိုတာ တစ်ယောက်ထီးတည်း နေလို့မရဘူး။ အချင်းချင်း အပြန်ပြန်အလှန်လှန် မှီပြီး နေကြရတယ်။ (အညောညနိဿိတာ)

"ကိုယ့်ရဲ့ကံစွမ်း ဉာဏ်စွမ်း ဝိရိယအစွမ်းမှ ဖြစ်လာတဲ့ ကောင်းကျိုးချမ်းသာတွေဟာ ကိုယ်ချည်းမစားဘဲနဲ့ သူတစ်ပါးတို့နှင့် ဝေစားမှ ဒီလူတွေ ကမ္ဘာမြေကြီးပေါ်မှာ

တာဝန်ကျေပွန်တယ် ခေါ်တယ်။ ဒါမှမဟုတ်ဘဲ ကိုယ်ကချည်း ယူပြီးတော့ သူတစ်ပါးအား အကျိုးကျေးဇူး မပြုရုံသာမကဘဲ ပစ်ပယ်တယ်ဆိုလို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ–ကမ္ဘာမြေကြီးနဲ့ မထိုက်တန်ဘူး"

ဆရာတော် ဘုရားကြီး၏ အေးငြိမ်းခန့်ညားသော အသံတော်နှင့် ရိုးရှင်းသောစကားလုံးဖြင့် ဟောကြားသော တရားတော်လာ အထက်ပါစကားများကြောင့် ကျွန်တော့် ရင်ထဲ ဒိန်းခနဲဖြစ်သွားပြီး အသိတရား တစ်ချက် လင်းခနဲ လက်သွားသည်။ "အဲဒီပုဂ္ဂိုလ်ဟာ ကမ္ဘာမြေကြီးနဲ့ မထိုက်တန်ဘူး"တဲ့။ လောကမှာ ကမ္ဘာမြေကြီးနှင့် မထိုက်တန်သော ဆန်ကုန်မြေလေး ပုဂ္ဂိုလ်အဖြစ် ရှိမနေသင့်၊ သူသူငါငါ ကမ္ဘာမြေကြီးနှင့် ထိုက်တန်သော ပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားနေကြ ရမည်သာတည်းဟု။

ပရိသတ်ကြီးကား တရားတော်ထဲတွင် အာရုံစိုက် ကြားနာနေသည်။ ကျွန်တော်နှင့်အတူ ထိုအသိ ဝင်လာ မည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ဆက်လက်၍–

"အားလုံးသောလူသားတွေအတွက် အကျိုး ကျေးဇူး ဖြစ်မယ့်အလုပ် လုပ်ကြပါ" (လောကတ္ထစရိယ) ရိုးစင်းစွာ ပြောခြင်းဖြစ်သော်လည်း ရှင်းလင်းထိမိစွာ ရင်တွင်းငြိတွယ် နိဝင်စိုက်နစ်သွားသည့် စကားလုံးများ ဖြစ်သည်။ လူသား တွေအတွက် အကျိုးကျေးဇူးဖြစ်မယ့် အလုပ်တွေလုပ်မှ လူပီသမည်။ အကျိုးမဲ့ အဖျက်လုပ်ငန်းများ လုပ်လျှင် လူမပီသရုံသာမက ကမ္ဘာမြေကြီးနှင့် မထိုက်တန်သူဖြစ်မည် မဟုတ်ပါလား။

တရားတော်အရှိန်က တဖြည်းဖြည်း မြင့်လာသည်။ မြတ်ပန်းဝတ်မှုန်ခန်းမဆောင်အတွင်း ငြိမ်းချမ်း ရေးမြစ်နဒီသည် အေးအေးငြိမ့်ငြိမ့်ဖြင့် မွေ့မွေ့ညင်သာ စီးဆင်းနေသည်။ ရောဟဏီမြစ် တစ်ဖက်စီတွင် နေထိုင်ကြသော ကောလိယမင်းနှင့် သာကီယမင်း ဇာတ်တော် ရုပ်လုံးပေါ်လာသည်။ မြစ်အနောက်ဘက်ကမ်းတွင် နေထိုင်ကြသော ကျွန်းတောထဲနေသော လူမျိုးဟု အဓိပ္ပာယ်ရသည့် 'သာကီယ'လူမျိုးနှင့် အရှေ့ဘက်ကမ်းတွင် နေထိုင်ကြသော ကလောပင်တောတွင် နေသော လူမျိုးဟု အဓိပ္ပာယ်ရသည့် 'ကောလိယ' လူမျိုးတို့ ရောဟိနီမြစ်ကို အခြေပြုလျက် စစ်ပွဲဆင်နွှဲရန် စစ်ပြင်နေချိန် ဗုဒ္ဓမြတ်စွာဘုရား လာရောက်ဖြန်ဖြေ တရားဟောပြခြင်းအကြောင်းတရားတော်။ ဤသည်မှာ "ငြိမ်းချမ်းရေးမြစ်နဒီ" တရားတော်၏ အမြင့်ဆုံးအပိုင်း ဖြစ်၏။ နောက်ဆုံးတွင်–

"တန်ဖိုးနည်းစွာသောရေကို အကြောင်းပြု၍ တန်ဖိုးကြီးမားစွာသော မင်းတို့ရဲ့သွေး မြေမကျအောင် စစ်ပွဲဆင်နွှဲခြင်းသည် မသင့်တော်ကြောင်းပါ မြတ်စွာဘုရား"ဟူ၍ နှစ်ဖက်စလုံးက ဝန်ခံလျှောက်ကြားပြီးငြိမ်းအေးသွားကြသည်။

ငြိမ်းချမ်းရေးမြစ်နဒီ တရားတော်ကို မြန်မာပြည် အနှံ့တိုင်းရင်းသားညီအစ်ကို မောင်နှမများထံသို့ ပျံ့နှံ့ စီးဝင်ရောက်ရှိသွားစေလိုသော ဆန္ဒဖြစ်ပေါ်လာမိသည်။ ကျွန်တော်တို့ အားလုံးသည် ဘဝများစွာ သံသရာက ဆွေမျိုးသားချင်းညီအစ်ကို မောင်နှမတော်စပ်ခဲ့ဖူးသူ ချည်းဖြစ်သည်။ ညီအစ်ကို အချင်းချင်း ခိုက်ရန်မပွား မေတ္တာထားပြီး အားလုံးသော လူသားတွေအတွက် အကျိုးဖြစ်မည့်အလုပ်၊

လောကကောင်းကျိုးကိုလုပ်ကာ ကမ္ဘာမြေကြီးနှင့် ထိုက်တန်သူများအဖြစ် ရပ်တည်သွားကြရင်း တန်ဖိုးနည်းစွာသောရေကို အကြောင်းပြု၍ တန်ဖိုးကြီးမားစွာသော လူတို့ရဲ့သွေးမြေမကျအောင် စစ်ပွဲဆင်နွှဲခြင်းများကို ရပ်တန်းက ရပ်လိုက်ကြပါစို့။ ငြိမ်းချမ်းရေးမြစ်နဒီသည် မြန်မာပြည်အနှံ့ မတန့်မနား လှည့်ပတ်စီးဆင်းနေစမ်းစေချင်ပါဘိတော့သည်။

❁ ❁ ❁

သီတဂူ ဆရာတော်ဘုရားကြီးက ငုံးမင်းနှင့်အခြွေအရံများ ညီညွတ်စဉ် ဘေးအန္တရာယ်မဖြစ်ဘဲ မညီမညွတ်ဖြစ်မှ မုဆိုး၏ပိုက်ကွန်မိကာ ပျက်စီးရသည့် "သမ္မောဒမာနဇာတ်တော်"။ ဝက်ဝံနှင့်ကြံ့ပင်စောင့် ရုက္ခစိုး နတ်မင်းတို့အကြောင်းပါ "ပန္ဒနဇာတ်တော်" တို့ကို ဆက်လက်ဟောကြားသည်။ "အညမည ဝိပါဒကာ၊ အချင်းချင်း ရန်ဖြစ်ကြမယ်ဆိုရင်တော့၊ ပရပတ္တိယာ သူတစ်ပါးအဖို့တွေချည်းသာလျှင်၊ ဘဝိဿန္တိ၊ ဖြစ်ကြပေကုန်လိမ့်မည်"တဲ့။ ဝက်ဝံနှင့်ကြံ့ပင်စောင့် ရုက္ခစိုး နတ်မင်း ရန်ဖြစ်ကုန်းချောသည့်ကြားမှာ သစ်ခုတ်သမား ကောင်းစားသွားသည့် ဥပမာကို အာဝဇ္ဇန်းရွှင်စွာ ဟောကြားသွားရာတွင်လည်း လင်းခနဲ လက်ခနဲအသိ တရားတစ်ခု ရရှိလိုက်သည်။ မိမိရင်ထဲတွင် ညီအစ်ကိုအချင်းချင်း ရန်မဖြစ်သင့်ကြပါ။ အေးအတူပူအမျှ အတူတကွ ချစ်ခင်စည်းလုံးစွာ နေထိုင်ရမည်ဖြစ်ကြောင်း အသိတစ်ခု တိုး၍ ခံစားနားလည်သွားရသည်။

ထို့နောက် ထန်းရွက်အောက်နေ ယုန်ကလေး ကမ္ဘာမြေကြီးပြိုသွားရင်တွေးတုန်း ဝုန်းခနဲ ဥသျှစ်သီးကြွေကျ၍

ကမ္ဘာပြိုပြိုဆိုပြီး တစ်တောလုံး ရုတ်ရုတ်သဲသဲ ထွက်ပြေးကြသည့် "ဒုဒ္ဒုဘဇာတ်တော်"။ ဤတွင်လည်း ဆရာတော်ဘုရားကြီးက "မကြောက်ရွံ့သင့်သည်ကို မကြောက်ရဘူး၊ မတွေးတောသင့်သည်ကိုလည်း မတွေးရဘူး။ ကြောက်ရွံ့တဲ့သတ္တဝါ တွေကိုလည်း စောင့်ရှောက်နိုင်စွမ်း ရှိရမယ်။ အကြောင်းမဲ့ တွေးတောခြင်းဟာ ပျက်စီးခြင်းအကြောင်းပဲ" ဟူသော ဇာတ်တော်ထဲမှ ထုတ်နုတ်သည့် အာဘော်ကိုလည်း ဘဝင်ငြိသွားရပြန်ပါသည်။ ထို့ပြင်–

"ရန်တို့သည် ရန်ချင်းမှာ တုံ့ပြန်လို့နေကြမယ်ဆိုရင် ဘယ်ခါမှ ငြိမ်းရိုးထုံးစံမရှိကြပေကုန်။ ရန်တို့သည် မေတ္တာနှင့် တုံ့ပြန်ကြမှ ငြိမ်းကြလေကုန်၏" ဟူသည် ကိုလည်း ရင်ထဲစူးနစ်ဝင်ရောက်ကာ မှတ်မှတ်ထင်ထင် ဖြစ်သွားရသည်။

သီတဂူဆရာတော်ဘုရားကြီးသည် **"ငြိမ်းချမ်းရေးမြစ်နဒီ"** တရားတော်ကို (၁း၄၅) နာရီမျှ ဟောကြားတော်မူသွားပါသည်။ သို့သော် ကျွန်တော့်ရင်ထဲတွင် တစ်သက်တာ တစ်ဘဝလုံးအတွက် အနှစ်ချုပ်လမ်းညွှန် ချက်များ မိန့်ကြားသွားသည်ဟုပင် မှတ်ယူမိပါသည်။ ကျွန်တော်တို့သည် မြိုင်ကြီးငူ အထူးဒေသတွင် နေထိုင်ကြပါသည်။ မြိုင်ကြီးငူ ဆရာတော်ဘုရားကို မှီခိုအားထား ကြည်ညို ကိုးကွယ်၍ အဆုံးအမဩဝါဒစကားတော်များအတိုင်း ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်သွားရန် ကြိုးစားနေသူများဖြစ်ကြပါသည်။ ယခုအခါ ကျွန်တော်တို့ အပါးဝယ် မြိုင်ကြီးငူ ဆရာတော်ဘုရား ရှိမနေတော့ဘဲ (၁၆၆၀)ရက် အဓိဋ္ဌာန်ပါရမီစခန်းကို ဝေကစာကျင့်သုံး စဉ်ဝယ် ဆရာသခင်၏ မိန့်မှာလမ်းညွှန်စကားများနှင့်အညီ နေထိုင်ရှင်သန်ရပ်တည်သွားရန် သန္နိဋ္ဌာန်ချထား

ကြပါသည်။ ယနေ့ မြတ်ပန်းဝတ်မှုန် ခန်းမဆောင် အတွင်းမှ သီတဂူဆရာတော်ဘုရားကြီး၏ **ငြိမ်းချမ်းရေးမြစ်နဒီ** တရားတော်သည်လည်း မိမိတို့မြို့ကြီးရှု ဒေသအတွင်း ဆက်လက် ရှင်သန် ရပ်တည်နေထိုင်သွားရေးအတွက် တသွင်သွင်စီးဆင်း လမ်းညွှန်နေမည့် တရားတော်မြတ်ကြီး ဖြစ်ကြောင်း မမိုတ်မသုန် ယုံကြည်နေမိပါတော့သည်။ ထို့ကြောင့်-

"သီတဂူနာမ ဆရာထေရ်ရှင်၊
ဂုဏ်တော်ရပ်ရပ် ဖြိုးလျှပ်ဝေလွှင်
အာရုံမျှော်ပြု သွန်းဆုပန်ဆင်၊
ပန်းကြာငုံ စွမ်းကုန်ဆင့်လို့ထင်
ဆန်းအာရုံ မွမ်းထုံပွင့်သို့ပင်၊
စက်ဆုံနိုး ပြည့်ဖြိုးလျှံဖြာလွှင်
လက်စုံမိုး၊ ရှိခိုးပန်ထွာဆင်။"

သီတဂူ ဆရာတော်ဘုရားကြီးအား ဆရာ "မြို့နန်းဆွေ" ရေးဖွဲ့ပူဇော်သည့် "ပြည်တော်ဝင်များ၏ ကန်တော့ပန်း" ဓမ္မဂီတ စာသားများဖြင့်ပင် ထပ်မံရှိခိုးပန်ထွာ ပူဇော်ကန်တော့အပ်ပါသတည်း။

ပကတိသော စန်းလသီတဂူသည် ကမ္ဘာသူ ကမ္ဘာသားများအား အေးမြသော အလင်းဓာတ်ကို ပေးဆောင်စမြဲဖြစ်သည်။ ဤအတူ-

စန်းလသီတဂူပမာမှုသော သီတဂူဆရာတော် ဘုရားကြီးသည် မြတ်ပန်းဝတ်မှုန် ခန်းမဆောင်တွင်းဝယ် အေးမြသော မေတ္တာဓာတ်ကို ပို့လွှတ်လျက် ငြိမ်းချမ်းရေး ဓမ္မအလင်းကို ဖြန့်ကြက်လင်းလက်စေခဲ့ပါသည်။

ထိုအလင်းပုံရိပ်များသည် ခန်းမဆောင်တွင်းမှ သည် မြိုင်ကြီးငူ တစ်ခွင်၌သာမက မြန်မာပြည်အနှံ့ ခရီးဆန့်လျက် တန့်နားမရှိ လင်းလက်ဘိပါမူ အဟောဝတ–ဩဝါဒ– ကောင်းလေစွဟု ဆန္ဒရွယ်ညွှန်း မြတ်ပတ္တနာ ပန်ထွာ သွန်းလျက်...။

**ပန်းခက်**

(ဒီကေဘီအေကိုယ်စားပြု)

မြိုင်ကြီးငူအထူးဒေသ

## သီတဂူစန်းလပမာ
## ချမ်းမြမြ သာစေသည်မှာ

ရွှန်းမြသောလရောင်အောက်ဝယ် လောကကြီးသည် သာယာလွန်းစွ ထွန်းပပနှင့် လှပတင့်တယ် လှမျိုးကြွယ် လျက် ကြည်နူးဖွယ်အတိ ရှိလှပါဘိသည်။

* * *

မဟာဓမ္မကထိကအကျော် စစ်ကိုင်းတောင်ရိုး သီတဂူ ဆရာတော်၏ ဓမ္မသဘင်ကျင်းပနိုင်ရန်အတွက် တိုက် အုပ်ဆရာတော်က ဦးဆောင်ကာ ၁–၆–၉၉ ရက်နေ့တွင် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ၄–၆–၉၉ ရက်နေ့မှာ အစစ ပြင်ဆင်ပြီးဖြစ်၍ ဆရာတော်ဘုရား ကြွရောက်တော်မူလာ မည့်အဖြစ်ကို အသင့် စောင့်ကြိုင့်လင့်နေသည်။ ယုဂန် တောင်စွန်းမှ ပေါ်ထွန်းထွက်ပြူလာမည့် စန်းလသီတဂူအား စောင့်စားမျှော်လင့်နေသကဲ့သို့ပင် ဖြစ်ပါချေသေးသည်။

၁၃၆၁–ခုနှစ်၊ နယုန်လပြည့်ကျော် (၇)ရက် (၅–၆–

၉၉) စနေနေ့ နံနက်သို့ ရောက်ခဲ့ပြီ။ ယခင်နေ့များက နေ့စဉ် မိုးရွာခဲ့သော်လည်း ယနေ့မှာကား မရွာပါလေ။ ကောင်းကင်တစ်ခွင်လုံး မိုးသားတိမ်လိပ် ကင်းစင်နေသည်။ “စနေနေ့ မိုးရွာသွန်းဖြိုး” ဟူသော စကားသည်ပင် မှားတော့ သယောင် ဖြစ်နေသည်။ ရာသီဥတု ကြည်လင်သာယာ နေသည်။ မြိုင်ကြီးငူဒေသရှိ ဒေသခံပြည်သူများသည် သီတဂူ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကြရတော့မည့်အရေးနှင့် တရားတော် နာယူရတော့မည့် အရေးကို ဆန္ဒစောစွာဖြင့် ငံ့မျှော်ကြိုလင့် နေကြသည်။ မိုးနတ်မင်းသည်လည်း အလုပ် ပိတ်ရက်အဖြစ် သတ်မှတ်ပြီး လူစုကြားထဲ သက်ဆင်းပါနေ သည်ထင့်။ သာယာသော ရာသီဥတု ဖန်တီးပေးထားကာ ဆရာတော်ဘုရား ကြွအလာကို စောင့်စားနေသည့်နှယ် ဖြစ်တော့သည်။

အထကခွဲ(မြိုင်ကြီးငူ)ကျောင်းရှိ ကျွန်မတို့ ပညာရေး ဝန်ထမ်းအားလုံး နံနက် ၈ နာရီတွင် ကျောင်းဝတ်စုံများ ဝတ်ဆင်ကာ တရားပွဲကျင်းပမည့် မြတ်ပန်းဝတ်မှုန် ခန်းမ ဆောင်သို့ လာခဲ့ကြသည်။ လာခဲ့ရာ လမ်းတစ်လျှောက် မြင်တွေ့ရသော မြင်ကွင်းက ကျွန်မ ရင်တွင်းဝယ် ဖရဏာ ပီတိ ဂွမ်းဆီထိ ဖြစ်ရပါသည်။ လမ်းတစ်ဖက်တစ်ချက်စီတွင် သာသနာ့အလံများ စီတန်းစိုက်ထူထားသည်။ ဒေသခံပြည်သူ တို့သည် ကရင်ရိုးရာ ဝတ်စုံများ ဝတ်ဆင်၍ သာသနာ့ အလံငယ်လေးများကို ကိုင်ဆောင်ဝေ့ယမ်း၍ အသင့်စောင့်ကြို နေကြသည်။ သာသနာ့ပန်းပွင့်ကြီးငယ်များ စုစည်းပွင့်လန်း လျက်ရှိသော သာသနာ့ပန်းခင်းကြီး လေအနေ့ာတွင် လှုးလွင့် နေသည့်နှယ် မြင်တွေ့ရသည်။ ကြည်နူးမဆုံး ဖြစ်ရပါသေး

တော့သည်။

အချိန်တန်သော်လည်း ဆရာတော်ဘုရားကား ကြွတော် မမူလာချေသေး။ စုရုံး ရောက်ရှိနေသော ပရိသတ်မှာ ဆရာတော်ဘုရားအား ဖူးတွေ့ချင်သော စိတ်ဆန္ဒ၊ တရား နာယူလိုသော အာသီသတို့က ကိုယ်စီ ရင်တွင်းဝယ် ပြင်းပြစွာ ဖြစ်ပေါ်လျက်ရှိသည်။ ကုန်လွန်ခဲ့သော အချိန်ကို နှေးလွန်းပေစွဟု အားမလိုအားမရ ဖြစ်နေမိသည်။ ထမင်း မစားခဲ့ရသေးသည်မို့ ဝမ်းမီးက အစာတောင်းနေပြီ။ ဆာလည်းဆာပါသည်။ သို့သော် မကြာမီ ဖူးတွေ့ရတော့မည် ဟူသောအသိ၊ နာကြားရတော့မည်ဟူသော အသိတို့က ဆာလောင်မွတ်သိပ်မှုကို မေ့ပျောက်ထားစေနိုင်ခဲ့သည်။ ဤမျှ စိတ်အားထက်သန်လျက် ရှိနေသည်။

နေ့လယ် (၁၁း၃၀) နာရီတွင် သီတဂူဆရာတော် ဘုရားကြီးသည် ခန်းမဆောင်ရှေ့သို့ ရောက်ရှိလာသည်။ အသင့်စောင့်ကြိုနေသူတို့က ထီးဖြူတော်နှစ်လက်ကို ဝဲယာ ဆောင်းမိုးကာ ခေတ္တသီတင်းသုံးတော်မူမည့် စင်မြင့်ဆီသို့ ပင့်ဆောင်လာကြသည်။ ပရိသတ်များသည် ဆရာတော် ဘုရား ကြွလှမ်းလာမည့် မင်းလမ်းတစ်ဖက်စီမှ ရိုကျိုးစွာ လက်စုံမိုး၍ ရှိခိုးကြိုဆို ပူဇော်ကြသည်။ စင်မြင့်ပေါ်သို့ ရောက်ရှိပြီး ခဏအကြာတွင် နေ့ဆွမ်းဘုဉ်းပေးတော်မူပါ သည်။ ဆွမ်းဘုဉ်းပေးနေစဉ် မြိုင်ကြီးငူ ဓမ္မစကြာအဖွဲ့သူ (၂၅၀)ကျော်တို့က ဓမ္မစကြာဒေသနာတော်ကို သံပြိုင်ညီညာ စွာ ရွတ်ဆိုပူဇော်ကြသည်။ နားဝင်ပီယံ ရှိလှပါဘိသည်။ ပရိသတ်များသည် ဓမ္မစကြာဒေသနာတော်ကို ငြိမ်သက်စွာ နာယူရင်း ဆရာတော် ဘုရားကြီးအား ဖူးမြော်ကြည်ညိုလျက်

ရှိနေကြသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် (၆၃)နှစ်၊ ဝါတော်(၄၃)ဝါရှိပြီးဖြစ်၍ ရင့်ကျက်သော ဣန္ဒြေတော် ဖြင့် အလွန်ခန့်ထည်စွာ ကြည်ညိုဖွယ်ကောင်းလှပေသည်။ ဓမ္မ ဒေသနာကို မွန်းလွဲ (၁း၄၅)နာရီတွင် စတင် ဟောကြား ချီးမြှင့်သည်။ အောင်မြင်ခံ့ညားသော အသံတော်မှာ မေတ္တာသံ အပြည့် ပါရှိကြောင်း သတိပြုမိသည်။ တရားကို နာကြား နေစဉ် စုံနှံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူဒေသ)ကို အဘက် ဘက်မှ ခေတ်မီတိုးတက်စေရန် ဘာသာရေး၊ သာသနာရေး၊ လူမှုရေးကအစ အုတ်မြစ်ချကာ တည်ဆောက်ပေးခဲ့သော ကျေးဇူးတော်ရှင် မြိုင်ကြီးငူဆရာတော်ဘုရားအား သတိတရ ရှိလှပါသည်။ ဓမ္မသဘင်သို့ ကြွလာစေချင်သည်။ သီတဂူနှင့် မြိုင်ကြီးငူ ဆရာတော်နှစ်ပါးအား အတူယှဉ်လျက် သီတင်း သုံးနေ သည့်အဖြစ်ကို ဖူးတွေ့လိုသောဆန္ဒ ဖြစ်ပေါ်မိသေး သည်။ သို့သော် ပေးအပ်လာသော လက်ရှိအခြေအနေသည် အကောင်းဆုံးပင်ဟု နှလုံးသွင်းဖြေသိမ့်ရင်း ဟောကြားသော တရားတော်ထဲမှာ စိတ်ကို တည်တံ့အောင် စုစည်းထား လိုက်ပါသည်။

* * *

သီတဂူဆရာတော်ဘုရားကြီး ဟောကြားချီးမြှင့်သော တရားတော်ကို နာကြားရသည့်တွင်–

"ပညာရှိတို့ကဲ့ရဲ့မှုသည် တစ်သံသရာလုံး နစ်နာ၍ လူမိုက်တို့၏ ကဲ့ရဲ့မှုမှာ တစိုးစိမျှ ထိခိုက်မှုမရှိကြောင်း"

ဟောကြားချက်ကို အလေးထား မှတ်သားထားလိုက် သည်။ "အားလုံးသောလူသားတွေအတွက် အကျိုး ကျေးဇူးဖြစ်မယ့် အလုပ်ကိုလုပ်ကြပါ"ဟူသော ဟောကြားချက်ကိုလည်း မမေ့ထားသင့်သော ဗုဒ္ဓလမ်းစဉ်အဖြစ် သိမှတ်ရပါသည်။ လောကတ္ထစရိယဆိုသည့် ချစ်သူ မုန်းသူ မည်သူကိုမျှ မခွဲခြားဘဲ လူတိုင်း ကောင်းကျိုး ချမ်းသာအတွက် ဖြစ်မြောက်အောင် ဆောင်ရွက်သင့်ကြောင်း သင်ခန်းစာကို ရရှိပြန်ပါသည်။ ဗုဒ္ဓလမ်းစဉ်အတိုင်း လိုက်နိုင်ရန် ကြိုးစားမည်ဟုလည်း စိတ်ထဲ တေးမှတ်ထားလိုက်ပါသည်။

ဆက်လက် ဟောကြားရာမှာ ရောဟဏီမြစ်ရေကို အကြောင်းပြု၍ စစ်ခင်းကြတော့မည့် ဆွေတော်မျိုးတော်တို့အား မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူသော ဇာတ်တော်များကို ကြားနာရသည်တွင် သင်ခန်းစာတွေ တစ်လှေကြီးရရှိလိုက်ပြန်ပါသည်။

ရောဟဏီမြစ်သည် "သာကီယ" "ကောလိယ" မင်းမျိုးနှစ်မျိုးတို့၏ တိုင်းပြည်အကြားတွင် တည်ရှိသည်။ မြစ်ရေသည် ဟိမဝန္တာတောင်ရှိ ဆီးနှင်းခဲများ အရည်ပျော်ရာမှ အစပြုခဲ့သည်မို့ အေးချမ်းလွန်းလှသည်။ သို့သော် ကမ်းနှစ်ဖက်မှာ နေထိုင်ကြသူတို့ကား မအေးချမ်းကြ။ သာကီယ၊ ကောလိယ မင်းမျိုးနှစ်မျိုးတို့ မြစ်ရေကို အကြောင်းပြု၍ စစ်ခင်းရန်စီစဉ်နေကြသည်။ မြတ်စွာဘုရား ကြွရောက်တော်မူလာပြီး မြစ်အထက် ကောင်းကင်ယံမှ နေကာ နှစ်ဖက်မင်းဆွေမင်းမျိုးတို့အား–

"တန်ဖိုးနည်းလှသည့်ရေကို အကြောင်းပြုပြီးတန်ဖိုးကြီးလှသည့် လူတို့၏သွေး မြေကျရသည်မှာ သင့်တော်၏

လော”ဟု မေးတော်မူသည်။ ထို့နောက် ဆွေတော် မျိုးတော်တို့အား ရန်ငြိမ်းကြောင်းနှင့် ညီညွတ်ကြောင်း အဖြစ်ဇာတ်တော်ငါးခုဖြင့် ဟောကြားဆုံးမတော်မူသည်။ ဆွေတော်မျိုးတော်တို့သည်စစ်မခင်းကြတော့ဘဲ ငြိမ်းအေးသွားသောကြောင့် ရောဟဏီမြစ်ကို “ငြိမ်းချမ်းရေးမြစ်” ဖြစ်ကြောင်း ညွှန်းဆိုပြခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဇာတ်တော်များကို စီစဉ်ကာ နာကြားရလေတိုင်း ကျွန်မအဖို့ အသိဉာဏ်တွေ တစ်ခုပြီး တစ်ခု ရရှိခဲ့ပါသည်။

## ပထမရှေးဦးဟောကြားသောရုက္ခဓမ္မဇာတ်တော်

ဘုရားအလောင်းတော်သည် အတိတ်ဘဝတစ်ခုတွင် ဟိမဝန္တာတောမှာ တစ်တောလုံးကို အုပ်စိုးရသည့် ရုက္ခစိုးဖြစ်ခဲ့စဉ်က ဖြစ်သည်။ မူလ ဝေဿဝဏ်နတ်မင်းကြီး ကွယ်လွန်ပြီး အသစ်ဖြစ်လာသော ဝေဿဝဏ် နတ်မင်းကြီး လက်ထက် ရုက္ခစိုးနေရာများကို နေရာပြောင်း ရွှေ့ချထားခဲ့သည်။ ထိုအခါ ဘုရားအလောင်း ရုက္ခစိုးက မိမိအုပ်ချုပ်ရသော ရုက္ခစိုးများအား “သစ်ပင်တွေမှာ နေရာယူကြရင် တစ်ပင်နှင့်တစ်ပင် ကျပ်ပိတ်စွာ ပေါက်နေတဲ့ သစ်ပင်တွေမှာ နေရာယူဖို့နှင့် မြို့နီးရွာနီးက အထီးတည်းသော သစ်ပင်တွေမှာ နေရာမယူမိကြစေ ရန်” ဩဝါဒပေးသည်။ ဩဝါဒအတိုင်း လိုက်နာသော ရုက္ခစိုးများမှာ ပျက်စီးမှုနှင့် မကြုံကြရဘဲ ဩဝါဒအတိုင်း မလိုက်နာမူ၍ မြို့နီး ရွာနီး ထီးထီးချည်းသော သစ်ပင်တွေမှာ နေရာယူကြသည့် ရုက္ခစိုးများသာ လေမုန်တိုင်း ကျသောအခါတွင် ပျက်စီးမှုနှင့် ကြုံရကြောင်း ဟောကြားတော်မူသည်။

ဤဇာတ်တော် ဒေသနာကို နာကြားရခြင်းဖြင့် “သစ်ပင်တို့၏သဘောသည် တစ်ပင်တည်းနေခြင်းဖြင့် အင်အားမရှိ၊ တစ်ပင်နှင့်တစ်ပင်မှီ၍ ပေါက်မှသာ ခွန်အားရှိသည်”ကို ထောက်၍ လူသားအချင်းချင်းလည်း တစ်ဦးကိုတစ်ဦး မှီခိုကျေးဇူးပြုသင့်ကြောင်း အသိတစ်ခု ရရှိလိုက်ပါသည်။ တစ်ချိန်တည်းမှာပင် အဆိုတော် မာမာအေး၏ ‘ပင်ချင်းယှက်၍ နွယ်ချင်းခက်သော်’ သီချင်းကို ‘ဖျတ်’ခနဲ သတိရမိလိုက်သေးသည်။ ဟောကြားသော ဒေသနာတော်နှင့် တစ်သဘောတည်း ကိုက်ညီနေသောကြောင့်တည်း။

## ဒုတိယဟောတော်မူသောသမ္မောဒမာနဇာတ်တော်

ဘုရားအလောင်း ငုံးမင်းဖြစ်စဉ် ဘဝတစ်ခုမှာ ငုံးအကောင် တစ်သောင်းကို အုပ်ချုပ်လျက် ငုံးအပေါင်းအား “ကောင်းကင်မှာ ထပ်ပျံရင် အကောင်တစ်သောင်းလုံး တညီတည်းပျံကြ။ ဆင်းရင်လဲ ခြေထောက်တွေအားလုံးမြေပြင်မှာ တညီတည်းကျရမယ်”ဟု ဩဝါဒပေးထားခဲ့သည်။ ဩဝါဒပေးထားသည့်အတိုင်းလိုက်နာစဉ်က ဘေးကင်းခဲ့သော်လည်း တစ်နေ့တွင် ငုံးတစ်ကောင်၏ မညီညွတ်မှုကြောင့် အချင်းချင်း ခိုက်ရန်ဖြစ်နေစဉ် မုဆိုး၏ ပိုက်အောက်သို့ ကျရောက်သွားခဲ့ရသည်။ ဤသို့ ညီညွတ်မှုမရှိဘဲ အချင်းချင်း ခိုက်ရန်ဖြစ်ပွားနေပါလျှင် ငုံးအကောင်တစ်သောင်းလုံးမှာ မုဆိုး၏ အစာဖြစ်ခဲ့ရကြောင်း ဟောပြတော်မူသည်။

မုဆိုးအစာမဖြစ်ရအောင် ကျွန်မတို့တစ်တွေလည်း အချင်းချင်း ဝမ်းမြောက် ဝမ်းသာစွာ ညီညီညွတ်ညွတ် နေသင့်ကြောင်း အသိတစ်ခုတိုးရပြန်ပါသည်။

## တတိယဟောပြတော်မူသည့် ဖန္ဒနဇာတ်တော်

ဘုရားအလောင်းတော်သည် ဘဝတစ်ခုက ဟိမဝန္တာတောမှာ တစ်တောလုံးကို အုပ်စိုးသည့် ရုက္ခစိုးဖြစ်စဉ်က ဖြစ်သည်။ ကြို့ပင်တစ်ပင်မှာ ရုက္ခစိုးတစ်ဦး ရှိနေခဲ့သည်။ ဝက်ဝံတစ်ကောင်မှာ အစာစားပြီးတိုင်း ယင်းကြို့ပင်ရိပ်တွင် အစဉ်နားခိုနေလေ့ရှိသည်။ တစ်နေ့မှာ ဝက်ဝံ အိပ်စက်နားနေစဉ် သဘာဝအတိုင်း ကြို့ကိုင်း ခြောက်တစ်ခုကျိုး၍ ဝက်ဝံအပေါ် ကျခဲ့သည်။ ဝက်ဝံ စိတ်ထဲမှာ "ငါအေးအေးဆေးဆေး ကြို့ပင်ရိပ်မှာ အိပ်နေတာကို ကြို့ပင်စောင့်နတ်က မနာလိုလို့"ဟူသော အတွေးမှား (Wrong Thinking) ရှိသွားသည်။ ဝက်ဝံသည် ကြို့ပင်ကို ဖျက်ဆီးပစ်ရန် ကြံစည်သည်။ ထိုစဉ် လှမ်းလုပ်ရန် သစ်ခုတ်လာသော သစ်ခုတ်သမားအား "ကြို့သားသည် လှည်းလုပ်ရန်အကောင်းဆုံး"ဟု ပြော သည်။ သစ်ခုတ်သမား ကြို့ပင်ကို ခုတ်နေစဉ်နေရာ ပျောက်ရတော့မည့် ရုက္ခစိုးက သစ်ခုတ်သမားအား "လှည်းကွပ်ရန် ဝက်ဝံသားရေက အကောင်းဆုံး"ဟု ပြောပြသည်။ သို့နှင့် သစ်ခုတ်သမားသည် ကြို့ပင်ကို လှဲ၍ ဝက်ဝံကို သတ်လိုက်သည်။ အချင်းချင်း ရန်ဖြစ်ကြသဖြင့် ဝက်ဝံနှင့် ကြို့ပင်စောင့်နတ်တို့ ပျက်စီးသွားသည်။ ကြားလူ သစ်ခုတ်သမား ကောင်းစားသွားသည်တဲ့။ ဟောပြတော်မူသည်။

ဝိဝိမိုနိုရာ အရိပ်အာဝါသကို မဖျက်ဆီးသင့်ကြောင်း အသိတစ်မျိုး တိုးသွားရပြန်သည်။

စတုတ္ထတရားတော်ဖြစ်သည့်ပထဝီဥန္ဒြိယဇာတ်တော်

ဘုရားရှင်သည် အလောင်းတော် ဘဝ တစ်ခုမှာ ဟိမဝန္တာတွင် ကေသရရာဇာ ခြင်္သေ့မင်း ဖြစ်ခဲ့သည်။ ယုန်တစ်ကောင်သည် ထန်းပင်ပေါက် ထန်းရွက်ခြောက် အောက်၌ အစာစားနေတုန်း "ကမ္ဘာမြေကြီးပြိုသွားရင်" ဟူသော အတွေးတွေးနေစဉ် ဉသျှစ်သီးတစ်လုံး ထန်းရွက် ခြောက်ပေါ်သို့ ကြွေကျသည်။ ယုန်သည် မိမိ တွေးနေသည့် အတိုင်း ကမ္ဘာမြေကြီး ပြိုကျပြီဟု အထင်ရောက်ကာ ပြေးလေသည်။ ယုန်ပြေးသည်ကိုမြင်သော ယုန်အုပ်၊ ဆိတ်အုပ်၊ ဝက်အုပ်၊ နွားအုပ်၊ ကျွဲအုပ်၊ ခြင်္သေ့အုပ်၊ ဆင်အုပ်တို့လည်း လိုက်ပြေးကြသည်။ ပင်လယ်ကမ်းနဖူးသို့ တိုင်ရောက်သွားသည်။ ထိုအဖြစ်ကို ဘုရားလောင်းခြင်္သေ့မင်း မြင်ပြီး ဟန့်တား၍ ကမ္ဘာ မြေကြီးပြိုခြင်းမဟုတ်ကြောင်း လက်တွေ့ကျကျ ရှင်းပြလိုက်သည်။ သတ္တဝါအားလုံး ချမ်းသာရာရခဲ့ကြသည်တဲ့။

ဤဇာတ်တော်ကို နာကြားရာတွင် ဆရာတော်ဘုရား မိန့်ကြားတော်မူသည့်အတိုင်း 'ခြင်္သေ့စိတ်မွေးကာ မကြောက်ဖို့ သင့်သည်ကို မကြောက်ရန်၊ မတွေးတောသင့်သည်ကို မတွေး တောရန်' ဟူသောသင်ခန်းစာကို ကျေနပ်စွာလက်ခံမှတ်သား ထားလိုက်ရပြန်ပါသည်။ ယင်းအပြင် အကြောင်းမဟုတ် သည်ကို ဇီဇာချဲ့၍ အတွေးခေါင်ခြင်းဖြင့် မိမိအပါအဝင် မိမိ ပတ်ဝန်းကျင်ပါ ထိခိုက်တတ်သဖြင့် ဆင်ခြင်သင့်ကြောင်း အသိတရားတစ်ခုကို ထပ်မံတိုးပွားရရှိခဲ့ပြန်ပါသည်။

သီတဂူဆရာတော်ဘုရားကြီးသည် ဘုရားရှင် ဟော တော်မူခဲ့သော ဇာတ်တော်ငါးခုအနက် အချိန်မရတော့ သဖြင့်

ဇာတ်တော်လေးခုဖြင့်ပင် ဓမ္မကထာကို နိဂုံးချုပ်လိုက်ပါသည်။ ယနေ့ ဟောကြားသော "ငြိမ်းချမ်းရေး မြစ်နဒီ" တရားတော်တွင် သိမှတ်စရာ၊ အတုယူစရာများ ပြည့်နေပါသည်။ တကယ်လိုက်နာကျင့်သုံးလျှင် တကယ့်ကို အကျိုးရှိသည့် လက်တွေ့ကျသော တရားများချည်း ဖြစ်နေပါသည်။

ကမ္ဘာကျော် မဟာဓမ္မကထိက အကျော်အမော် ဆရာတော် ပီသစွာ ဟောပြောရာတွင် ခေတ်အမြင်၊ ခေတ်စနစ်အလိုက် ဒေသနှင့် လျော်ညီသော အတွေးအခေါ်များဖြင့် ဟောကြားတော်မူပါသည်။ ထို့အပြင် အတွေးမှန် (Right Thinking)၊ အတွေးမှား (Wrong Thinking)နှင့် Unity ဆိုသော၊ Strength စသော စကားလုံးများကိုလည်း သာမန်လူများ နားလည်အောင် ကွဲပြားရှင်းလင်းစွာ ပိုင်ပိုင်နိုင်နိုင် ဟောပြခြင်းဖြင့် ဆရာတော်ဘုရားကြီး၏ သီတဂူ စန်းလဟူသော ရွှန်းမြမြရောင်ခြည်ကို မြိုင်ကြီးငူဒေသဝယ် အစဉ်ထွန်းပစေရန် ညွှန်းပြ ခဲ့ပါလေပြီကောဟူ၍ အားရရှင်လန်းသော ပီတိပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီးဖြင့် သာဓုနမော် အခါခါ ခေါ်ဆိုမိရပါတော့သည်။

* * *

လောကကြီးသည် သာယာလွန်းစွ ထွန်းပပနှင့် လှပကင့်တယ်သော စန်းလသီတဂူ၏ ရွှန်းမြမြရောင်ခြည်အောက်ဝယ် လှမျိုးကြွယ်လျက် ကြည်နူးဖွယ်အတိ ဖြစ်နေဘိသို့နှယ်ပါတကား။

**ဆွေးဆွေးအေး**

အထကခွဲ ( မြိုင်ကြီးငူ )

# မေတ္တာဖျန်း၍ လန်းရသည်မှာ

**ပညာရေးဝန်ထမ်းတစ်ဦး**
**(အထကခွဲ၊ မြို့ငကြီး)**

မိုးကာလအခါသမယ၌ ဖြစ်သည်။

"ကမ္ဘာကျော် မဟာဓမ္မကထိက အကျော်အမော် ဖြစ်သည့် စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော်ဘုရားကြီး သည် စုံနံ့သာမြိုင်ဆွေမြို့တော်တွင် တရားဓမ္မများ ဟောကြား ချီးမြှင့်မည်" ဟူသော သတင်းစကားကြောင့် တစ်ကြိမ် တစ်ခါမျှ မဖြစ်ပေါ်ဖူးသော ပီတိလှိုင်းတစ်ခု လှုပ်ခတ်မှုကို ခံစားမိလိုက်ရသည်။

"သီတဂူဆရာတော်ဘုရားကြီး"ကား နိုင်ငံအသီးသီး ကမ္ဘာအရပ်ရပ် လှည့်လည်၍ တရားဓမ္မများ ဟောကြား ချီးမြှင့်ပြီး သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် ထူးခြားသော ဆရာတော် ဘုရားကြီးတစ်ပါး ဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ တရားတော်ကို ရဟန်းရှင်လူ မည်သူ မဆို လူကြီး၊ လူလတ်၊ လူငယ် မရွေး နှစ်သက်သဘောကျ ကြသည်။ အရပ်ဌာန၊ အရပ်ဒေသအားလျော်စွာ လူစဉ် ကြည့်၍ လျော်ညီသော တရားဓမ္မမျိုးကိုလိုက်လျောညီထွေစွာ

ဟောကြားတတ် သည်။ ခေတ်အတွေးအမြင်၊ ခေတ်အသုံး အနှုန်းဖြင့် ကြားနာသူအားလုံး နားစွဲအောင် ဟောကြားလေ့ ရှိသည် စသည်ဖြင့် ဆရာတော်ဘုရားကြီး၏ ထူးကဲသော ဂုဏ်သတင်းများကို မဖူးမြင်ရသေးခင်ကပင် ဦးစွာသိရှိ ကြည်ညိုပြီးဖြစ်သည်။

ဆရာတော် ဘုရားကြီး၏ အချို့သော တရားတော် များကိုလည်း ကက်ဆက် တိပ်ခွေသားများမှ တစ်ဆင့် နာကြားခဲ့ရဖူးသည်။ သို့သော် ဤအရပ်ဒေသ၊ ဤဌာန၊ ဤအချိန်ကာလ၌ ဤသို့ ဖူးမြော် ကြည်ညိုခွင့်ရရှိပြီး ဤနယ်သော တရားဓမ္မများ နာကြားရလိမ့်မည်ဟူသော အတွေးများ တစ်ချက်မျှ မပေါ်ဖူးခဲ့ပေ။ အိပ်မက်သော်မျှ မမက်ဖူးသေးခဲ့။

ယခုမူ ဆရာတော်ဘုရားကြီးအား မျက်မြင်ဒိဋ္ဌ စက္ခုပသာဒဖြင့် ကိုယ်တိုင်ဖူးမြော်ကြည်ညိုခွင့် ရပေတော့ မည်။ ဆရာတော်ဘုရားကြီး ဟောကြားတော်မူမည့် တရား ဒေသနာတော်ကို လေဒြပ်သား ကြားခံနယ် အနည်းငယ်မျှ ခြား၍ သောတပသာဒမှ တစ်ဆင့် ဇာတိဏ္ဍသဒ္ဒါရုံအဖြစ်ဖြင့် တိုက်ရိုက်နာကြားခွင့်ရရှိ ပေတော့မည်။ တစ်ခါမျှ မဖြစ်ပေါ် မခံစားဖူးသော သောမနဿဝေဒနာတစ်ခု ရင်တွင်းဝယ် လှိုင်းပုံ့တင် ဖြစ်ပေါ်ခံစားလိုက်ရသည်။

ဆွေတော် မျိုးတော်အပေါင်း အားသစ်လောင်း၍ စုပေါင်းနေထိုင်ကြသော "စုံနံ့သာမြိုင်ဆွေမြို့တော်-မြိုင်ကြီးငူ" သာသနာ့နယ်မြေ၌ တာဝန် ထမ်းဆောင်ခဲ့သည်မှာ လေး နှစ်တာကာလရှိခဲ့ပြီ။ သက်သတ်လွတ်စားခြင်းဖြင့် ရသာရုံကို အလိုနည်းစေနိုင်ခဲ့သည်။ ဗုဒ္ဓ ဘာသာယဉ်ကျေးမှု သင်တန်း

များ၊ ဓမ္မစကြာသင်တန်း၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်သင်တန်းများ တက်ရောက်သင် ကြားနိုင်ခဲ့သည်။ နိုင်ငံ့ ဝန်သာမက သာသနာ့ဝန်ကိုပါ ထမ်းဆောင်ခွင့်ရခဲ့သည်။ ဥပုသ်နေ့ညတို့၌ တရားထူး၊ တရားမြတ်များ နာကြားခွင့်ရခဲ့သည်။ ဤသို့သော ဂုဏ်ကျေးဇူးတို့ကြောင့် ဤအရပ်ဒေသသည် ကျွန်ုပ်အတွက် "ပဋိရူပ"ဒေသအရပ်ပင် ဖြစ်ပေတော့သည်။

ယခုတွင်လည်း စစ်ကိုင်း၊ စစ်ကိုင်းတောင်ရိုး၊ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်၌ သီတင်းသုံးတော်မူသည့် သာသနာပြု "သီတဂူ ဆရာတော်ဘုရားကြီး" သည် ငြိမ်းချမ်းရေး ပန်းပွင့်များဖြင့် ပွင့်လန်းဝေဆာနေသော "မြို့ကြီးငူ အထူးဒေသ" သာသနာ့ နယ်မြေသို့ ဓမ္မခရီးစဉ်အဖြစ် ကြွချီ၍ ငြိမ်းချမ်းရေး တရား ဓမ္မများဟောကြား ချီးမြှင့်ဦးမည်။ ဆရာတော်ဘုရားကြီးအား ပူဇော်ကန်တော့ ရခြင်းနှင့် ဟောကြားတော်မူမည့် တရား တော်များကို နာကြားရခြင်းတည်းဟူသော ဓမ္မသာဝန ကောင်းမှုကုသိုလ်များကို ဆည်းပူးခွင့်ရရှိဦးမည် ဖြစ်ပေသည်။

သီတဂူ ဆရာတော်ဘုရားကြီးသည် လောကတ္ထ စရိယကို ကျင့်လေ့ရှိသည်နှင့်အညီ "မြို့ကြီးငူ အထူး ဒေသ"ရှိ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အဖွဲ့အစည်းဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြို့ကြီးငူရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများ အစရှိကုန်သော ဆွေတော်မျိုးတော် အပေါင်းတို့၏ ကိုယ်စိတ် နှစ်ဖြာ ဘေးရန်ကင်းကွာ၍ အေးချမ်းသာယာစေကြောင်း အလို့ငှာ မေတ္တာနှလုံး ရှင်ကြည်သုံး၍ တရားရေအေး တိုက်ကျွေးတော့မည် ဖြစ်ပါသည်။

ဆရာတော် ဘုရားကြီးမှာ သက်တော်အားဖြင့် (၆၃)နှစ်၊ ဝါတော်အားဖြင့် (၃၄)ဝါ ရှိပြီဖြစ်သော်လည်း အိုစာလှသည်မဟုတ်သေးပါ။ ကားလမ်း ခရီးကြမ်းတွင် အမြန်မောင်း၍ ကြွလှမ်းခဲ့ရသော်လည်း ပင်ပန်းနွမ်းနယ်ခြင်း အလျှင်းမရှိပေ။ ပကတိရွှင်လန်း၍ ကျန်းမာ တက်ကြွလျက်ပင် ရှိနေလေသည်။ ဤသို့ ကြမ်းတမ်းသော ခရီးလမ်းကို ဖြတ်သန်းခဲ့ရသော်လည်း မမောပန်းရခြင်းမှာ ဆရာတော်ဘုရား၏ သီလတန်ခိုးအစွမ်းကြောင့်ပင် ဖြစ်မည်ထင်ပါသည်။

မှတ်မှတ်ရရပင်ဖြစ်သည်။ သီတဂူဆရာတော် ဘုရားကြီး၏ တရားဦးကို စတင်နာကြားဖူးသည်မှာ "ကိုယ်ကျင့်တရား" ဟူသော တရားခွေလေးပင် ဖြစ်သည်။ ထိုတရားတော်၌ ဆရာတော်ဘုရား ဟောကြားတော်မူခဲ့သည့် "CHARACTER IS POWER" ကိုယ်ကျင့်တရားသည် တန်ခိုးသာဖြစ် ကြောင်းကို အစဉ်အမြဲ နားထဲစွဲနေမိသည်။ ထို့ပြင် "နေပူ မိုးရွာထဲတွင် ထီးကိုင်စွဲသောသူသည် ထိုသူကိုင်စွဲသောထီးက ထိုသူအား နေမပူ၊ မိုးမရွာအောင် စောင့်ရှောက်သကဲ့သို့ ကိုယ်ကျင့်တရား ကောင်းသောသူသည် ထိုသူကျင့်သောတရားက ထိုသူအား စောင့်ရှောက်၏" ဟူ၍ ထိုတရားတော်၌ နာကြားခဲ့ရဖူးသည်။

တိုက်ဆိုင်မှုကြောင့်လေလား၊ ဆရာတော်ဘုရားကြီး၏ ကိုယ်ကျင့်သီလ တန်ခိုးကြောင့်ပင်လား မဝေခွဲတတ်ပါ။ ဆရာတော်ဘုရား မကြွလာမီ နေ့ရက်များတွင် မိုးများရွာသွန်းပြီး မြိုင်ကြီးငူဒေသမှ လှမ်းမျှော်ကြည့်လျှင် အရပ်ရှစ်မျက်နှာတစ်ခွင်တစ်ပြင်လုံး၌ အုံ့ဆိုင်းနေတတ်သည်။

ဆရာတော်ဘုရား ကြွလာ၍ တရားဓမ္မများ ဟောကြားတော်မူမည့်နေ့၌ မိုးမင်းကြီးသည် ထူးထူး ခြားခြားပင် ကိုယ်ရောင်ဖျောက်၍ နေမင်းကြီးအသွင် ဖန်ဆင်းပြီး မြိုင်ကြီးငူဒေသတစ်ခုလုံးနှင့် ဆရာတော်ဘုရား ကြွလာရာ ခရီးတစ်လျှောက်လုံးအား အလင်းဓာတ်ပေး၍ သာသနာ့ရောင်ဝါ ထွန်းလင်းပြောင်စေရန်အတွက် ဆရာတော်ဘုရားကြီး၏ ခရီးဦးကိုကြိုဆို နေလေတော့သည်။ ဆရာတော်ဘုရား ကြွလာမည့်လမ်း ဘေးဝဲယာ တစ်ဖက်စီတွင်လည်း ရောင်ခြည်တော်အထိမ်းအမှတ် သင်္ကေတပါသော သာသနာ့ အလံတော်များက ဝါယောဓာတ်၏ ကူညီပံ့ပိုးမှုဖြင့် ဝေဟင်၌ လွင့်ပျံလျက် ဆရာတော်ဘုရားကြီးအား ဝမ်းမြောက်ရွှင်လန်းစွာကြိုဆိုပင့်ဆောင်နေကြလေသည်။

သီတဂူဆရာတော်ဘုရားကြီး မြိုင်ကြီးငူအရပ်သို့ရောက်ရှိချိန်၌ ဒေသစံတော်ချိန်မှာ နေ့လယ် (၁၁း၃၀) နာရီမျှရှိပြီဖြစ်သည်။ ဆရာတော်ဘုရားကြီးသည် အရပ်ခပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းဖြစ်၍ ခန္ဓာကိုယ်မှာ ကျန်းမာသန်စွမ်းပြီး ကြီးမားခန့်ထည်သည်။ အသားအရေမှာ စိုပြည်၍အနည်းငယ် အညိုဖက်သည်။ မျက်လုံးတော်မှာ စူးရှတောက်ပြောင်၍ အသံတော်မှာ ကြည်လင်ပြတ်သားပြီးဩဇာတိက္ကမ ထက်မြက်လှသည်။

ဆရာတော် ဘုရားကြီးသည် တရားသဘင်ပွဲကျင်းပရာ မြတ်ပန်းဝတ်မှုန် ခန်းမဆောင်၏ တရားသဘင်စင်မြင့်ဆီသို့ ရောက်ရှိသည်နှင့် ထောင်သောင်းမက များပြားလှစွာသော ရပ်နီးရပ်ဝေးမှ တရားနာပရိသတ်များ၊ ဒီ၊ ကေ၊ ဘီ၊ အေ အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊

ဒေသခံတိုင်းရင်းသားများနှင့် မြိုင်ကြီးငူ ဓမ္မစကြာအဖွဲ့ဝင်များက ဆရာတော်ဘုရားကြီးအား အခြားသော အရပ်ဒေသများနှင့်မတူ တစ်မူထူးခြားစွာပင် တစ်ပြိုင်တည်းဖြင့် ညီညာဖြဖြ ပူဇော်ကန်တော့ကြပါသည်။

ဆရာတော်ဘုရားကြီး ခေတ္တအပန်းဖြေပြီးနောက် နေ့လယ်ဆွမ်းဘုဉ်းပေးစဉ်တွင် မြိုင်ကြီးငူ ဓမ္မစကြာအဖွဲ့မှ ဓမ္မစက္ကပဝတ္တနသုတ်ကို သံပြိုင်ညီညာစွာ ရွတ်ဆိုပူဇော်ကြသည်။ နှစ်သက်အားရဖွယ်ပင်ဖြစ်သည်။ ထို့နောက် သီတဂူဆရာတော်ဘုရားကြီးအား ရည်စူး၍ ဆရာကြီး "မြိုင်နန်းဆွေ" ရေးဖွဲ့ပူဇော်ထားသော ဓမ္မဂီတိကဗျာကို အဆိုတော် "နန်းကြော့သူဇာခိုင်"နှင့် (၂၅) ဦးသော ဓမ္မစကြာအဖွဲ့သူများက တစ်လှည့်စီ သီကျူးရွတ်ဆိုပူဇော်ကြသည်မှာ သန္တရသပြည့်ဝလွန်းလှသည်။

ဆရာတော်ဘုရားကြီးက ဓမ္မသဘင် အစပဏာမ အဖွင့်ဂါထာတော်ကို ရွတ်ဆိုပြီးလျှင် တရားနာပရိသတ်တို့အား မေတ္တာပို့ကဗျာများကို တိုင်ကြား၍ မေတ္တာပို့စေသည်။ "၁၃၆၁–ခုနှစ်၊ နယုန်လပြည့်ကျော် (၇)ရက် နေ့လယ်ခင်းကာလ ၁ နာရီ ၁၅မိနစ်အချိန်မှစတင်ကာ ကရင်ပြည်နယ် မြိုင်ကြီးငူစခန်းရှိရာ မြိုင်ကြီးငူ ဆရာ တော်ရဲ့ တပည့် ဒကာ ဒကာမတို့အား ဘုန်းကြီးတို့ လာရောက်မေတ္တာထားပြီးတော့ မေတ္တာပွားမယ့် ဓမ္မသဘင်ကို ယခုအခါ မေတ္တာ အာသီသ၊ မေတ္တာ ပတ္ထာနာနဲ့ စတင်ဖွင့်လှစ်ပါပြီ" ဟု၍ မိန့်ကြားတော်မူကာ တရားတော်ကို ဟောကြားချီးမြှင့်ခဲ့လေသည်။

ဆရာတော်ဘုရားကြီး တိုင်ကြားပေးတော်မူသော–

- ကိုယ်၊ စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာကြပါစေ။
- မေတ္တာ၊ နှလုံးကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။
- မေတ္တာရန်သူဒေါသမူ အပူကင်းပါစေ။
- မေတ္တာရေချမ်း ကိုယ်စီဖျန်း အေးချမ်းကြပါစေ။
- ခန္တီ[illegible]ရန်၊ လောကဓံ တွန်းလှန်နိုင်ပါစေ။
- ခန္တီနှလုံးအစဉ်သုံး ရွှင်ပြုံးကြပါစေ။
- တို့မေတ္တာ စွမ်းကမ္ဘာလွှမ်း ငြိမ်းချမ်း ကြပါစေ။

ဟူသော မေတ္တာပို့ ပုံတင်သံတို့သည် မြတ်ပန်းဝတ်မှုန် ခန်းမဆောင်ကို ဗဟိုပြု၍ ဝဲ၊ ယာ၊ ရှေ့၊ နောက်၊ ထက်၊ အောက် ယူဇနာ များစွာတိုင် လှိုင်းခတ်သွားလိမ့်မည် ထင်သည်။

ဆက်လက်၍ ဆရာတော်ဘုရားကြီးက "ဓမ္မသဘင်ပွဲသို့ အားခဲ၍လာကြကုန်သော တရားချစ်ခင် သူတော်စင်အပေါင်းတို့နှင့်တကွ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာမှာရှိကြကုန်သော အနန္တသတ္တဝါတွေ ဘေးရန်ကင်းပါစေ။ ဆင်းရဲကင်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ" ဟူ၍ မေတ္တာဓာတ်များကို ဖြန့်ဝေလိုက် ပြန်ပါသည်။

ဆရာတော်ဘုရားကြီးက မေတ္တာဓာတ်များ ဖြန့်ဝေပြီး ဓမ္မသဘင်ကို ဖွင့်လှစ်ချိန်တွင် (၁း၃၀) နာရီ ကျော်ပြီဖြစ်သည်။ သည်တွင် အချို့သော တရားနာ ပရိသတ်တို့မှာ ထမင်း မစားရသေးကြောင်း ကြားသိရလျှင် ဆရာတော်ဘုရားကြီးက

"ဟောဒီတရားပွဲမှာ ထမင်းမစားရသေးတဲ့လူတွေ တော်တော်များနေတယ်လို့ ဘုန်းကြီး ဒီလိုပဲယုံကြည်တယ်။ အဲဒီတော့ ဒီလိုလုပ်ရင် မကောင်းဘူးလား၊ အားလုံး ထမင်းပြန်စားကြပါဦးလား။ ဘုန်းကြီးက အိပ်ပြီးစောင့်နေမယ်၊ ဘုန်းကြီးက စားပြီးတော့ အိပ်ချင်နေတာကိုး၊ ပရိသတ်လဲ မစားရသေးတော့ အိပ်ချင်နေမှာပါပဲ"ဟု ဟာသသဘော နှော၍ မြွက်ကြားလိုက်ရာ ဆာလောင်ငိုက်မျဉ်းစပြုနေသော ပရိသတ်တို့မှာ မဆာနိုင်၊ မငိုက်နိုင်တော့ဘဲ ရယ်မောလိုက်ရလေတော့သည်။

ကောသလတိုင်း ဘုရင်ကြီး "ပသေနဒီ ကောသလမင်း" အကြောင်း ဟောတော်မူရာ တရားနာပရိသတ်တို့မှာ ဆာသော၊ ငိုက်သောဝေဒနာများ ပို၍ပင် ပပျောက်သွားလေတော့သည်။ ၎င်းနောက် ဆရာတော် ဘုရားကြီးက ဓမ္မဆေးဖြင့် ဆက်လက်တိုက်ကျွေးလိုက်ပြန်ရာ တရားနာပရိသတ်တို့မှာ ထိုတဒင်္ဂအတွင်း ဝေဒနာ ခပ်သိမ်း ချုပ်ငြိမ်းကုန်ကြလေတော့သည်။

တစ်ဆက်တည်းမှာပင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဆေးဆရာနှင့်တူ၍ ဘုရားဟော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာသုံးပုံသည် ဆေးညွှန်း ကျမ်းနှင့်တူပြီး ကျင့်သုံးဆောက်တည်အပ်သည့် သီလ၊ သမာဓိ၊ ပညာတို့သည် ဆေးကောင်းဝါးကောင်းနှင့် တူ၏။ ထို့ကြောင့် "ဘုရား"တည်းဟူသော ဆေးဆရာကို မှီခိုပြီး "ပိဋကတ်သုံးပုံ" ဆေးအညွှန်းကို နာနာဖတ်၍ "သီလ၊ သမာဓိ၊ ပညာ" ဟူသော ဆေးကို ကောင်းစွာမှီဝဲစားသုံးပါက ရောဂါ၊ ဝေဒနာအလုံးစုံတို့ ပျောက်ကင်း ချုပ်ငြိမ်းစေနိုင်ကြောင်းကို

ဘုရားသာသနာတော်၏ ထူးခြားသော လက္ခဏာတော် တစ်ရပ်အဖြစ် ထည့်သွင်း ဟောကြားတော်မူခဲ့ပါသည်။

ဆက်လက်၍ ဩဝါဒကထာ မြွက်ကြားတော်မူသည်မှာ “လောက၌ အကြင်မကောင်းမှု တစ်စုံတစ်ခုကို ပြုမိပါက တစ်ပါးသော ပညာရှိတို့သည် ကဲ့ရဲ့စွပ်စွဲတတ်ကြကုန်၏။ ထို့ကြောင့် ထိုသို့သော သဘောရှိသည့် ပညာရှိသူတော်ကောင်းတို့၏ ကဲ့ရဲ့ဖွယ်ကောင်းမည့် မကောင်းမှုမျိုးတို့ကို သေးငယ်သော အမှုကလေးပင် ဖြစ်လင့်ကစား အနည်းငယ်သော်မှ မည်သည့်နည်းနှင့်မျှ မလွန်ကျူးကြရန်နှင့် လူဆိုးလူမိုက်တို့ ကဲ့ရဲ့လျှင် ထိခိုက် နစ်နာမှုမရှိသော်လည်း ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့ပါက တစ်ဘဝမက ဘဝသံသရာအထိပါ နစ်နာတတ် ကြောင်း”ကို မေတ္တာရှေ့ထား ကရုဏာတော်ပွား၍ ဟောကြားဆုံးမတော်မူလေသည်။

ဆွေမျိုးမိတ်သင်္ဂဟနှင့် စပ်လျဉ်း၍ “အစရှာမရအောင် ရှည်လျားစွာသော ဘဝသံသရာခရီးမှာ ဆွေမျိုးမတော်ဖူးသော ပုဂ္ဂိုလ်ရယ်လို့မရှိ” ဟူသော တရားတော်ကို ဟောကြားတော်မူလိုက်စဉ်မှာပင် လျှပ်တစ်ပြက် အတွေးတစ်ခုဝင်လာမိသည်။ “ငယ်စဉ်တောင်ကျေး ဘဝမှ လူ့ဘဝလေးပုံတစ်ပုံထိ ကြီးပြင်းဖြတ်သန်းလာခဲ့ရာတွင် မိမိနေထိုင်ရာမြို့ရွာဒေသမှလွဲ၍ အခြား မည်သည့်အရပ်ဌာနမှ သွားရောက်နေထိုင်လည်ပတ်ဖူး ခြင်းမရှိခဲ့။ “မြိုင်ကြီးငူအထူးဒေသဖြစ်လာသည်မှစ၍ ယခုအချိန်ထိ တာဝန်ထမ်းဆောင်နေရခြင်းမှာ ဘဝဟောင်းမှ ညီအစ်ကို၊ မောင်နှမ၊ ဘိုးဘွားမိဘနှင့်

ဆွေမျိုး သင်္ဂဟများသည် ဤအရပ်ဒေသ၌ ရှိနေခြင်းကြောင့် သာ ဖြစ်ပေလိမ့်မည်”ဟူ၍––။

သီတဂူဆရာတော်ဘုရားကြီးသည် အရပ်ဒေသနှင့် လျော်ညီစွာသော ရက္ခဓမ္မဇာတ်တော်၊ သမ္မောဒမာန ဇာတ်တော်၊ ဖန္ဒနဇာတ်တော်၊ ပထဝီဥန္ဒြိယဇာတ်တော် တို့ကို မေတ္တာသံပုံ့တင်ထပ်စေလျက် အောင်မြင်ခဲ့ညားစွာမောပန်း ခြင်း အလျှင်းမရှိ သက်သောင့်သက်သာ ဟောပြောတော် မူသည်။ ပထဝီဥန္ဒြိယ ဇာတ်တော်အပြီးတွင် အချိန်အားဖြင့် ညနေ (၄း၀၀) နာရီထိုးခါနီးပြီ ဖြစ်၍ တရားပွဲကိုလည်း ဘားအံမြို့၌ ဆက်လက်ဟော ကြားရဦးမည်ဖြစ်သောကြောင့် ၎င်းဇာတ်တော်တို့ကို ပြန်ပေါင်း၍ အနှစ်ချုပ်ဟောကြားပြီး သတ္တဝါအနန္တ တို့အား မေတ္တာပို့အမျှဝေကာ ငြိမ်းချမ်းရေး ဓမ္မကထာကို နိဂုံးချုပ်ခဲ့ပါသည်။

ဆရာတော် ဘုရားကြီး တိုက်ကျွေးလိုက်သော ငြိမ်းချမ်းရေးဓမ္မဆေး၏ ထက်မြက်သော အာနိသင်ကြောင့် အချို့သော ဓမ္မသဘင်ပွဲတို့၌ ရံဖန်ရံခါ ငိုက်မျဉ်း တတ်သော ဝေဒနာတစ်ရပ် ခံစားဖြစ်ပေါ်တတ်ကြသည့် ဝေဒနာသည် တို့သည်ပင် ဤတရားပွဲတော်၌ စ၊ လယ်၊ ဆုံးသည့်တိုင် မည်သည့်ရောဂါလက္ခဏာမှ တစ်ဦး တစ်ယောက်သော်မျှ မဖြစ်ပေါ်ကြကြောင်း သတိပြုမိ သည်။ တရားနာပရိသတ် တို့၏ မျက်နှာအသီးသီးသည် နေအရုဏ်ကို ငုံ့လင့်နေသော ပန်းပွင့်လေးများ နေရောင် ဝါကို ပြည့်ဝစွာရရှိသောကြောင့် တောက်ပသော အရောင်အသွေးများဖြင့် လန်းဆန်း ဝေဆာ သည့် ရွှေရောင်ဝင်းသည် ပန်းခင်းကြီးအသွင် ဝင်းပနေလေ သည်။

သီတဂူ ဆရာတော်ဘုရားကြီး၏ နေရောင်ပမာ ထွန်းပြောင်၍ လရောင်ကဲ့သို့ အေးမြလှသော မေတ္တာ ဓာတ်ဖြင့် ပက်ဖျန်းမှုကြောင့် မြိုင်ကြီးငူငြိမ်းချမ်းရေး နယ်မြေ မှာ ပို၍ပင် အေးချမ်းသွားပါသည်။ သို့ဖြစ်၍ နောင် အခါသင့်၍ အခွင့်သာခဲ့ပါက ဆရာတော်ဘုရားကြီး၏ ငြိမ်းချမ်းရေး တရားဓမ္မများကို နာကြားချင်လှပါသေးကြောင်း ကောင်းသောမနသိဇောအစဉ် မှီခဲ့ရပါပေသည်။

(ခင်မ)
ပညာရေးဝန်ထမ်းတစ်ဦး
(အထကခွဲ၊ မြိုင်ကြီးငူ)

# ဝဇ္ဇေဝန္ဒာမိ ရှိခိုးပါ၏ဘုရား

(၁)

ပြိုးတဲ့မျက်နှာ
အမုန်းမရှိ...
အေးမြနဒီ
ပူသည်မရှိ...
ထွန်းပလင်းရောင်
အမှောင်မရှိ...
အမှောင်သိပ်သည်း
ပိန်းပိတ်ဆီးလည်း၊ မြို့ငင်ကြီးငွေရှင်
လင်းရောင်တင်နိုး၊ မျှော်ကိုးထွန်းညို
စွမ်းအားရှိစ၊ ထွန်းလင်းစတွင်
သီတဂူစန်း၊ လရောင်လွှမ်းကာ
ကျူဖြည့်ပါသည်၊ သာသနာဆီမီး
ထိန်ညီးဝေဖြာ မြင်ရပါသည်
စိတ်ကြည်ချမ်းမြ၊ သည်ကာလမှာ
ဝန္ဒေ ဝန္ဒာ ရှိခိုးပါသည်။

(၂)

**အရာဝတ္ထုတိုင်းတွင် သမိုင်းရှိသည်။**
**ထိုသမိုင်းသည် ရိုင်းသောသမိုင်း။**
**ယဉ်သောသမိုင်း။**
**စက်ဆုပ်မုန်းတီးဖွယ်ကောင်းသောသမိုင်း။**
**တုန်လှုပ်ချောက်ချားဖွယ်ကောင်းသောသမိုင်း။**
**ညင်သာအေးချမ်းဖွယ်ကောင်းသောသမိုင်း။**

အစရှိသည်ဖြင့် သမိုင်းအမျိုးမျိုးနှင့် ကမ္ဘည်းထိုးတတ်ကြသည်။

အမှန်မှာ သမိုင်းသည် သူ့အလိုလို ဖြစ်ပေါ်လာသောအရာမဟုတ်ပေ။ လူတို့၏ လှုပ်ရှားဆောင်ရွက်ကျင့်ကြံအားထုတ်ရာမှ ထင်ဟပ်ကျန်ရှိနေခဲ့သော မှတ်တိုင်များသာ ဖြစ်ပါသည်။

ဟိုး...အရင်...အရင်

ဟိုး...ရှေးရှေးတုန်းက

ဟိုး...ယခင်က...စသည့် ကာလများ၏ အရိပ်အရောင်တို့သည် ဘာသာ... သာသနာ ထွန်းလင်းတောက်ပခဲ့ပါသည်ဟူသောအချက်ကို ဘယ်လိုမှငြင်းပယ်လို့ရမည်မဟုတ်ပါ။ မြို့ကြီးငှသည် ကရင်ပြည်နယ်ထဲမှ နေရာတစ်နေရာဖြစ်သည်။ ကရင်ပြည်နယ်၏ အဓိက နှလုံးလမ်းကြောင်းဖြစ်သည်။

သို့ရာတွင် ကရင်ပြည်နယ်သည် ယခင်သမိုင်းများထဲကပင် ဘာသာ သာသနာရှိသည်။ ယဉ်ကျေးမှုထွန်းကားခဲ့သည်။ ရောင့်ရဲတင်းတိမ်လွယ်သည်။ လောဘ မောဟများရှားပါးသည်။ ရာထူးဂုဏ်ရှိန်အတွက် ဘယ်တော့မှ လောဘ

မရှိခဲ့ပါ။ ဤသည်တို့ကို တစ်စချင်း တစ်ခုချင်း ရှင်းလင်း ကြည့်နိုင်ပါသည်။

သံလွင်မြစ်ကို ကရင်လို ဟိုးလောကလို (ဘုရား ဆက်တိုက်ရှိသောချောင်း)ဟု ကရင်ဘာသာဖြင့် ခေါ်တွင် ခဲ့သည်ကပင် ဒီနေရာ ဒီအရပ် ဒီဒေသတစ်ခွင်လိုလို ဘာသာတရား၊ သာသနာများ ရှိခဲ့သည်ဟူသော အချက်မှာ သိသာထင်ရှားလာပါသည်။

ကရင်ဖားစည်သံသည် တက်ကြွဖွယ် မင်္ဂလာအား အင်သံဟု တင်စားရမည်ဖြစ်၏။ တိုင်းရင်းသားပေါင်းစုံတို့၏ တူရိယာတေးသံထဲတွင် အသွက်လက်ဆုံး အတက်ကြွဆုံး အကသီချင်းသည် ကရင်ရိုးရာ ဒုံးအကနှင့် ဖားစည်သံတို့ ဖြစ်သည်မှာလည်း ငြင်းချက်ထုတ်၍ မရပါ။ ထို့ကြောင့် နိုင်မာသော ယဉ်ကျေးမှုရှိခဲ့ပါသည်။

ဘယ်အခါမှ မောက်မာခြင်းမရှိ သူများ၏အလိုကို ဖြည့်တတ်ခြင်း၊ သည်းခံခွင့်လွှတ်တတ်သော စိတ်၊ တာဝန်ကို တာဝန်လိုသိတတ်သောစိတ်တို့သည် ကရင် အမျိုးသား အမျိုးသမီးတို့၏ သူနာပြုအတတ်ပညာ၊ အများသူငါကို ကူညီစောင့်ရှောက်တတ်သော အိမ်တွင်းမှု ဘဏ္ဍာစိုး အတတ် ပညာတို့တွင် ကိုယ်ကျိုးစွန့် စောင့်ရှောက် ထိန်းသိမ်းတတ် ခြင်းသည် မျက်ဝါးထင်ထင် ရှိချေသည်။ ရာထူးမမက်၊ အကြွားမမက်သည်ကတော့ မိမိ၏ရပ်၊ မိမိ၏ရွာကိုမှအပ တစ်မြို့နယ်လုံး တစ်တိုင်း ပြည်လုံးဟူသည် အာဏာမမက်။ သူကြီး၊ စော်ကဲဘဝဖြင့်သာ ရပ်တည်ခဲ့ခြင်းက ထင်ရှားလှ သော လောဘနည်းမှုပင်ဖြစ်သည်။ ဤသို့ ချစ်စရာ ကောင်းသော၊ ရိုးသားသန့်ရှင်းသော၊ ဘာသာသာသနာ

ထွန်းလင်းခဲ့သော သမိုင်းအရပ်ရပ်တို့သည် ကရင်ပြည်နယ် တစ်ခု လုံးမှာရှိခဲ့ပါသည်။ ကရင်ပြည်နယ်ထဲက မြိုင်ကြီးငူမှာ လည်း ရှိပါသည်။ ဤသည် သမိုင်းမှာတွင်ခဲ့မည့် တင်ခဲ့မည့် ကျန်ခဲ့မည့် သမိုင်းတစ်ခုဟုဆိုလျှင် မှားမည်မထင်ပါ။

ထိုအရာတို့သည် တစ်ချိန်ကပင် စတင်လျက် ယခု အထိ...

(၃)

၁၃၄၂ ခုနှစ်မှ စတင်ခဲ့သည့် သမိုင်းတစ်ခုရှိပါသည်။

ထို ၁၃၄၂ ခုနှစ်မတိုင်မီ နှစ်ပေါင်းတစ်ရာလောက် ဟု ဆိုပါမည်။

အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟသ်ာဆရာတော် ဘုရား ကြီး၏ ဆရာတော်ကြီး ဖြစ်တော်မူသော မင်းတံဆိပ်ရ တစ်ကျိပ်နှစ်ပါးသော သာသနာပြုအဖွဲ့ဝင် မန္တလေး ငါးဆူ တိုက် ဆရာတော်ဘုရားကြီး သက်တော်(၈၀) အရွယ်တွင် မိန့်ကြားခဲ့ဖူးသော နှုတ်မြွက်တော် စကားတစ်ခွန်းရှိခဲ့သည်။ ယင်းစကားမှာ...

"ကျုပ် ရဟန်းငယ်ဘဝက စစ်ကိုင်းတောင်ရိုးတစ်ခု လုံးဟာ ဧရာဝတီမြစ်ကြီးရဲ့ နံဘေး ခံ့ခံ့ညားညား ရှိခဲ့သော် လည်း ရေအခက်အခဲရှိတယ်။ တစ်ညနေတော့ အဖော် ဦးပဉ္ဇင်းတစ်ပါးနဲ့ ပုညရှင်တောင်ဘက် ကြွသွားရင်း ငွေသံ ကြားချောင်းလို့ ခေါ်တဲ့နေရာမှာ သက်ကြီး ရွယ်အိုဘုန်းတော် ကြီးတစ်ပါးနဲ့ တွေ့လို့ ဝင်ရောက်ဖူးမြော် ကန်တော့ခဲ့ပါတယ်။ အဲဒီလိုကန်တော့ရင်းနဲ့ အဲဒီ ဘုန်းတော်ကြီးက ဘာမိန့်သလဲ ဆိုတော့ "မောင်ပဉ္ဇင်းတို့ နောင်တစ်ချိန်မှာ ဧရာဝတီမြစ်

ကြီးဟာ ဟောဒီစစ်ကိုင်း တောင်ရိုးပေါ်ကို အသွားအပြန် စီးဆင်းလိမ့်မယ်ကွ၊ မှတ်ထား''လို့ ပြောဖူးတယ်။

အဲဒီ ပုဗ္ဗနိမိတ်ကို ရှေးဟောင်း ဆရာတော် ဘုရားကြီး ဆီကတစ်ဆင့် ကြားခဲ့ရတဲ့ အရှင်ဉာဏိဿရဆိုတဲ့ ပုဂ္ဂိုလ် ကျော်ဟာ ၁၃၄၂ခုနှစ်မှာ

ဩဝါဒါစရိယဆရာတော် ၈ ပါး

အနုပါလက ဆရာတော် ၇ ပါး

ဦးဆောင်ဆရာတော် ၄ ပါး

ကပ္ပိယ ကာရက ၂၄ ယောက်

တို့ဖြင့် စစ်ကိုင်းတောင်ရိုးပေါ်မှာ အစုန်အဆန် ရောမြစ် အသွင် ဖန်တီးမှု စခဲ့ပါသည်။

မှန်ပါသည်။

သဒ္ဓမ္မသီတဂူချောင် သီတဂူဆရာတော် အရှင် ဉာဏိဿရ ဟူသည့် ရေစင်ကြည်အေးတို့ စီးဆင်း စေသူ။

အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဉာဏိဿရ

(ဝါ)

ငွဲ–လုံ့လ–ဝီရိယ ကြီးမားလှစွာသော အာရဒ္ဓ ဝီရိယ သာသနာ့အာဇာနည် ဟူသော ပုဂ္ဂိုလ်ကျော်မြတ် ကြီးအား

**ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏ဘုရား။**

(၄)

ချစ်စရာကောင်းသော

အေးချမ်းလှသော

ဤဒွာနေ ဤဒွာနဟူသည့် ကရင်ပြည်နယ် ဒေါန တောင်တစ်ရိုး သံလွင်မြစ်တစ်လျှောက်တွင် တစ်ချိန်သော

ကာလက သာသနာ့ဆိမ်မီး ငြိမ်းချမ်းရေး တန်ဆောင် ချစ်ကြည်ရေး အလင်းရောင်တို့သည် ငြိမ်းခဲ့မှောင်ခဲ့ရသည်မှာ နှစ်အတော်ကြာခဲ့ပါသည်။

ဤသည်ကို-

အမျိုးကိုချစ်သော

သာသနာကိုစောင့်ရှောက်သော

ဘေးရန်အပေါင်းကို ငြိမ်းချမ်းအေးမြကင်းကွာပ လျက် ထွန်းလင်းစေချင်သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်တစ်ပါး ဖြစ်သည့် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇန သို့မဟုတ် သာသနာ့ဆိမ်မီးငြိမ်းချမ်းရေးအလင်း ရောင်တို့အား ပြန်လည် ထွန်းညှိသူ မေတ္တာ ကရုဏာရှင် ဆရာတော်ဘုရားအား **ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏ဘုရား။**

(၅)

ယခုအခါ

မှန်ပါသည်။

ရေသီတာတို့ ရှင်သန်စီးဆင်းစေသူသည် အလင်း ရောင်ကို ပြန်လည်ထွန်းညှိလေသူအား ကူညီပံ့ပိုးသည်။

ဝီရိယ ဘုန်းတော်ရှင် နှစ်ပါး၏ နှလုံးသားချင်း ဆုံစည်းသည့် ဤကာလသည် ၁၃၆၀ ခုနှစ်၊ နယုန် ပြည့်ကျော် (၇) ရက် ၅-၆-၉၉ (စနေနေ့) တွင် အေးမြ ထွန်းပခဲ့ပါပြီ။

တစ်ပါးသည် ကမ္ဘာသိ မြန်မာသိ ဓမ္မကို ဖြန့်ဝေသည့် ဓမ္မကထိက ဆရာတော်။

တစ်ပါးသည် ဓမ္မကို စောင့်ရှောက်မည့် ထွန်းတောက် ရန် ရည်သန်အားထုတ် ကြိုးပမ်းနေသည့် ဆရာတော်။

ယင်းဆရာတော်နှစ်ပါး၏ မေတ္တာစေတနာသည် ကရင်ပြည်နယ်တစ်ခွင်လုံး၊ မြန်မာပြည် တစ်ပြည်လုံး ထိန်ကြည်လင်းလျက် အေးချမ်းသာယာခဲ့ပါပြီ။

ဤသည်ကိုလည်း **ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏ဘုရား။**

(၆)

နောင်နှစ်ပေါင်း များစွာ ကြာမြင့်သည့်အခါ နောင်လာနောက်သားတို့၏ အသိ သမိုင်းတစ်ခုတွင် အထက်ဖော်ပြပါ သမိုင်းတို့သည် ထင်ရှားစွာ ရှိနေပါလိမ့်မည်။

ထိုအခါ ကျွန်တော်တို့သည်

ယင်းအခါ ဘုရားတပည့်တော်တို့သည်

တွင်ခဲ့မည့်၊ တင်ခဲ့မည့်၊ ကျန်ခဲ့မည့် သမိုင်းထဲတွင် ပါဝင်ခဲ့သူ တစ်ထောင့်တစ်နေရာမှာ ရှိခဲ့သည်ကို သမိုင်းတင်ခံရသူများ မဟုတ်သော်ငြား ပါဝင်ခဲ့ခွင့်ရသည့်ကိုပင်

ဘုရား, တရား, သံဃာတော်မြတ်တို့၏ တန်ခိုးအာနုဘော်တို့ကြောင့် မြန်မာနိုင်ငံတွင် လူဖြစ်ခဲ့ရခြင်း၊ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ခဲ့ရခြင်း၊ ကျေးဇူးရှင်တို့ကို သိတတ်ရိုသေမြတ်နိုးတတ်ခြင်း၊ အမျိုးကို ချစ်တတ်ခြင်းစသော အသိတရားတို့ကို ရခဲ့ပါသည်။

ဤမှန်သော ဘဝကြောင့် ကျေးဇူးရှင်အပေါင်းကို **ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏ဘုရား။**

**ဒကာလှိုင်**

သီတဂူဆရာတော်ဘုရား

၏

# ငြိမ်းချမ်းရေးမြစ်နှင့်

တရားတော်

( မြစ်ကြီး [illegible] )



မြင်နန်းစဆွ

(မှတ်တမ်းတင်သည်)